(၉) ဗြဟ္မဝိဟာရ နိဒ္ဒေသ - ဗြဟ္မဝိဟာရကို အကျယ်ပြဆိုချက်

၁။ မေတ္တာပွားပုံ အဖွင့်

(၂၄၀) အနုသယတိကမ္မဋ္ဌာန်း အခြားမဲ့၌ အကျဉ်းခေါင်းစဉ်အနေဖြင့် ပြထားခဲ့ပြီးသော (၁) မေတ္တာ, (၂) ကရုဏာ, (၃) မုဒိတာ, (၄) ဥပေက္ခာ ဟူသော ဤလေးပါးသော ဗြဟ္မဝိဟာရတို့တွင် မေတ္တာကို ပွားစေခြင်းငှာ အလိုရှိသော အားထုတ်ခါစ ယောဂါဝစရပုဂ္ဂိုလ်သည် ပလိဗောဓတို့ကို ဖြတ်ပြီးနောက် ဆရာ့ထံမှ ကမ္မဋ္ဌာန်းကို သင်ယူခဲ့ပြီးလျှင် ဆွမ်းစားခြင်းကိစ္စကို ပြုပြီးသောအခါ ဆွမ်းဆီယစ်ခြင်းကို ပယ်ဖျောက်၍ ဆိတ်ငြိမ်သော အရပ် ဝယ် ကောင်းစွာ ခင်းထားသော နေရာ၌ နေသာသည့်အလျောက် ချမ်းသာစွာ ထိုင်နေလျက် ဘာဝနာမပွားမီ ရှေးဦးစွာ ဒေါသ၌အပြစ်ကိုငင်း, သည်းခံခြင်း၌ အကျိုးအာနိသင်ကိုငင်း ဆင်ခြင်အပ်ပေသည်။

အဘယ့်ကြောင့်နည်းဟူမူ- ဤမေတ္တာဘာဝနာဖြင့် ဒေါသကို ပယ်အပ်၏။ သည်းခံခြင်းဂုဏ်ကို ရယူ အပ်၏။ သို့သော် အပြစ်မမြင်ရသေးသော တစ်စုံတစ်ခုသော တရားကို ပယ်ခြင်းငှာ မစွမ်းနိုင်။ အကျိုးအာနိသင်ကို မသိရသေးသော တစ်စုံတစ်ခုသော တရားကို ရယူရန်လည်း မစွမ်းနိုင်၊ ထို့ကြောင့်ပေတည်း။ သို့ဖြစ်၍-

"ငါ့ရှင် ပရိဗိုဇ်- ဒေါသက ဖျက်ဆီးအပ်သော, ဒေါသက လွှမ်းမိုးလျက် စိတ်အားလုံးကို ဆွဲဆောင်သွား သော သူသည် သတ္တဝါကိုလည်း သတ်၏" ဤသို့ အစရှိသော သုတ်၏ အစွမ်းအားဖြင့် ဒေါသ၌ အပြစ်ကို
ရှုအပ်၏။

"ချုပ်တည်းခြင်းဟူသော (ခန္တီ) သည်းခံခြင်းသည် အမြတ်ဆုံး အကျင့်ပေတည်း။ နိဗ္ဗာန်ကို အမြတ်ဆုံး ဟူ၍ ဘုရားရှင်တို့က မိန့်ဆိုကြသည်"။

"သည်းခံခြင်းဟူသော ခွန်အားရှိသော, သည်းခံခြင်းဟူသော ခွန်အားဟူသော စစ်တပ်ရှိသော ထိုပုဂ္ဂိုလ်ကို 'မကောင်းမှုကို အပပြုပြီးသော ဗြာဟ္မဏ-သူမြတ်'ဟူ၍ ငါဆိုပေသည်"။

"သည်းခံခြင်းထက် သာလွန်သော အကျိုးစီးပွားမည်သည် မရှိချေ" ဤသို့ အစရှိသော သုတ်တို့၏ အစွမ်း အားဖြင့် သည်းခံခြင်း၌ အကျိုးအာနိသင်ကို သိအပ်၏။

ထို့နောင် ဤဆိုခဲ့သည့်အတိုင်း မြင်ပြီးသည့် အပြစ်ရှိသော ဒေါသမှ စိတ်ကို ခွဲခွါခြင်းအကျိုးငှာ, သိအပ်ပြီး သော အကျိုးအာနိသင်ရှိသော သည်းခံခြင်းနှင့် စိတ်ကိုယှဉ်စေခြင်း အကျိုးငှာ မေတ္တာဘာဝနာကို အားထုတ်အပ် ၏။ အားထုတ်သော သူသည်လည်း ရှေးဦးကပင်လျှင် "ဤပုဂ္ဂိုလ်တို့၌ မေတ္တာကို ရှေးဦးစွာ မပွားစေအပ်။ ဤပုဂ္ဂိုလ်တို့၌ လုံးဝ မပွားစေအပ်" ဟူ၍ ဘာဝနာကို ပျက်စေတတ်သော ပုဂ္ဂိုလ်တို့ကို သိအပ်ကုန်၏။

ရှေးဦးစွာ မေတ္တာမပွားသင့်သော ပုဂ္ဂိုလ်

ချဲ့၍ ပြပါအံ့- (၁) မချစ်အပ်သော-မုန်းအပ်သော ပုဂ္ဂိုလ်, (၂) အလွန် ချစ်အပ်သော ပုဂ္ဂိုလ်, (၃) မချစ်မမုန်း အလယ်အလတ် ပုဂ္ဂိုလ်, (၄) ရန်သူပုဂ္ဂိုလ် ဟူသော ဤလေးဦးသော ပုဂ္ဂိုလ်တို့၌ ဤမေတ္တာကို ရှေးဦးစွာ မပွားစေအပ်ပေ။ လိင်အသွင် ကွဲပြားသော ပုဂ္ဂိုလ်၌ သီးသန့် အပိုင်းအခြားအားဖြင့် မပွားစေအပ်။ သေလေသော သူ၌ လုံးဝ မပွားစေအပ်။

မုန်းအပ်သောပုဂ္ဂိုလ်စသည်တို့၌ ရှေးဦးစွာ အဘယ့်ကြောင့် မပွားစေအပ်သနည်း?ဟူမူ, အဖြေကား - မုန်းအပ်သူကို ချစ်အပ်သူအရာ၌ ထားလျှင် ပင်ပမ်း၏။ အလွန်ချစ်အပ်သော သူငယ်ချင်းကို အလယ်အလတ် အရာ၌ ထားလျှင် ပင်ပန်း၏။ မှန်ပေ၏။ ထိုအလွန် ချစ်အပ်သူအား အနည်းငယ်မျှသော်လည်း ဆင်းရဲဖြစ်သည်ကို သိရလတ်သော် ငိုမည့်အခြင်းအရာသို့ ရောက်သကဲ့သို့ ဖြစ်တတ်၏။ အလယ်အလတ် ပုဂ္ဂိုလ်ကို အလေးပြုအပ်သူ အရာ၌ငင်း, ချစ်အပ်သူအရာ၌ငင်း ထားလျှင် ပင်ပန်း၏။ ရန်သူကို အောက်မေ့ ဆင်ခြင်မိသောသူအား အမျက် ထွက်ခြင်း ဖြစ်တတ်၏။ ထို့ကြောင့် မုန်းအပ်သောပုဂ္ဂိုလ် စသည်တို့၌ မေတ္တာကို ရှေးဦးစွာ မပွားစေအပ်ပေသ တည်း။

လိင်အသွင် ကွဲပြားသော ပုဂ္ဂိုလ်၌မူကား ထိုသူ တစ်ဦးတည်းကိုသာလျှင် အာရုံပြု၍ သီးသန့် အပိုင်း အခြားအားဖြင့် (၀၊) သီးသန့်ပိုင်းခြား၍ မေတ္တာကို ပွားစေသောသူအား တပ်စွဲမှု-ရာဂ ဖြစ်တတ်၏။ အမတ်၏ သားဖြစ်သော လူတစ်ယောက်သည် "အရှင်ဘုရား- အဘယ်ပုဂ္ဂိုလ်အား မေတ္တာကို ပွားစေအပ်ပါသနည်း?"ဟု ဆွမ်းခံကြွလာသော မထေရ်ကို မေးလျှောက်လေသတတ်။ မထေရ်က "ချစ်သည့်ပုဂ္ဂိုလ်၌ ပွားစေအပ်သည်"ဟု ပြောကြား၏။ ထိုအမတ်၏ သားသည် ထိုမယား၌ မေတ္တာကို ပွားစေလတ်သော် တည်ဉ့်ပတ်လုံး သူ၏ မယား ရှိရာသို့ သွားရန် နံရံနှင့် တိုးဝှေ့တိုက်ခိုက်ခြင်းကို ပြုရလေသတတ်။ ထို့ကြောင့် လိင်အသွင်ကွဲပြားသော ပုဂ္ဂိုလ်၌ သီးသန့်အားဖြင့် မေတ္တာကို မပွားစေအပ်။

သေသောသူ၌ ပွားစေလျှင်ကား အပ္ပနာသို့ မရောက်သည်သာ။ ဥပစာရသို့သော်လည်း မရောက်။ ရဟန်းငယ်တစ်ပါးသည် ဆရာကို အာရုံပြု၍ မေတ္တာကို အားထုတ်၏။ ထိုရဟန်းငယ်အား မေတ္တာသည် မဖြစ်ပဲ ရှိ၏။ ထိုရဟန်းငယ်သည် မထေရ်ကြီးတစ်ပါးထံ သွား၍ "အရှင်ဘုရား- တပည့်တော်မှာ မေတ္တာစျာန်သမာပတ်သည် ကျေပြွန်လျက် ရှိပါ၏။ သို့သော်လည်း ထိုသမာပတ်ကို ယခု မဝင်စားနိုင်ပါ။ အဘယ်အကြောင်းကြောင့် နည်း?"ဟု မေးလျှောက်၏။ မထေရ်ကြီးက "ငါ့ရှင်- အာရုံနိမိတ်ဖြစ်သူကို ရှာကြည့်ပါလေ"ဟု မိန့်ဆိုလိုက်၏။ ထိုရဟန်းငယ်သည် ရှာကြည့်လတ်သော် သူ့ဆရာ ကွယ်လွန်လေသည်၏ အဖြစ်ကို သိရ၍ အခြားပုဂ္ဂိုလ်ကို အာရုံ ပြုလျက် မေတ္တာကို ပွားစေလတ်သော် သမာပတ်သို့ ရောက်လေသတတ်။ ထို့ကြောင့် သေသောသူ၌ မပွားအပ် သည်သာတည်း။

မေတ္တာပွားပုံ

(၂၄၁) ပွားစေသင့်သည်မှာ- အလုံးစုံသောသူတို့၏ ရှေးဦးစွာ "ငါသည် ချမ်းသာလို၏၊ ဆင်းရဲကင်းလို၏ (ငါ ချမ်းသာရပါစေ၊ ဆင်းရဲ ကင်းရပါစေ)" ဟူ၍သော်ငင်း၊ "အဝေရော ဟောမိ- ငါသည် ရန်ကင်းသည် ဖြစ်လို၏ (ရန်ကင်း ရပါစေ)" ဟူ၍သော်ငင်း၊ အဗျာပဇ္ဇော ဟောမိ- စိတ်ဆင်းရဲကင်းသည် ဖြစ်လို၏ (စိတ်ဆင်းရဲ ကင်းရပါစေ)၊ အနီဃော ဟောမိ- ကိုယ်ဆင်းရဲကင်းသည် ဖြစ်လို၏ (ကိုယ်ဆင်းရဲ ကင်းရပါစေ)၊ သုခီ အတ္တာနံ ပရိဟရာမိ- ချမ်းသာနှင့် ပြည့်စုံသည်ဖြစ်၍ (ချမ်းသာစွာ) မိမိကိုယ်ကို ရွက်ဆောင်နိုင်ရပါစေ" ဟူ၍သော်ငင်း ဤပုံ ဤနည်းဖြင့် အဖန်တလဲလဲ မိမိ၌သာလျှင် ပွားစေအပ်၏။

စောဒကတက်ဖွယ်

ဤသို့ဖြစ်ပါမူ အဘိဓမ္မာပိဋကတ ဝိဘင်းပါဠိတော်၌-

"ရဟန်းတို့- အဘယ်သို့လျှင် မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ဖြန့်၍ နေသနည်း? ဥပမာ ပြရလျှင်- ချစ်အပ် မြတ်နိုးအပ်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်၍ မေတ္တာပွားရာ သကဲ့သို့ ထို့အတူပင် တစ်ခုသော အရပ်မျက်နှာ၌ အလုံးစုံကုန်သော သတ္တဝါတို့ကို မေတ္တာဖြင့် ဖြန့်၏" ဟူ၍ ဟောထားသော စကားသည်ငင်း၊

"အပိုင်းအခြား အကန့်အသတ် မရှိသောအားဖြင့် ဖြန့်သော မေတ္တာစေတောဝိမုတ္တိကို အဘယ် ငါးပါးသော အခြင်းအရာတို့ဖြင့် ပွားစေအပ်သနည်း?။

သဗ္ဗे သတ္တာ - အလုံးစုံသော သတ္တဝါတို့သည်၊

= အဝေရာ ဟောန္တု - ရန်ကင်းကြပါစေ။

= အဗျာပဇ္ဇာ ဟောန္တု - စိတ်ဆင်းရဲ ကင်းကြပါစေ။

= အနီဃာ ဟောန္တု - ကိုယ်ဆင်းရဲ ကင်းကြပါစေ။

= သုခီ အတ္တာနံ ပရိဟရန္တု - ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

သဗ္ဗေ ပါဏာ-အလုံးစုံသော အသက်ရှူသူတို့သည်...။ **သဗ္ဗေ ဘူတာ** - အလုံးစုံသော ကိုယ်ထင်ရှား ဖြစ်သူ တို့သည်...။ **သဗ္ဗေ ပုဂ္ဂလာ**-အလုံးစုံသော ပုဂ္ဂိုလ်တို့သည်...။ **သဗ္ဗေ အတ္တဘာဝပရိယာပန္နာ**-အလုံးစုံသော အတ္တဘောဌ် အတွင်းဝင်သူတို့သည်-

= အဝေရာ ဟောန္တု - ရန်ကင်းကြပါစေ။

= အဗျာပဇ္ဇာ ဟောန္တု - စိတ်ဆင်းရဲ ကင်းကြပါစေ။

= အနီဃာ ဟောန္တု - ကိုယ်ဆင်းရဲ ကင်းကြပါစေ။

= သုခီ အတ္တာနံ ပရိဟရန္တု - ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။"

ဤသို့ စသည်ဖြင့် ပဋိသမ္ဘိဒါမဂ်ဌ် ဟောထားသော စကားသည်ဌင်း၊

"အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာနှင့် ပြည့်စုံကုန်သည်ဌင်း၊ ဘေးငြိမ်းကုန်သည်ဌင်း ဖြစ်ကြပါစေ၊ ချမ်းသာနှင့် ပြည့်စုံသော ကိုယ်စိတ်ရှိကုန်သည် ဖြစ်ကြပါစေ"

ဤသို့ စသည်ဖြင့်-မေတ္တသုတ်ဌ် ဟောထားသော စကားသည်ဌင်း ဆန့်ကျင်ပါသလော?၊ ထိုပါဠိတော် သုံးရပ်တို့မှာ မိမိ၌ မေတ္တာပွားစေခြင်းကို မဟောခဲ့သည် မဟုတ်ပါလော? ဟူ၍ စောဒနာငြားအံ့။

အဖြေကားဤသို့

အဖြေကား- ထိုစကား သုံးရပ်သည်လည်း မဆန့်ကျင်ပါ။ အဘယ့်ကြောင့်နည်း? ဟူမူ-ထိုစကားသုံးရပ်ကို အပွနာစျာန်သို့ ဆောင်တတ်သော ဘာဝနာအလိုအားဖြင့် ဟောထားခြင်း ဖြစ်သောကြောင့်ဌင်း၊ ဤဝိသုဒ္ဓိမဂ်ဌ် ပြသော မိမိ၌ မေတ္တာပွားပုံ စကားကို သက်သေအဖြစ် အလိုအားဖြင့် ဆိုခြင်း ဖြစ်သောကြောင့်ဌင်း ဖြစ်ပေသည်။

မှန်ပေ၏- "ငါသည် ချမ်းသာလို၏" အစရှိသော နည်းဖြင့် မိမိ၌ မေတ္တာကို အနှစ်တရာပတ်လုံးသော်ဌင်း၊ အနှစ်တစ်ထောင် ပတ်လုံးသော်ဌင်း၊ အကယ်၍ ပွားစေကာမူ ထိုပုဂ္ဂိုလ်အား အပွနာ မဖြစ်သည်သာတည်း။ စင်စစ် သော်ကား "ငါသည် ချမ်းသာလို၏" စသည်ဖြင့် ပွားစေသောသူအား ငါသည် ဆင်းရဲကို စက်ဆုပ်လျက် ချမ်းသာကို
အလိုရှိသကဲ့သို့ဌင်း၊ အသက်ရှင်နေလိုလျက် မသေလိုသကဲ့သို့ဌင်း အခြားသတ္တဝါတို့သည်လည်း ဤအတူပင် မိမိ ကိုယ်ကို သက်သေပြု၍ (ကိုယ်ချင်းစာ၍) အခြားသတ္တဝါတို့၌ စီးပွားချမ်းသာကို လိုလားခြင်းသည် ဖြစ်ပေါ်ပေ၏။ မြတ်စွာဘုရားသည်လည်း-

"အလုံးစုံသော အရပ်မျက်နှာများသို့ စိတ်ဖြင့် လှည့်လည်၍ ရှာကြည့်သော်လည်း မိမိကိုယ်ထက် သာ၍

ချစ်အပ်သောသူကို တစ်စုံတစ်ခုသော အရပ်၌မျှ မတွေ့မြင်ရလေရာ။ မိမိမှ
တစ်ပါးသောသူတို့သည်လည်း
အသီးအသီးသော သူတို့၏ကိုယ်ကို ဤအတူပင် ချစ်အပ်ပေသည်။ ထို့ကြောင့် မိမိ၏
စည်းပွားချမ်းသာကို
အလိုရှိသောသူသည် သူတပါးကို မညှင်းဆဲရာ" (သံ၊ နိ၊ ၁၊ ၁၁၉။ ဥဒါ၊ ၄၁။) ဟူ၍-
ဟောတော်မူလျက် မိမိကိုယ်ကို သက်သေပြု၍ မေတ္တာပွားသော ဤနည်းကို ပြတော်မူအပ်ပေသည်။

ထို့နောက် ဆရာက စ၍ပွား

(၂၄၂) ထို့ကြောင့် သက်သေအဖြစ်တားရန် ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာဖြင့် ဖြန့်ပြီးလျှင် ထိုမှ အခြားမဲ့၌ မေတ္တာပွားရန် လွယ်ကူစေခြင်း အကျိုးငှာ ထိုယောဂီ၏ ချစ်အပ်, မြတ်နိုးအပ်, အလေးပြုအပ်, မေတ္တာပွားအပ်-ပွားထိုက်သော ဆရာဖြစ်စေ, ဆရာနှင့်တူမျှသူဖြစ်စေ, ဥပဇ္ဈာယ်ဖြစ်စေ, ဥပဇ္ဈာယ်နှင့် တူမျှသူဖြစ်စေ, အကြင်သူ သည် ရှိရာ၏။ ထိုပုဂ္ဂိုလ်၏ ချစ်အပ်သူ, မြတ်နိုးအပ်သူ ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော ပေးကမ်းမှု, ချစ်ဖွယ် စကားကို ပြောဆိုမှု စသည်တို့ကိုငင်း၊ အလေးပြုအပ်သူ မေတ္တာပွားအပ်သူ ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော သီလ သုတ စသည်တို့ကိုငင်း အောက်မေ့ဆင်ခြင်၍ "ဤသူတော်ကောင်း ချမ်းသာနှင့်ပြည့်စုံပါစေ, ဆင်းရဲကင်း ပါစေ" ဤသို့ အစရှိသောနည်းဖြင့် မေတ္တာကို ပွားစေအပ်၏။

ဤသို့သော ပုဂ္ဂိုလ်၌မူ အပွနာစျာန်သည် ပြီးစီးပြည့်စုံနိုင်ပေ၏။ သို့သော်လည်း ဤယောဂီရဟန်းသည် ထိုမျှဖြင့်သာ ရောင့်ရဲခြင်းသို့ မရောက်မူ၍ သီမာသမ္ဘေဒခေါ် နယ်ပယ်ပျက်ခြင်းကို ပြုလိုလျှင် ထိုမှ အခြားမဲ့၌ အလွန်ချစ်အပ်သော သူငယ်ချင်း၌ငင်း၊ ထို့နောင် အလယ်အလတ် ပုဂ္ဂိုလ်၌ငင်း၊ ထို့နောင် ရန်သူပုဂ္ဂိုလ်၌ငင်း ပွားစေအပ်၏။ ထိုသို့ ပွားစေလျှင်လည်း ချစ်အပ်, အလေးပြုအပ်သောပုဂ္ဂိုလ်, အလွန်ချစ်အပ်သော ပုဂ္ဂိုလ်, အလယ်အလတ် ချစ်အပ်သော ပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်တို့တွင် တပါးပါးသော ပုဂ္ဂိုလ်အဖို့၌ စိတ်ကို နှူးညံ့အောင် ဘာဝနာအမှု၌ ခန့်ကျန်း သန်စွမ်းအောင်ပြု၍ ထိုထို အဖို့မှ အခြားမဲ့ အခြားမဲ့၌ မေတ္တာစိတ်ကို ပွားစေအပ်၏။

အကြင်ပုဂ္ဂိုလ်မှာမူ ရန်သူပုဂ္ဂိုလ် မရှိသည်မူလည်း ဖြစ်၏။ သို့မဟုတ် ယောက်ျားမြတ်တို့၏ သဘော ရှိသောကြောင့် အကျိုးမဲ့ကို ပြုသောသူ၌သော်လည်း ရန်သူဟု အမှတ်ထားခြင်းသည်ပင် မရှိ။ ထိုသို့သော ပုဂ္ဂိုလ် သည်ကား "ငါ၏ မေတ္တာစိတ်သည် အလယ်အလတ် ပုဂ္ဂိုလ်၌ ခန့်ငြားစွာဖြစ်ပြီ။ ယခုအခါ ထိုမေတ္တာစိတ်ကို ရန်သူထံ ပို့ဆောင်အံ့"ဟု ကြောင့်ကြစိုက်ခြင်းကိုပင် မပြုအပ်တော့ပြီ။ သို့ဖြစ်၍ "အလယ်အလတ် ပုဂ္ဂိုလ်မှ နောက် ရန်သူပုဂ္ဂိုလ်၌ မေတ္တာကို ပွားစေအပ်၏"ဟု ဆိုခဲ့သော စကားမှာ ရန်သူရှိသော ယောဂီကိုရည်၍ ဆိုသော စကား ဖြစ်ပေသည်။

ရန်သူအာရုံ ထပ်ပေါ်လာလျှင်

(၂၄၃) ဆက်ဦးအံ့- ရန်သူပုဂ္ဂိုလ်၌ မေတ္တာစိတ်ကို ဆောင်ပို့သော ထိုယောဂီအား ထိုရန်သူက ပြုထားဖူးသော ပြစ်မှားမှုကို အောက်မေ့ ဆင်ခြင်မိသဖြင့် အကယ်၍ အမျက်ဒေါသဖြစ်အံ့။ သို့ဖြစ်လျှင် ဤယောဂီသည် အလေးပြုအပ်သူ အစရှိသော သုံးဦးသော ရှေးပုဂ္ဂိုလ်တို့တွင် တစ်ဦးဦးသောပုဂ္ဂိုလ်၌ အဖန်တလဲလဲ မေတ္တာစျာန်ကို ဝင်စားပြီးလျှင် ထိုမှထ၍ ထိုရန်သူပုဂ္ဂိုလ်ကို အဖန်တလဲလဲ မေတ္တာပို့ခြင်းဖြင့် အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။ ဤသို့ အားထုတ်သော်လည်း အမျက်ဒေါသသည် အကယ်၍ မငြိမ်းသေးငြားအံ့။ သို့ဖြစ်လျှင် -

ကကစူပမ ဩဝါဒ- လွှဉပမာဖြင့်ပြသော အဆုံးအမ စသည်တို့ကို လျှောက်၍ ဆင်ခြင်သောအားဖြင့် အမျက်ဒေါသကို ပယ်ခြင်းငှာ အဖန်တလဲလဲ အားထုတ်အပ်၏။

ထိုသို့ အားထုတ်ခြင်းကိုလည်း ယခုပြမည့် အခြင်းအရာအားဖြင့် မိမိကိုယ်ကို ဆုံးမလျက်သာလျှင် ပြုအပ် ပေသည်။ ဆုံးမပုံမှာ- အမျက်ဒေါသ ထွက်နေသည့် အချင်းယောက်ျား- မြတ်စွာဘုရားက အောက်ပါ ဩဝါဒစကား
များကို ဟောကြားခဲ့သည် မဟုတ်ပါလော--

"ရဟန်းတို့- ယုတ်မာသည့်အကျင့်ရှိကုန်သော သူခိုးဓမြတို့သည် အစွန်းနှစ်ဖက်၌ အရိုးတပ်ထားသော ငါးမန်းစွယ် လွှကြီးဖြင့် အင်္ဂါကြီးငယ်တို့ကို တိုက်ဖြတ်ကုန်ရာ၏။ ထိုသို့ တိုက်ဖြတ်ရာ၌သော်လည်း တိုက်
ဖြတ်ခံရသော အကြင်သူသည် အကယ်၍ စိတ်ကို ပြစ်မှားစေငြားအံ့။ ထိုသူသည် ထိုသို့ စိတ်ကို ပြစ်မှားစေခြင်းဖြင့် ငါဘုရား၏ အဆုံးအမကို လိုက်နာသူ မမည်တော့ချေ"ဟူ၍၄င်း၊ (ကကစူပမသုတ်၊ မူ-ပဏ်)

"အကြင်သူသည် အမျက်ထွက်သောသူကို တုံ့ပြန်၍ အမျက်ထွက်၏။ ထိုသူသည် ထိုတုံ့ပြန်၍ အမျက်ထွက်ခြင်းဖြင့် ပထမက အမျက်ထွက်နေသော သူထက်ပင် သာ၍ ယုတ်မာသူ ဖြစ်လေသည်။

[1] အမျက်ထွက်သော သူကို တုံ့ပြန်၍ အမျက်မထွက်ပဲ သည်းခံနိုင်သောသူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်ပေသည်။

အကြင်သူသည် သူတပါးကို ပြင်းစွာ အမျက်ထွက်နေကြောင်း သိပြီးလျှင် သတိပြုလျက် အမျက်

---

[1] ပထမ အမျက်ထွက်သောသူထက် အဘယ့်ကြောင့် သာ၍ ယုတ်မာသူဖြစ်သနည်း? ဟူမူ- သူ့ထက်ကျောအောင် ပြုခြင်းအစရှိသော ကိလေသာများသာ အစဉ်လိုက်၍ ဖြစ်ရန် တည်ရာအကြောင်း ဖြစ်သောကြောင့်ဟု ဋီကာ၌ ဆို၏။ အချို့ဆရာတို့ အလိုအားဖြင့် "အမျက်ဒေါသ ထွက်ခြင်းကို အပြစ်ရှိမှန်းသိလျက် အမျက်ထွက်သောကြောင့်"ဟု ပြဆို၏။

မထွက်ပဲ ငြိမ်းချမ်းစွာ နေ၏။ ထိုသူသည် မိမိနှင့် သူတပါး နှစ်ဦးသားလုံးတို့၏ အကျိုးကို ကျင့်သည် မည်ပေ၏။" ဟူ၍၄င်း၊ (အက္ကောသသုတ်၊ သံ၊ ၁။)

ရန်သူတို့အကြိုက် လိုက်မပြုသင့်

"ရဟန်းတို့- ရန်သူတို့ အကြိုက်ဖြစ်၍ ရန်သူတို့က ပြုအပ်-ပြုထိုက်သော ဤသဘောတရား (၇) ပါးတို့သည် အမျက်ထွက်သော မိန်းမထံသို့ဖြစ်စေ, ယောကျ်ားထံသို့ဖြစ်စေ ရောက်လာကုန်၏။

အဘယ် (၇)ပါးတို့နည်း? **(၁)** ရဟန်းတို့- ရန်သူသည် ရန်သူအား 'ဤသူသည် အဆင်းမလှ အရုပ် ဆိုးသည် ဖြစ်ပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိ၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်း? ရဟန်းတို့- ရန်သူသည် ရန်သူ၏ အဆင်းလှခြင်းကို မနှစ်သက်။ ထို့ကြောင့် ပေတည်း။ ရဟန်းတို့- အမျက် ထွက်နေသော ဤယောကျ်ားပုဂ္ဂိုလ်သည် အမျက်ဒေါသက လွှမ်းမိုးနှိပ်စက် ခံရသောကြောင့် ထိုသူသည် ကောင်းစွာ ရေချိုးပြီး၍ ကောင်းစွာ လိမ်းကျံကာ ဆံမုတ်ဆိတ်ကို သ,ပြီး၍ ဖြူစင်သော အဝတ်ကို ဝတ်ဆင်ထားသည် ဖြစ်စေကာမူ စင်စစ်အားဖြင့် ထိုသူသည် အမျက်ဒေါသ လွှမ်းမိုးခံရသောကြောင့် အဆင်းမလှ, အရုပ်ဆိုးနေသည်သာ ဖြစ်ချေသည်။ ရဟန်းတို့- ဤသည်ကား အမျက်ထွက်သော မိန်းမ ယောကျ်ားထံသို့ ရောက်လာတတ်သော ရန်သူတို့ အကြိုက်ဖြစ်၍ ရန်သူတို့က ပြုထိုက်သော ပထမ သဘောတရား ပေတည်း။

(၂) ရဟန်းတို့- တဖန် အခြားသဘောတရားကား ရန်သူသည် ရန်သူအား 'ဤသူသည် ဆင်းရဲစွာ အိပ်နေရပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိအပ်၏။ **(၃)** 'ဤသူသည် များသော အကျိုးစီးပွားနှင့် မပြည့်စုံပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိအပ်၏။ **(၄)** 'ဤသူသည် စည်းစိမ်ဥစ္စာနှင့် မပြည့်စုံပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိအပ်၏။ **(၅)** 'ဤသူသည် အခြွေအရံနှင့် မပြည့်စုံပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိအပ်၏။ **(၆)** 'ဤသူသည် မိတ်ဆွေမရှိသည် ဖြစ်ပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိအပ်၏။ **(၇)** ရဟန်းတို့- တဖန် အခြားသော သဘောတရားသည်ကား ရန်သူသည် ရန်သူအား ဤသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ သုဂတိနတ်ပြည်သို့ မရောက်ပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိအပ်၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်း? ရဟန်းတို့- ရန်သူသည် ရန်သူ၏ သုဂတိသို့ ရောက်ခြင်းဖြင့် မနှစ်သက်။ ထို့ကြောင့် ပေတည်း။

ရဟန်းတို့- အမျက်ဒေါသထွက်သော ဤယောကျ်ားပုဂ္ဂိုလ်သည် အမျက်ဒေါသက လွှမ်းမိုး နှိပ်စက်အပ်သည်ဖြစ်၍ ကိုယ်ဖြင့်- နှုတ်ဖြင့်- စိတ်ဖြင့် ဒုစရိုက်ကို ပြုကျင့်၏။ ထိုအမျက်ဒေါသ ထွက်သော သူသည် အမျက်ဒေါသ လွှမ်းမိုးခံရသောကြောင့် ကိုယ်-နှုတ်-စိတ်ဖြင့် ဒုစရိုက်ကို

ပြုကျင့်ပြီးလျှင် ခန္ဓာကိုယ် ပျက်စီးသည်မှ နောက်၌ အပါယ်ဘုံ ဒုဂ္ဂတိဘုံ ပျက်စီး၍ ကျရောက်ရာ ဝိနိပါတဘုံ[1] ငရဲဘုံသို့ ကပ်ရောက်ရချေ၏။ ရဟန်းတို့- ဤသည်ကား အမျက်ဒေါသထွက်သော မိန်းမယောက်ျားထံသို့ ရောက်လာတတ်သော ရန်သူတို့ အကြိုက်ဖြစ်၍ ရန်သူတို့က ပြုထိုက်သော သတ္တမ သဘောတရား ပေတည်း" ဟုဥင်း၊ (ကောဓနသုတ်၊ အံ၊ သတ္တကနိပါတ)

"ရဟန်းတို့- အစွန်းနှစ်ဖက်၌ မီးလောင်ထားသော, အလယ်၌ မစင်လူးနေသော သူသေကောင် ဖုတ်သည့် ထင်းကုလားသည် ရွာ၌ သစ်သားဖြင့် ပြုဖွယ်ကိစ္စကို မပြီးစေသည်သာ။ တောင်၌ သစ်သားဖြင့် ပြုဖွယ်ကိစ္စကို မပြီးစေသည်သာ ဖြစ်သကဲ့သို့ အဘိဇ္ဈာ,ဗျာပါဒ စသည် ဖြစ်ပွားနေသော ဤပုဂ္ဂိုလ်ကို ထိုထင်းကုလားနှင့် တူသည်ဟု ငါဘုရား ဆိုပေသည်" ဟူ၍ဥင်း မြတ်စွာဘုရား ဟောကြားခဲ့သည် မဟုတ်ပါလော။

ယခုအခါ ထိုအမျက်ထွက်နေသော သင်သည် ဤသို့ အမျက်ထွက်နေသောကြောင့် မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာသူလည်း မဖြစ်လတ့ံ။ တုံ့ပြန်၍ အမျက်ထွက်သောကြောင့် ပထမ အမျက်ထွက်သော သူထက်သော်လည်း ယုတ်ညံ့သည်ဖြစ်၍ အောင်နိုင်ခဲသော စစ်ပွဲကိုလည်း မအောင်နိုင်လတ့ံ။ ရန်သူက ပြုထိုက်သော သဘောတရားတို့ကိုလည်း မိမိကိုယ်တိုင်ပင် မိမိအား ပြုရာရောက်လတ့ံ။ လူ့စည်းစိမ်လည်း ဆုံးရှုံး, ရဟန်း ကိစ္စလည်း မပြီးသဖြင့် ထင်းကုလားနှင့် တူသည်လည်း ဖြစ်ရလတ့ံ-ဟူ၍ မိမိကိုယ်ကို ဆုံးမလျက်သာလျှင် အမျက်ဒေါသကို ပယ်ရန် အားထုတ်ခြင်းကို ပြုအပ်ပေသည်။

ကောင်းတာလေး ရွေးကြည့်

(၂၄၄) ဤဆိုခဲ့သည့်အတိုင်း အမျက်ဒေါသကိုပယ်ရန် အားထုတ်လျက် လုံ့လပြုနေသော ထိုယောဂီအား ထိုအမျက်ဒေါသသည် အကယ်၍ ငြိမ်းငြားအံ့။ ဤသို့ ငြိမ်းခြင်းသည် ကောင်းလှပေ၏။ အကယ်၍ မငြိမ်းသေးပါမူ ရန်သူဖြစ်သော ထိုပုဂ္ဂိုလ်၏ အကြင် အကြင် အမူအရာ သဘောတရားသည် ငြိမ်သက်သည်, ထက်ဝန်းကျင် စင်ကြယ်သည်ဖြစ်အံ့။ အောက်မေ့ဆင်ခြင်လျှင် ကြည်လင်ခြင်း, ကြည်ညိုခြင်းကို ဆောင်ငြားအံ့။ ထိုထို အမူအရာ သဘောတရားကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၍ အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။

ချဲ့ပြရလျှင်- အချို့သောသူမှာ ကိုယ်အမူအကျင့်သည်သာလျှင် ငြိမ်သက် ငြိမ်အေး၏။ များစွာသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုသည်ဖြစ်၍ ထိုသူ၏ ကိုယ်အမူအရာ ငြိမ်သက်ငြိမ်းအေးသည်၏ အဖြစ်ကို အလုံးစုံသော အတူနေ ပုဂ္ဂိုလ်အပေါင်းက သိရပေ၏။ နှုတ်အမူအကျင့် စိတ်အမူအကျင့်တို့သည်ကား မငြိမ်သက် မငြိမ်း

[1] ဝိနိပါတဘုံ-ဟူသည်မှာလည်း အပါယ်လေးဘုံပင် ဖြစ်သည်။

အေးကုန်သေး။ ထိုသူ၏ မငြိမ်သက် မငြိမ်းအေးသော နှုတ်-စိတ် အမူအကျင့်တို့ကို မစဉ်းစားမူ၍ ကိုယ်အမူအကျင့် ၏ ငြိမ်သက် ငြိမ်းအေးခြင်းကိုသာလျှင် အောက်မေ့ဆင်ခြင်အပ်၏။

အချို့သောသူမှာ နှုတ်အမူအကျင့်သာလျှင် ငြိမ်သက် ငြိမ်းအေး၏။ ထိုနှုတ်အမူအကျင့် ငြိမ်သက်ငြိမ်းအေး သည်၏ အဖြစ်ကိုလည်း အတူနေ ပုဂ္ဂိုလ်အားလုံးက သိရပေသည်။ သိရပုံမှာ- ထိုသူသည် ပကတိ ပင်ကိုယ် အားဖြင့်ပင်လျှင် စေ့စပ်ပြောဆိုမှု-ပဋိသန္ထာရ၌ ကျွမ်းကျင်၏။ အပြောအဆို ပြေပြစ်၏။ နားချမ်းသာအောင် ပြောတတ်၏။ အညီအညွတ် ဝမ်းမြောက်အောင် ပြောဆိုတတ်၏။ မျက်မှောင်မကုပ် မျက်နှာမငုံ့ပဲ ပေါ်လွင်သော မျက်နှာရှိ၏။ ရှေးဦးစွာ နှုတ်ဆက်ပြောဆိုလေ့ ရှိ၏။ ချို့သောအသံဖြင့် တရားကို ရွတ်ဆိုတတ်၏။ ထက်ဝန်းကျင် ပြည့်စုံသော ပုဒ်ဝါကျတို့ဖြင့် တရားစကားကို ဟောပြောတတ်၏။ သို့သော် ကိုယ်အမူအကျင့် စိတ်အမူအကျင့် တို့သည်ကား မငြိမ်သက် မငြိမ်းအေးကုန်။ ထိုသူ၏ မငြိမ်သက် မငြိမ်းအေးသော ကိုယ်-စိတ် အမူအကျင့်တို့ကို မစဉ်းစားမူ၍ နှုတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးခြင်းကိုသာလျှင် အောက်မေ့ဆင်ခြင်အပ်၏။

အချို့သောသူမှာ စိတ်အမူအကျင့်သည်သာလျှင် ငြိမ်သက် ငြိမ်အေး၏။ ထိုစိတ်အမူအကျင့် ငြိမ်သက် ငြိမ်းအေးသည်၏ အဖြစ်သည်လည်း စေတီတော်ကို ရှိခိုးခြင်း စသည်တို့၌ အတူနေ ပုဂ္ဂိုလ်အားလုံးအား ထင်ရှား ပေ၏။ ထင်ရှားပုံကား- စိတ်မငြိမ်သက် မငြိမ်းအေးသောသူသည် စေတီတော်ကိုဖြစ်စေ, ဗောဓိပင်ကိုဖြစ်စေ, မထေရ်တို့ကိုဖြစ်စေ ရှိခိုးလျှင် ကောင်းမွန် ရိုသေစွာ ရှိမခိုး။ တရားနာရာ မဏ္ဍပ်ဌာန၌ စိတ်ပျံ့လွင့်လျက်သော်၄င်း၊ ငိုက်မျည်းလျက်သော်၄င်း ထိုင်နေ၏။ စိတ်ငြိမ်သက် ငြိမ်းအေးသောသူသည်ကား သက်ဝင်ယုံကြည်၍ ရှိခိုး၏။ နားစိုက်လျက် တရားကို စီးပွားသဖွယ် ပြုလျက် ကိုယ်-နှုတ်ဖြင့် စိတ်၏ ကြည်လင်ခြင်းကို ပြုလျက်-ပြလျက် တရားကို နာ၏။ ဤပုံ ဤနည်းဖြင့် အချို့သောသူမှာ စိတ်အမူအရာ အကျင့်သည်သာလျှင် ငြိမ်သက် ငြိမ်းအေး၏။ ကိုယ်နှုတ်အမူအကျင့် တို့သည်ကား မငြိမ်သက် မငြိမ်းအေးကုန်။ ထိုသူ၏ ထိုမငြိမ်သက် မငြိမ်းအေးသော ကိုယ်-နှုတ်အမူအကျင့်တို့ကို မစဉ်းစားမူ၍ စိတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးခြင်းကိုသာလျှင် အောက်မေ့ဆင်ခြင် အပ်၏။

မေတ္တာမရ ကရုဏာပို့

အချို့သောသူမှာမူ ဤသုံးပါးသော အကျင့်သဘောတို့တွင် တစ်ခုမျှသော်လည်း မငြိမ်သက် မငြိမ်းအေး ပေ။ ထိုပုဂ္ဂိုလ်၌ "ဤသူသည် ယခုအခါ လူ့လောက၌ ကျက်စားသွားလာနေသော်လည်း ရက်အနည်းငယ် လွန်သောအခါ (တော်တော်ကြာလျှင်) ငရဲကြီး(၈)ခု, ဥဿဒငရဲငယ်(၁၆)ခုတို့ကို ပြည့်စေလျက် ဖြစ်ရရှာလိမ့်မည်"ဟု ဆင်ခြင်ကာ သနားခြင်းကရုဏာကို ဖြစ်စေအပ်၏။ ဖြစ်စေသင့်သည်မှာ မှန်၏။ သနားခြင်း ကရုဏာကို စွဲ၍လည်း ရန်ငြိုးသည် ငြိမ်းတတ်ပေ၏။

အချို့သောသူမှာ ဤအကျင့်သဘောတရားများ သုံးပါးလုံးပင် ငြိမ်သက် ငြိမ်းအေးကုန်၏။ ထိုသူ၏ အမူ အကျင့်များတွင်မူ အလိုရှိရာရာကို အောက်မေ့ဆင်ခြင်နိုင်၏။ မှန်ပေ၏- ထိုသို့သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွါးစေရန် မခဲယဉ်းပေ။

ဤဆိုခဲ့သော အနက်ထင်ပေါ်စေရန် "ငါ့ရှင်တို့- ရန်ငြိုး အာဃာတကို ပယ်ဖျောက်ကြောင်း တရားတို့သည် ဤငါးပါးတို့ပေတည်း။ ယင်းငါးပါးတို့၌ ရဟန်းမှာ ဖြစ်ပေါ်လာသည့် ရန်ငြိုးအာဃာတကို အချင်းခပ်သိမ်း ပယ်ဖျောက်အပ်၏" ဤသို့ အစရှိသော အင်္ဂုတ္တရပါဠိ, ပဥ္စကနိပါတ်လာ ဤအာဃာတပဋိဝိနယသုတ်ကို ချဲ့၍ ပြအပ်၏။

ရန်ငြိုးပျောက်ရန် မိမိကိုယ်ကို ဆုံးမပုံ

(၂၄၅) ဤသို့ လုံ့လပြုနေသော်လည်း ဤယောဂီအား အာဃာတဒေါသသည် ဖြစ်လျက်ပင် ရှိငြားအံ့။ သို့ဖြစ်လျှင် ဤယောဂီသည် မိမိကိုယ်ကို ဤသို့ ဆုံးမအပ်၏-

ရန်သူသည် သင့်အား ဆင်းရဲကို ပြုအပ်-ပြုနိုင်ပါမူ သူ၏ ပြုနိုင်ကောင်းသော အရာဖြစ်သော သင်၏ ကိုယ်၌ ပြုရာ၏။ ထိုရန်သူ၏ အရာမဟုတ်သော မိမိ၏ စိတ်၌ ဆင်းရဲကို ကိုယ်တိုင်ပင် ပြုရန် အဘယ့်ကြောင့် သင် အလိုရှိဘိသနည်း။

များသော ကျေးဇူးရှိသော ဆွေမျိုးအပေါင်းကို မျက်ရည်စီးယို ငိုကြွေးတားမြစ်နေစဉ် စွန့်ပစ်၍ ရဟန်းပြုနိုင်ခဲ့ပါလျက် များစွာသော အကျိုးမဲ့ကို ပြုတတ်သော အမျက်ဒေါသဟူသော ရန်သူကို အဘယ့် ကြောင့် မစွန့်နိုင်ပါသနည်း။

အသင် သူတော်ကောင်း- သင်သည် အကြင် သီလတို့ကို စောင့်ရှောက်နေ၏။ ထိုသီလတို့၏ အရင်းအမြစ်ဖြစ်သော ဟိရီ, ဩတ္တပ္ပ, ခန္တီ, မေတ္တာ, ကရုဏာတို့ကို ဖြတ်တတ်သော အမျက်ဒေါသကို အလို လိုက်ထားဘိ၏။ သင်နှင့်တူသော သူမိုက်သည် အဘယ်သူ ရှိအံ့နည်း။

အသင် ပညာရှိ- 'သူတပါးက ငါ့အား ယုတ်မာသော ပြစ်မှားမှုကို ပြုလေပြီ' ဟူ၍ အကြင် သင်သည် အမျက်ထွက်ဘိ၏။ ထိုသင်သည် သူတပါးကပြုသည့် ထိုပြစ်မှားမှုနှင့် အလားတူသည်သာလျှင် ဖြစ်သော မကောင်းမှုကို ကိုယ်တိုင်ပြုရန် အဘယ့်ကြောင့် အလိုရှိဘိသနည်း။

အသင် ပညာရှိ- ရန်သူဖြစ်သော သူတပါးက သင့်ကို ဒေါသဖြစ်စေလိုသောကြောင့် မနှစ်မြို့ မခံချင်သဖွယ် အမှုကို အကယ်၍ ပြုငြားအံ့။ သင်ကိုယ်တိုင်က အမျက်ဒေါသကို ဖြစ်စေခြင်းဖြင့် ထိုရန်သူ ၏ပင်လျှင် နှလုံးအလိုကို ပြည့်စေသည် မဟုတ်ပါလော။

အသင် သူတော်ကောင်း- သင်သည် အမျက်ဒေါသထွက်သည်ဖြစ်၍ ပြစ်မှားဖူးသော ထိုရန်သူ အား ဆင်းရဲမည်သည်ကိုမူ ပြုနိုင်သည်လည်း ရှိရာ၏။ မပြုနိုင်သည်လည်း ရှိရာ၏။ သို့သော် မိမိ ကိုယ်ကိုမူ ယခုလက်ငင်းပင်လျှင် အမျက်ဒေါသဟူသော ဆင်းရဲဖြင့် နှိပ်စက်နေချေပြီတကား။

အသင် ပညာရှိ- အမျက်ဒေါသဖြင့် ဉာဏ်မြင်ကန်းကြသည်ဖြစ်၍ အကျိုးမဲ့ လမ်းမှားသို့ အကယ် ၍ လိုက်သွားကြပြားအံ့။ သင်သည်လည်း အမျက်ထွက်လျက် ထိုရန်သူတို့အားပင်လျှင် အဘယ့်ကြောင့် အတုလိုက်၍ ပြုကျင့်ဘိသနည်း။

အသင် ပညာရှိ- သင်၏ ရန်သူသည် အကြင်ဒေါသကို မှီ၍ မုန်းဖွယ်အမှုကို ပြုခဲ့လေပြီ။ အကြောင်းရင်းဖြစ်သော ထိုဒေါသကိုသာလျှင် ပယ်ဖြတ်ပါလော့။ ဒေါသ၏ အစေခံဖြစ်၍ အရာမဟုတ်သော ထိုပုဂ္ဂိုလ်၌ အဘယ့်ကြောင့် စိတ်ဆိုးလျက် ပင်ပန်းနေဘိသနည်း။

စဉ်းစားစရာ နောက်တစ်ခုကတော့ ပရမတ်တရားတို့၏ တခဏမျှသာ တည်ကြခြင်းကြောင့် ရန်သူ၏ သန္တာန်၌ အကျုံးဝင်သော အကြင်ခန္ဓာတို့က သင့်အား မနှစ်မြို့ဖွယ်ကို ပြုခဲ့၏။ ထိုခန္ဓာတို့သည် ချုပ်သွားလေကုန်ပြီ။ ယခုအခါ မနှစ်မြို့ဖွယ်ကို ပြုသူဟု ထင်မှတ်ရသော ဤရန်သူ၏ သန္တာန်၌ အဘယ်ခန္ဓာကို သင် အမျက်ထွက်နေသနည်း။

အကြင်သူသည် အကြင်သူအား ဆင်းရဲကို ပြုသည်ဆိုလျှင် ဆင်းရဲအပြုခံ ထိုသူနှင့်ကင်း၍ ထို ဆင်းရဲပြုသောသူသည် အဘယ်သူအား ပြုနိုင်အံ့နည်း။ သို့ဖြစ်၍ ဆင်းရဲ အပြုခံ သင်ကိုယ်တိုင်သည်လည်း ဆင်းရဲပြုခြင်း၏ အကြောင်းဖြစ်ပေသည်။ ဤသို့ ပြုသူ, ခံသူ နှစ်ဦးစလုံးပင် ဆင်းရဲပြုခြင်း၏ အကြောင်းဖြစ်ပါလျက် ထိုဆင်းရဲပြုသူကိုသာ အဘယ့်ကြောင့် အမျက်ထွက်နေဘိသနည်း။ ဤသို့ မိမိကိုယ်ကို ဆုံးမအပ်ပေသည်။

မိမိကံကို ဆင်ခြင်ပုံ

(၂၄၆) ဤဆိုခဲ့သည့်အတိုင်း မိမိကိုယ်ကို ဆုံးမသော်လည်း ဤယောဂီ၏ အမျက်ဒေါသသည် အကယ်၍ မငြိမ်းသေးသည်သာ ဖြစ်ပြားအံ့။ သို့ဖြစ်လျှင် ဤယောဂီသည် မိမိ၏ဇင်း, သူတပါး၏ဇင်း ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်အပ်၏။ ထိုတွင် ရှေးဦးစွာ မိမိ၏ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိပုံကို ဤသို့ ဆင်ခြင် အပ်ပေသည်-

"အချင်းယောဂီ- သင်သည် ထိုသူအား အမျက်ထွက်သဖြင့် အဘယ်ကို ပြုသနည်း။ ဒေါသလျှင် အကြောင်း ရင်းရှိသော သင်ပြုမည့် ဤမကောင်းမှုသည် သင်၏သာလျှင် အကျိုးမဲ့အလို့ငှာ ဖြစ်မည်မဟုတ်ပါလော။ မှန်ပေ၏။ သင်သည် ကိုယ်တိုင်ပြုသည့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ ကံ၏ အမွေခံဖြစ်၏။ ကံသာလျှင် ဆင်းရဲ-ချမ်းသာရန် အကြောင်းရှိ၏။ ကံသာလျှင် ဆွေမျိုးရှိ၏။ ကံသာလျှင် အားကိုးရာရှိ၏။ အကြင်ကံကို ပြုပြားအံ့။ ထိုကံ၏ အမွေခံ ဖြစ်ရလိမ့်မည်။

သင်ပြုလိုသော ဤကံသည်လည်း သမ္မာသမ္ဘောဓိဉာဏ်ကို မပြီးစေနိုင်။ ပစ္စေက ဗောဓိဉာဏ်ကိုလည်း မပြီးစေနိုင်။ သာဝကဗောဓိဉာဏ် ဟူသော သာဝကဘုံကိုလည်း မပြီးစေနိုင်။ ဗြဟ္မာအဖြစ်, သိကြားအဖြစ်,

စကြဝဠာမင်းအဖြစ်, ပဒေသရာဇ်မင်း စသည်တို့၏ စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်ကိုလည်း မပြီးစေနိုင်။

စင်စစ်သော်ကား သင်၏ ဤကံသည် သာသနာတော်မှ ရွှေ့လျောစေ၍ စားကြွင်းစား စသည်၏ အဖြစ်ကို ၄င်း၊ ငရဲဆင်းရဲ အစရှိသော ဆင်းရဲအထူးတို့ကို၄င်း ဖြစ်စေနိုင်၏။ အမျက်ဒေါသကို မငြိမ်းစေနိုင်သော ထိုသင် သည် ဤမကောင်းမှုကို ပြုလျှင် လက်နှစ်ဖက်တို့ဖြင့် မီးလျှံကင်းသော မီးကျီးခဲတို့ကိုသော်၄င်း၊ မစင်ကိုသော်၄င်း ကိုင်၍ သူတပါးကို ပုတ်ခတ်လိုသော ယောက်ျားကဲ့သို့ မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ လောင်စေသည်၄င်း၊ မကောင်းသော အနံ့ရှိသည်ကို ပြုသည်၄င်း ဖြစ်လိမ့်မည်"ဟု ဆင်ခြင်အပ်ပေသည်။

သူတပါး ကံကို ဆင်ခြင်ပုံ

ဤသို့ မိမိ၏ကံသာလျှင် ဥစ္စာရှိပုံကို ဆင်ခြင်ပြီးလျှင် သူတပါး၏လည်း ကံသာလျှင် ဥစ္စာရှိပုံကို ဤသို့ ဆင်ခြင်အပ်ပေသည်-

"သင်၏ ရန်သူဖြစ်သော ထိုသူသည်လည်း သင့်အား အမျက်ထွက်သဖြင့် အဘယ်ကို ပြုလိမ့်မည်နည်း။ ထိုသူပြုသော ဤမကောင်းမှုသည် ထိုသူ၏သာလျှင် အကျိုးမဲ့အလို့ငှာ ဖြစ်လိမ့်မည်။ မှန်၏။ ဤအရှင်သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ ကံ၏ အမွေခံဖြစ်၏။ ...ပ...။ အကြင်ကံကို ပြုကြောင်းအံ့။ ထိုကံ၏ အမွေခံ ဖြစ်ရလိမ့် မည်။ ထိုသူ၏ ဤကံသည်လည်း သမ္မာသမ္ဗောဓိဉာဏ်ကို မပြီးစေနိုင်။ ...ပ...။ ပဒေသရာဇ်မင်း အစရှိသော စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်ကိုလည်း မပြီးစေနိုင်။ စင်စစ်သော်ကား ထိုသူ၏ ဤကံသည် သာသနာမှ ရွှေ့လျောစေ၍ စားကြွင်းစား စသည်အဖြစ်ကို၄င်း၊ ငရဲဆင်းရဲ အစရှိသော ဆင်းရဲအထူးကို၄င်း ဖြစ်စေနိုင်၏။ ဤ မကောင်းမှုကို ပြုသော ထိုအရှင်သည် လေကြေ လေအောက်အရပ်၌ တည်၍ သူတပါးကို မြူမှုန်ဖြင့် ကြဲသော ယောက်ျားကဲ့သို့ မိမိကိုယ်ကိုသာလျှင် ကြဲမိလေသည်။ မှန်ပေ၏။ အောက်ပါ ဂါထာကို မြတ်စွာဘုရား ဟောတော် မူခဲ့ပေ၏-

"အကြင်သူသည် မည်သူ့ကိုမျှ မပြစ်မှားတတ်သော လူအား ပြစ်မှား၏။ စင်ကြယ်၍ ကိလေသာ ကင်းသော ပုဂ္ဂိုလ်အား ပြစ်မှား၏။ ပြစ်မှားသော မကောင်းမှုကံသည် ထိုပြစ်မှားသူ လူမိုက်ထံသို့သာလျှင် မကောင်းကျိုးပေးသောအားဖြင့် ပြန်လာ၏။ ဥပမာ- လေညာသို့ ပစ်လွင့်လိုက်သော သိမ်မွေ့သော မြူမှုန် သည် ပစ်လွှင့်သူထံ ပြန်လာသကဲ့သို့ ပေတည်း"ဟု ဟောတော်မူခဲ့ပေ၏။ (ဓမ္မ၊ပ၊၁၂၅။ သု၊နိ၊ ၆၆၇။)

ဘုရားလောင်းဘဝ ပါရမီဖြည့်ပုံကို ဆင်ခြင်

(၂၄၇) ဤဆိုခဲ့သည့်အတိုင်း ကံလျှင် ကိုယ်ပိုင်ဥစ္စာရှိပုံကို ဆင်ခြင်သော်လည်း ဤယောဂီ၏ အမျက်ဒေါသသည် အကယ်၍ မငြိမ်းသေးငြားအံ့။ သို့ဖြစ်လျှင် ဤယောဂီသည် ဆရာသခင် ဖြစ်တော်မူသော မြတ်စွာ

ဘုရား၏ ရှေးဘဝတို့၌ ကျင့်ခဲ့သောဂုဏ်တို့ကို အောက်မေ့ဆင်ခြင်အပ်ကုန်၏။ ထိုသို့ ဆင်ခြင်ရာ၌ ဤဆိုမည့် စကားသည် ဆင်ခြင်ပုံနည်းပေတည်း-

"အချင်းရဟန်း- သင်၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သစ္စာတို့ကို သိတော်မူသည့် ဘဝမှ ရှေးဘဝများစွာကပင် သစ္စာကို မသိသေးသူ ဘုရားလောင်းလျှာ ဖြစ်တော်မူလျက်သော်လည်း လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ပတ်လုံး ပါရမီတို့ကို ဖြည့်ဆည်းပူးတော်မူစဉ် ထိုထိုဘဝတို့၌ ရန်သူ လူသတ်သမားတို့၌ သော်လည်း စိတ်ကို မပျက်စေပဲ သည်းခံခဲ့သည် မဟုတ်လော။ စိတ်ကို မပျက်စေပဲ သည်းခံပုံမှာ---

သီလဝဇာတ်

ရှေးဦးစွာ သီလဝဇာတ်၌ မိမိ၏ မိဖုရား၌ ပြစ်မှားသော အမတ်ယုတ်က ခေါ်ဆောင်လာခဲ့သော ရန်သူမင်းသည် ယူဇနာသုံးရာရှိသော တိုင်းပြည်ကို သိမ်းယူရန် အားထုတ်သောအခါ ထိုမင်းကို တားမြစ်ရန် ထကြွထွက် ပေါ်လာကြသော အမတ်တို့အား လက်နက်ကို ထိခြင်းငှာသော်လည်း အလောင်းတော် သီလဝမင်းသည် ခွင့်မပြုခဲ့ ပေ။ တဖန် သူသေကောင်တို့ကို စွန့်ပစ်ရာ သုသန်၌ မြေကို လည်ပင်းပမာဏမျှ တူး၍ အမတ်တစ်ထောင်နှင့် တကွ မြှုပ်ထားခြင်းကို ခံနေရသော ထိုဘုရားအလောင်းမင်းသည် ထိုရန်သူမင်း၌ စိတ်ဖြင့် ပစ်မှားခြင်းမျှကိုသော် လည်း မပြုမူ၍ သူသေကောင်တို့ကို စားရန်လာကြသော မြေခွေးတို့၏ မြေမှုန်ယက်ထုတ်ခြင်းကို မှီ၍ မြှုပ်ထား ရာမှ လွတ်ထွက်ရန် ယောက်ျားတို့ ပြုအပ်သော အားထုတ်မှုကို ပြုသဖြင့် တဖန် အသက်ရှင်ခြင်းကို ရသည်ဖြစ်၍ ဘီလူးတို့၏ တန်ခိုးအာနုဘော်ဖြင့် မိမိ၏ ကျက်သရေတိုက်ခန်းသို့ ဝင်ရောက်ပြီးလျှင် ကျက်သရေရှိသော အိပ်ရာ၌ အိပ်စက်နေသော ရန်သူမင်းကို တွေ့မြင်ရသော်လည်း အမျက်ထွက်ခြင်းကို မပြုမူ၍သာလျှင် အချင်းချင်း အန္တရာယ်မပြုရန် ကျိန်စာဆိုကြပြီးလျှင် ထိုရန်သူမင်းကို မိတ်ဆွေအရာ၌ တည်စေ၍-

"အချင်းတို့- ပညာရှိသော ယောက်ျားသည် လိုသောအကျိုးကို တောင့်တ၍ အားထုတ်ရာသည်သာ တည်း။ ငြီးငွေ့ဆုတ်နစ် စိတ်မပျက်ရာ။ သူတပါးကို မညှင်းဆဲပဲ တဖန်ပြန်၍ မင်းဖြစ်ခြင်းကို အလိုရှိခဲ့၏။ ထိုအလိုရှိခဲ့သည့်အတိုင်းပင် ဖြစ်ခဲ့လေသည်။ ထိုသို့ဖြစ်သော မိမိကိုယ်ကို ငါသည် တွေ့မြင်နေရပေသည်" ဟု မိန့်ဆိုလေ၏။ (၈၁၊ ၁၊ ၁၊ ၅၁။)

ခန္တီဝါဒီဇာတ်

ခန္တီဝါဒီဇာတ်၌ ပညာမဲ့သော ကလာဗုမည်သော ကာသိမင်းသည် "ရှင်ရဟန်း- သင်သည် အဘယ်ဝါဒ ရှိသနည်း? အဘယ်သို့ ဆိုလေ့ရှိသနည်း?" ဟုမေး၏။ "သည်းခံခြင်းကို ဆိုလေ့ရှိသောကြောင့် ခန္တီဝါဒီမည်သည်" ဟု ဖြေကြားသောအခါ ထိုမင်းက သံဆူးတပ်ထားသော ကြိမ်တို့ဖြင့် ရိုက်နှက်စေပြီးလျှင် လက်ခြေတို့ကို ဖြတ်သော်လည်း အမျက်ထွက်ခြင်းမျှကိုသော်လည်း မပြုခဲ့-မဖြစ်စေခဲ့ပေ။

စူဠဓမ္မပါလဇာတ်

ဤခန္ဓိဝါဒီရသေ့၏ သည်းခံခြင်းသည် မအံ့သြလောက်သေးပေ။ အကြောင်းမူကား အရွယ်အားဖြင့် ကြီးရင့်သူ ဖြစ်သည့်ပြင် ရသေ့အဖြစ်သို့ ကပ်ရောက်နေသောသူသည် ဤသို့ သည်းခံခြင်းကို ပြုနိုင်ရာသည်ဟု စဉ်းစားဖွယ် ရှိသောကြောင့်ပေတည်း။ ထို့ထက် အံ့သြဖွယ်ကောင်းသည်မှာမူ စူဠဓမ္မပါလဇာတ်၌ ပက်လက် အိပ်တတ်ကာမျှ သူငယ်ဖြစ်သော်လည်း-

"နိုင်ငံတော်မြေ၏ အမွေခံဖြစ်သော သားတော် ဓမ္မပါလ၏ စန္ဒကူးရည်ဖြင့် လိမ်းကျံထားသော လက်မောင်းတို့သည် ပြတ်ကုန်ပါပြီ အရှင်မင်းကြီး။ ကျမ၏ အသက်တို့သည် ချုပ်နေကြယောင် တကား" ဟူ၍-

ဤသို့ မယ်တော် မိဖုရားကြီးက ငိုကျွေး မြည်တမ်းနေစဉ် ခမည်းတော်ဖြစ်သူ မဟာပတာပမည်သော မင်းက စေခိုင်းသဖြင့် သူသတ်သမားက ဓမ္မပါလသူငယ်၏ လက်ခြေလေးခုတို့ကို ဝါးမျှစ်ကိုကဲ့သို့ပင် ခုတ်ဖြတ်လေ ၏။ ထိုမျှဖြင့်လည်း အားမရသေးသောကြောင့် ထိုသူငယ်၏ ဦးခေါင်းကို ဖြတ်လော့ဟူ၍ အမိန့်ပေးသောအခါ "အမောင် ဓမ္မပါလ- ယခုအခါ သင်သည် စိတ်ကိုချုပ်တည်း သိမ်းဆည်းရမည့် အခါပေတည်း (၀ါ) စိတ်ကို ကောင်းစွာ နှိပ်ကွပ်လျက် ဆုံးမရမည့် အခါပေတည်း။ ယခုအခါ ဦးခေါင်းကိုဖြတ်ရန် အမိန့်ပေးသော ခမည်းတော် ၌ငင်း၊ ဦးခေါင်းကို ဖြတ်သော ယောက်ျား၌ငင်း၊ ငိုကျွေးမြည်တမ်းနေသော မယ်တော်၌ငင်း၊ မိမိကိုယ်၌ငင်း ဤလေးယောက်သော သူတို့၌ အညီအမျှ စိတ်ကို ထားပါလော့"ဟု မြဲမြံသော ဆောက်တည်ခြင်းကို အဓိဋ္ဌာန်ပြု၍ ပြစ်မှားသော အခြင်းအရာကိုသော်လည်း မပြုခဲ့ပေ။

ဆဒ္ဒန်ဆင်မင်းဇာတ်

ဤဓမ္မပါလသူငယ်၏ သည်းခံခြင်းသည်လည်း မအံ့သြလောက်သေးပေ။ အကြောင်းမူကား လူသားဖြစ်သူ သည် ဤသို့ ပြုနိုင်ရာသည်ဟု စဉ်းစားဖွယ် ရှိသောကြောင့်ပေတည်း။ စင်စစ်သော်ကား တိရစ္ဆာန်ဖြစ်လျက်သော် လည်း ဆဒ္ဒန်မည်သော ဆင်ဖြစ်သောအခါ အဆိပ်လူးသော မြွားဖြင့် အပစ်ခံရ၍ ချက်၌ စူးဝင်ဖေါက်ထွင်း သွားသော်လည်း ထိုမျှလောက် အကျိုးမဲ့ပြုသော မုဆိုး၌ စိတ်ကို မပျက်စေ-မပြစ်မှားစေခဲ့ပေ။ ဤအဆိုနှင့် အညီ ဟောထားသည်မှာ-

"ကြီးစွာသော အဆိပ်လူးမြွားဖြင့် စူးဝင်လျက်ရှိသော ဆဒ္ဒန်ဆင်မင်းသည် မုဆိုးကို ပြစ်မှားသည့်စိတ် မရှိ

မူ၍ 'အချင်းမုဆိုး- အဘယ်ကို အလိုရှိသည်ဖြစ်၍ ငါ့ကို ပစ်သတ်ပါသနည်း။ ဤစေခိုင်းမှု ပယောဂသည် လည်း အဘယ်သူ၏ ပယောဂပါနည်း?'ဟု မေးလေသည်" ဟူ၍ ဟောထားသော ဂါထာပင်ဖြစ်သည်။

ဤသို့ မေးသောကြောင့် "ကာသိမင်း၏ မိဖုရားကြီးက သင်၏ အစွယ်များအတွက် စေလွှတ်လိုက်ပါသည် အရှင်"ဟု မုဆိုးက ဆိုသောအခါ ထိုမိဖုရားကြီး၏ နှလုံးအလိုကို ပြည့်စေလျက် အရောင်ခြောက်ပါးထွက်ကာ တောက်ပသဖြင့် နှစ်သက်စဖွယ် တင့်တယ်ကုန်သော မိမိ၏ အစွယ်တို့ကို ဖြတ်၍ ပေးလှူလိုက်သည်။

မဟာကပိဇာတ်

ထို့ပြင် ဘုရားအလောင်းတော်သည် မဟာကပိဇာတ်၌ ဂေါနက်ုံလ မျောက်မျိုးဖြစ်စဉ်က တောင်ကမ်းပါး ပြတ် ချောက်မှ မိမိကိုယ်တိုင်ပင် ထုတ်ဆယ် ကယ်တင်ခဲ့သော ယောက်ျားက-

"တောထဲ၌ အခြား သားကောင်များကဲ့သို့ပင် မျောက်သည် လူတို့၏ အစာပင် ဖြစ်သည်။ ဆာလောင် နေသော ငါသည် ဤမျောက်ကို သတ်၍ စားရမူ ကောင်းလေစွ။ ထိုသို့စားကာ အစာဝသည်ဖြစ်၍ သာလျှင် မျောက်သားကို ခရီးရိက္ခာအဖြစ် ဆောင်ယူ၍ သွားအံ့။ ဤမျောက်သားသည် ငါ့အား ခရီးရိက္ခာ ဖြစ်ပေလတံ့။ ဤမျောက်သားဖြင့် ခရီးခဲကို ကျော်လွန်ရပေလိမ့်မည်"ဟု

ဤသို့ ကြံပြီးလျှင် ကျောက်ကို ချီမ၍ မျောက်မင်း၏ ဦးခေါင်းကို ထုခွဲလေသည်။ ထိုအခါ အလောင်းတော် မျောက် မင်းသည် မျက်ရည်ပြည့်သော မျက်စိတို့ဖြင့် ထိုယောက်ျားကို ကြည့်ရှုလျက်-

"အရှင်လူသား- မပြုပါလင့်။ သင်သည် ငါ၏ညီ့သည်ဖြစ်၍ အပူဇော်ခံ အရှင်ဖြစ်ပေသည်။ သို့ဖြစ်ပါ လျက် သင်သည် ငါ၏ ဦးခေါင်းကို ထုခွဲခြင်းဟူသော ဤသို့သော အမှုကို ပြုရက်ဘိ၏။ သင်သည် ရှည်သော အသက်ရှိသည့် သိတတ်သော လူကြီး ဖြစ်ပေသည်။ သို့ဖြစ်၍ သင်သည် ငါ့အား နှိပ်စက်မည့် အခြား ရန်သူကို တားမြစ်ရန်သာ ထိုက်ပါသည်"ဟု

ပြောဆိုပြီးလျှင် ထိုပြစ်မှားသော ယောက်ျား၌ စိတ်ကို မပျက်စေ-မပြစ်မှားစေမူ၍ မိမိ၏ ဆင်းရဲကိုလည်း မစဉ်းစား ပဲ ထိုယောက်ျားကိုပင် ဘေးကင်းရာ တောနယ်အဆုံး လူတို့၏ နယ်မြေအရပ်သို့ ပို့ဆောင်လိုက်ပေသည်။

ဘူရိဒတ်နဂါးမင်းဇာတ်

ထို့ပြင် ဘူရိဒတ်နဂါးမင်း ဖြစ်စဉ်က ဥပုသ်ဆောက်တည်ပြီးလျှင် တောင်ပို့ထိပ်၌ ခွေနေစဉ် ကမ္ဘာပျက်မီး နှင့် တူသော ဆေးဖြင့် တစ်ကိုယ်လုံး၌ သွန်းဖျန်းသော်လည်း, ပခြုပ်၌ထည့်၍ ဇမ္ဗူဒီပ် ကျွန်းအလုံး၌ အလမ္ဘာယ်

ပြကာ ကစားစေသော်လည်း ထိုအလမ္ပယ်ဆရာ ပုဏ္ဏား၌ စိတ်ဖြင့် ပြစ်မှားခြင်းမျှကိုသော်လည်း မပြုခဲ့ပေ။ ဤအဆိုနှင့်အညီ ဟောထားသည်မှာ-

"လက်ဖြင့် အားနည်းအောင် နှိပ်နယ်သော်လည်း, ပခြုပ်၌ ခြေဖြင့်နင်း၍ အတင်းထည့်သော်လည်း, ငါ၏

သီလကျိုးမည် စိုးသောကြောင့် အလမ္ပာယ်ပုဏ္ဏား၌ အမျက်မထွက်ခဲ့ပေ"ဟု ဟောထားသော ဂါထာပေတည်း။

စမ္ပေယျနဂါးမင်း

စမ္ပေယျနဂါးမင်း ဖြစ်စဉ်ကလည်း မ္ဓေအလမ္ပာယ်သမားက ညှဉ်းဆဲအပ်သော်လည်း ဘုရားအလောင်းတော်သည် စိတ်ဖြင့် ပြစ်မှားခြင်းမျှကိုသော်လည်း မဖြစ်စေခဲ့ပေ။ ဤအဆိုနှင့်အညီ ဟောထားသည်မှာ-

"ထိုစမ္ပေယျနဂါးမင်း ဖြစ်သောအခါ၌လည်း တရားကျင့်လျက် ဥပုသ်စောင့်သုံးနေသော ငါ့ကို အလမ္ပာယ်

သမားသည် ဖမ်းယူ၍ မင်းအိမ်တံခါး၌ ကစားသည်။ အညိုကိုသော်၄င်း, အဝါကိုသော်၄င်း, အနီကိုသော်

၄င်း, အကြင် အဆင်းကို ဖြစ်စေရန် ထိုအလမ္ပာယ်ဆရာက ကြံစည်၏။ ငါသည် ထိုအလမ္ပာယ်၏ စိတ်ကို

အစဉ်လိုက်လျက် သူကြံစည်အပ်သော အဆင်းရှိသည် ဖြစ်ပေ၏။

ငါသည် ထိုအခါက ကုန်းမြေကို ရေဖြစ်အောင် ပြုနိုင်၏။ ရေကိုလည်း ကုန်းမြေဖြစ်အောင် ပြုနိုင် ၏။ ငါသည် အကယ်၍ ထိုအလမ္ပာယ်သမားကို စိတ်ဆိုးလျှင် တခဏချင်း ပြာဖြစ်အောင် ပြုနိုင်ပေ၏။

ငါသည် အကယ်၍ စိတ်အလိုသို့ လိုက်သည်ဖြစ်ငြားအံ့။ သီလမှ ဆုံးရှုံးဆုတ်ယုတ်ရာ၏။ သီလမှ ဆုံးရှုံး

သော ငါ့အား ဘုရားအဖြစ်ဟူသော မြတ်သော အကျိုးသည် မပြီးစီးပဲ ရှိရာ၏"ဟု ဟောထားသော ဂါထာတို့ပင်တည်း။

သန်ပါလဇာတ်

သန်ပါလဇာတ်၌ ဘုရားအလောင်းတော်သည် သန်ပါလနဂါးမင်းဖြစ်၍ မြမြထက်ကုန်သော လှံမတို့ဖြင့် ရှစ်ခုသောဌာနတို့၌ ထိုးဖောက်ပြီးလျှင် ထိုးဖေါက်ရာ အပေါက်တို့ဖြင့် ဆူးရှိသောနွယ်တို့ကို လျှိုသွင်း၍ နှာခေါင်း၌ မြဲမြံစွာ ကြိုးကိုတပ်၍ ၁၆-ယောက်သော မုဆိုးသားတို့က ထမ်းပိုးဖြင့် ထမ်းလျက် ယူဆောင်ကြသောအခါ မြေပြင်၌ ပွတ်တိုက်သော ကိုယ်ရှိသဖြင့် ကြီးစွာသော ဆင်းရဲကို ခံစားရလေသည်။ ထိုစဉ်အခါက အမျက်ထွက်၍ ကြည့်လိုက်ရုံမျှဖြင့်ပင်လျှင် အလုံးစုံသော မုဆိုးသားတို့ကို ပြာကျသွားစေရန် စွမ်းနိုင်သော်လည်း မျက်စိကိုဖွင့်၍ ပြစ်မှားသော အခြင်းအရာကိုသော်လည်း မပြခဲ့ပေ။ ဤအဆိုနှင့်အညီ ဟောထားသည်မှာ-

"လှည်းမှူး အာဠာရ၊ ၁၄-ရက်မြောက် နေ့ပတ်လုံး, ၁၅-မြောက် နေ့ပတ်လုံး ငါသည် ဥပုသ်ကို အမြဲကျင့်သုံး၏။ ထိုသို့ ဥပုသ်ကျင့်သုံးနေသောအခါ ၁၆-ယောက်သော မုဆိုးသားတို့သည် ကြိုးနှင့် ခိုင်ခံ့သော ကျော့ကွင်းကို ယူလာကြကုန်၏။

ထိုသို့ လာကြပြီးလျှင် နှာခေါင်းကို ဖောက်ထွင်း၍ နှာခေါင်း၌ သီထားသော ကြိုးကို တင်းတင်းဆွဲငင်ကာ ကြိမ်နွယ်စသည်တို့ဖြင့် ထက်ဝန်းကျင်မှ ဆိုင်း၍ မုဆိုးတို့သည် ငါ့ကို ဆောင်သွားကြလေသည်။ ငါသည် ဥပုသ်ကို မပျက်စေလိုသောကြောင့် ဤသို့သော ဆင်းရဲကို သည်းခံခဲ့ပေပြီ"ဟု ဟောထားသော ဂါထာပင် ဖြစ်သည်။

ဤဆိုခဲ့သော အံ့ဖွယ်တို့ကိုသာလျှင် ပြုဖူးသည်မဟုတ်ပေ။ မာတုပေါသကဇာတ် စသည်တို့၌ အခြားတပါး များစွာသော အံ့ဖွယ်တို့ကိုလည်း သည်းခံနိုင်ခဲစွာ သည်းခံသောအားဖြင့် ပြုခဲ့ဘူးလေပြီ။ ယခုအခါ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် နတ်နှင့်တကွသော လောက၌ တစ်စုံတစ်ယောက်နှင့်မျှ မတူသည့် ခန္ဓာဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို ဆရာသခင်ဟု ရည်ညွှန်းကိုးကွယ်နေသော ထိုသင့်အား အမျက်ဒေါသစိတ်ကို ဖြစ်စေခြင်းမည်သည်မှာ အလွန်ပင် မသင့်လျော်ပေ-ဟူ၍ ဆရာသခင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရှေးဘဝတို့၌ ကျင့်ခဲ့သော ဂုဏ်တို့ကို ဆင်ခြင်အပ်ကုန်၏။

မရသေးလျှင် အနမတဂ္ဂသံယုတ်လာ သုတ်များကို ဆင်ခြင်

(၂၄၈) ဤဆိုခဲ့သည့်အတိုင်း ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရှေးဘဝတို့၌ ကျင့်ခဲ့သော ဂုဏ်တို့ကို ဆင်ခြင်သော်လည်း ရှည်မြင့်စွာသော ကာလပတ်လုံး ကိလေသာတို့၏ ကျွန်အဖြစ်သို့ ရောက်နေခဲ့သောကြောင့် ဤယောဂီ၏ ထိုအမျက်ဒေါသသည် အကယ်၍ မငြိမ်းသေးသည်သာ ဖြစ်ငြားအံ့။ သို့ဖြစ်လျှင် ဤယောဂီသည် အနမတဂ္ဂိယသုတ်တို့ကို ဆင်ခြင်အပ်ကုန်၏။ မှန်ပေ၏။ ထိုသုတ်တို့၌-

"ရဟန်းတို့- အကြင်သတ္တဝါသည် ရှေး၌ အမိမဖြစ်စဘူး။ ထိုသို့သော သတ္တဝါသည် ရလွယ်သော သဘော

မရှိပေ။ အကြင်သတ္တဝါသည် ရှေး၌ အဘ မဖြစ်စဘူး။ ရှေး၌ ညီအစ်ကို မဖြစ်စဘူး။ ရှေး၌ အစ်မ နှမ မဖြစ်စဘူး။ ရှေး၌ သားမဖြစ်စဘူး။ အကြင် သတ္တဝါသည် ရှေး၌ သမီးမဖြစ်စဘူး။ ထိုသို့သော သတ္တဝါသည် ရလွယ်သော သဘောမရှိပေ" ဟူ၍ ဟောတော်မူအပ်ပေသည်။

ထိုသို့ ဟောတော်မူသောကြောင့် ထိုရန်သူ ပုဂ္ဂိုလ်တို့၌ ဤသို့စိတ်ကို ဖြစ်စေအပ်၏။ "ဤပုဂ္ဂိုလ်သည် ရှေး အတိတ်ကာလ၌ ငါ၏ မိခင်ဖြစ်၍ ၁၀-လပတ်လုံး ဝမ်းဖြင့်ဆောင်၏။ ကျင်ငယ်ကျင်ကြီး တံတွေး နှပ်

စသည် တို့ကို စန္ဒကူးနံ့သာကဲ့သို့ မရွှံ့မရှာ သုတ်သင်၍ ရင်ခွင်၌ က,စေလျက် အိပ်စေလျက် ကိုယ်လက်အင်္ဂါဖြင့် ချီပိုးသယ် ဆောင်လျက် မွေးမြူဘူးပေသတတ်။ ငါ၏ သခင်ဖြစ်၍ ဆိတ်တို့ဖြင့် သွားရသည့်လမ်း, ချွန်းချိတ် ဝုတ်တံသင်းတို့ ဖြင့် သွားရသည့်လမ်း စသည်တို့ကို သွား၍ ရောင်းဝယ်ကုန်သွယ်မှုကို ယှဉ်စေလျက်ဌင်း၊ ငါ၏ အကျိုးငှာ အသက် ကိုသော်လည်း စွန့်၍ နှစ်ဖက်မှ ချီတက်သည့် စစ်သည်ရှိသော စစ်ပွဲ၌ ဝင်ရောက်၍ဌင်း၊ သင်္ဘောဖြင့် သမုဒ္ဒရာသို့ ဝင်ရောက်ကူးသန်း၍ဌင်း၊ အခြားတပါး ပြုနိုင်ခဲသော အမှုတို့ကို ပြု၍ဌင်း၊ သားချစ်တို့ကို မွေးမြူအံ့ဟု ကြံကာ ထိုထိုအကြောင်း ဥပါယ်တို့ဖြင့် ဥစ္စာကို စုဆောင်း၍ ငါ့ကို မွေးမြူခဲ့ဘူးပေသတတ်။ ညီအစ်ကိုဖြစ်၍ဌင်း, အစ်မ နှမ ဖြစ်၍ဌင်း, သားဖြစ်၍ဌင်း, သမီးဖြစ်၍ဌင်း, ဤမည် ဤမည်သော ကျေးဇူးပြုခြင်း အမှုကို ပြုခဲ့ဘူးပေသတတ်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်၌ ငါသည် စိတ်ကို ပျက်စေရန်-အမျက်ထွက်စေရန် မသင့် မလျော်ပေ-ဟု စိတ်ကို ဖြစ်စေအပ် ပေသည်။

မေတ္တာ၏ အာနိသင်တို့ကိုလည်း ဆင်ခြင်

(၂၄၉) ဤသို့ စိတ်ကိုဖြစ်စေသော်လည်း ဒေါသစိတ်ကို ငြိမ်းစေရန် မစွမ်းနိုင်သေးသည်သာ အကယ်၍ ဖြစ်ငြားအံ့။ သို့ဖြစ်လျှင် ဤယောဂီသည် မေတ္တာ၏ အာနိသင်တို့ကို ဤသို့ ဆင်ခြင်အပ်ကုန်၏။ အချင်းရဟန်း-မြတ်စွာဘုရားက-

"ရဟန်းတို့- မှီဝဲအပ်, ပွားစေအပ်, အကြိမ်များစွာ ပြုအပ်သော က,ထားသည် ယာဉ်ကဲ့သို့ တည်ရာကဲ့သို့ ပြုအပ်သော မြဲမြံစွာ တည်စေအပ်သော နိုင်နင်းအောင် လေ့ကျင့်ပြီးသော ကောင်းစွာ အားထုတ်ထားသော မေတ္တာစေတော ဝိမုတ္တိ၏[1] ၁၁-ပါးကုန်သော အာနိသင်တို့ကို ဧကန်ဖြစ်မည်ဟု အလိုရှိအပ်ကုန်၏။

အဘယ် ၁၁-မျိုးတို့နည်း? ဟူမူ- (၁) ချမ်းသားစွာ အိပ်ရ၏။ (၂) ချမ်းသာစွာ နိုးရ၏။ (၃) ယုတ်ညံ့သော အိပ်မက်ဆိုးတို့ကို မမြင်ရ။ (၄) လူတို့က ချစ်သည်။ (၅) နတ်တို့က ချစ်သည်။ (၆) နတ်တို့က စောင့်ရှောက်ကြသည်။ (၇) မေတ္တာပွားသူ၏ ကိုယ်၌ မီး, အဆိပ်, လက်နက် မကျရောက်နိုင်။ (၈) လျင်စွာ စိတ်တည်ကြည်၏။ (၉) မျက်နှာအဆင်း ကြည်လင်၏။ (၁၀) မတွေဝေပဲ သေရ၏။ (၁၁) အထက်မဂ်ဖိုလ် တရားကို မသိလတ် မရလတ်သော်လည်း ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏" ဟူ၍ ဟောတော်မူခဲ့သည် မဟုတ်ပါလော။

သင်သည် ဤဒေါသစိတ်ကို အကယ်၍ မငြိမ်းစေငြားအံ့။ ဤမေတ္တာ၏ အကျိုးအာနိသင်တို့မှ အပြင်ပ လက်လွတ်ဖြစ်ကာ ဆုံးရှုံးရပေလိမ့်မည်-ဟု ဆင်ခြင်အပ်၏။

---

[1] မေတ္တာ-ဟု သာမည်ဆိုလျှင် ရှေးအဖို့ မေတ္တာကိုလည်း ယူအပ်ကြောင်း၊ စေတောဝိမုတ္တိ-ဟု ဆိုလျှင်ကား မေတ္တာစျာန်ကိုသာ ယူအပ်ကြောင်း (အံ-၌၊ ပ-၃၆-၃၇)၌ ပြဆို၏။ စိတ်၏ နီဝရဏတို့မှ အထူးအားဖြင့် ဗျာပါဒမှ လွတ်ကြောင်းဖြစ်သောကြောင့် မေတ္တာကိုပင် စေတောဝိမုတ္တိ-ဟု ဆိုသည်။

မရသေးရင် ဓာတ်ကို ဆင်ခြင်

(၂၅၀) ဤသို့ ဆင်ခြင်သော်လည်း ငြိမ်းစေခြင်းငှာ မစွမ်းနိုင်သေးသော ယောဂီသည်ကား ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကို ပြုအပ်၏။ အဘယ်သို့နည်း? ဟူမူ-

"အချင်းရဟန်း- ထိုသူအား အမျက်ထွက်သော သင်သည် အဘယ်ကို အမျက်ထွက်သနည်း? ဆံပင်တို့ကို အမျက်ထွက်သလော။ သို့မဟုတ် အမွေးတို့ကို အမျက်ထွက်သလော။ သို့မဟုတ် လက်သည်း ခြေသည်းတို့ကို အမျက်ထွက်သလော။ ...ပ...။ သို့မဟုတ် ကျင်ငယ်ကို အမျက်ထွက်သလော။

တနည်းအားဖြင့် - ဆံပင်စသည်တို့၌ ပထဝီဓာတ်ကို အမျက်ထွက်သလော။ အာပေါဓာတ်ကို-၊ တေဇော ဓာတ်ကို-၊ ဝါယောဓာတ်ကို အမျက်ထွက်သလော။

တနည်းအားဖြင့်- အကြင် ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးတို့ကို မှီစွဲ၍ ဤအရှင်ကို ဤ အမည်ရှိသည်ဟု ခေါ်ဆိုအပ်၏။ ထိုခန္ဓာငါးပါး စသည်တို့တွင် ရူပက္ခန္ဓာကို အမျက်ထွက်သလော။ သို့မဟုတ် ဝေဒနက္ခန္ဓာကို-။ သညာက္ခန္ဓာကို-၊ သင်္ခါရက္ခန္ဓာကို-၊ ဝိညာဏက္ခန္ဓာကို အမျက်ထွက်သလော။ သို့မဟုတ် စက္ခာ-ယတနကို အမျက်ထွက်သလော၊ ရူပါယတနကို အမျက်ထွက်သလော။ ...ပ...။ မနာယတနကို အမျက်ထွက်သ လော၊ ဓမ္မာယတနကို အမျက်ထွက်သလော။ သို့မဟုတ် စက္ခုဓာတ်ကို အမျက်ထွက်သလော၊ ရူပဓာတ်ကို-၊ စက္ခုဝိညာဏဓာတ်ကို အမျက်ထွက်သလော။ မနောဓာတ်ကို-၊ ဓမ္မဓာတ်ကို-၊ မနောဝိညာဏဓာတ်ကို အမျက် ထွက်သလော-ဟု ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကို ပြုအပ်၏။

အကျိုးကား- ဤသို့ ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကို ပြုလျှင် အပ်နဖားထွင်း စူးဖျား၌ မုန်ညင်းစေ့ ၏ တည်ရာမရသကဲ့သို့ငှင်း၊ ဟင်းလင်းပြင် ကောင်းကင်၌ ပန်းချီဆေးရေးရန် တည်ရာဌာန မရှိသကဲ့သို့ငှင်း၊ အမျက်ဒေါသ၏ တည်ရာဌာနသည် မရှိတော့ပေ။

ဓာတ်မရ ဒါနလုပ်

(၂၅၁) ဆက်၍ ပြဦးအံ့- ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကို ပြုရန် မစွမ်းနိုင်သော သူသည် ပစ္စည်းကို ဝေဖန်ပေးကမ်းခြင်းကို ပြုအပ်၏။ မိမိ၏ ဥစ္စာကို ရန်သူဖြစ်သော သူတပါးအား ပေးအပ်၏။ သူတပါး၏ ဥစ္စာကို မိမိက လက်ခံယူအပ်၏။ အကယ်၌ ရန်သူဖြစ်သော သူတပါးသည် အသက်မွေးမှု သီလပျက်နေသောကြောင့် သူ့ပစ္စည်းကို မသုံးဆောင်ထိုက်ငြားအံ့။ သို့ဖြစ်လျှင် မိမိ၏ဥစ္စာကိုသာ ပေးအပ်၏။ ဤသို့ ပစ္စည်း အပေးအယူ ပြုလျှင် ထိုပုဂ္ဂိုလ်၌ ထိုယောဂီ၏ အာဃာတဒေါသသည် ဧကန်ပင် ငြိမ်း၏။

အဘယ်ကဲ့သို့နည်း? ဟူမူ- စိတ္တလတောင် ကျောင်းတိုက်၌ ထ၍ နေရာပေးစေရန် သုံးကြိမ်တိုင်တိုင် အနှောင့်အယှက် ပေးခံရသော ပိဏ္ဍပါတိကမထေရ်က "အရှင်ဘုရား- ဤသပိတ်သည် (၈)အသပြာ တန်ပါသည်။ တပည့်တော်၏ မယ်တော် ဥပါသိကာမကြီးက လှူထားသော တရားနှင့်အညီ ရသည့်လာဘ်ပစ္စည်း ဖြစ်ပါသည်။

ဥပါသိကာမကြီးအား ကောင်းမှုရအောင် ပြုတော်မူပါ"ဟု ဆိုရ၍ လူလိုက်သော သပိတ်ကိုရသော နှောင့်ယှက်သူ မထေရ်ကြီးမှာ အာဃာတဒေါသ ငြိမ်းသက့ဲသို့ ပေတည်း။ ဤပေးကမ်းခြင်းမည်သည် ဤသို့ပင် ကြီးမားသော အာနုဘော်ရှိ၏။ မှန်ပေ၏။ ဟောထားသော အောက်ပါဂါထာ စကားသည်လည်း ရှိပေ၏-

"အဒန္ဓံ ဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။

ပေးကမ်းခြင်းသည် မယဉ်ကျေးသေးသော သူကို ယဉ်ကျေးစေတတ်၏။ ပေးကမ်းခြင်းသည် အလုံးစုံသော အကျိုးကို ပြီးစေတတ်၏။ ပေးကမ်းခြင်းဖြင့်၄င်း, ချစ်ဖွယ်သောစကားဖြင့်၄င်း (ပေးသူ-ပြောသူတို့သည်) မျက်နှာပန်းပွင့်လျက် မြင့်တက်ကုန်၏။ (ခံယူသူ-ကြားနာသူတို့သည်) ပျော့ပျောင်းကြည်သာ ညွတ်လာတတ်ကုန်၏" ဟူ၍ပင်တည်း။

(၂၅) ဤသို့ ဆိုခဲ့သည့်အတိုင်း ရန်သူပုဂ္ဂိုလ်၌ အမျက်ဒေါသကို ငြိမ်းစေပြီးသော ထိုယောဂီအား ချစ်အပ်
သောပုဂ္ဂိုလ်, အလွန်ချစ်အပ်သော သူငယ်ချင်းနှင့် အလယ်အလတ် ပုဂ္ဂိုလ်တို့၌ ချမ်းသာစေလိုသော မေတ္တာစိတ် ဖြစ်သက့ဲသို့ ထို့အတူပင် ထိုရန်သူပုဂ္ဂိုလ်၌လည်း ချမ်းသာစေလိုသော မေတ္တာ၏အစွမ်းအားဖြင့် စိတ်သည် မပြတ် ဖြစ်၏။ ထိုအခါ ထိုယောဂီသည် အဖန်တလဲလဲ မေတ္တာပွားသည်ဖြစ်၍- (၁) မိမိ, (၂) ချစ်အပ်သော ပိယပုဂ္ဂိုလ်, (၃) အလယ်အလတ် မဇ္ဈတ္တပုဂ္ဂိုလ်, (၄) ရန်သူ ဝေရီပုဂ္ဂိုလ် ဟူသော ဤလေးဦးတို့၌ ချမ်းသာစေလိုသော အားဖြင့် ညီမျှသော စိတ်ရှိသည်၏ အဖြစ်ကို ပြီးစေလျက် (မိမိ, သူတပါး, ချစ်သူ, မုန်းသူ စသည်ဖြင့် ကွဲပြားသော) နယ်ပယ်၏ပျက်ခြင်း (သီမာသမ္ဘေဒ)[1]ကို ပြုအပ်၏။ ဤသည်ကား ထိုသီမာသမ္ဘေဒ၏ လက္ခဏာပေတည်း။

ဤမေတ္တာပွားသော ပုဂ္ဂိုလ်သည် ချစ်အပ်သော ပုဂ္ဂိုလ်, အလယ်အလတ် ပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်တို့နှင့် တကွ မိမိလျှင် ၄-ယောက်မြောက် ရှိသည်ဖြစ်၍ တစ်ခုသောအရပ်၌ နေလတ်သော် သူခိုးဒမြတို့က လာကြ၍ "အရှင်ဘုရား- ကျွန်ုပ်တို့အား ရဟန်းတပါးကို ပေးပါ"ဟု တောင်းဆိုကုန်ရာ၏။ အဘယ်ကိစ္စ အတွက်နည်း-ဟု မေးလျှင် "ထိုရဟန်းကို သတ်၍ လည်ချောင်းသွေးကို ယူပြီးလျှင် ဗလိနတ်စာ ပူဇော်ရန်အတွက် ဖြစ်ပါသည်"ဟု ဆိုကုန်ရာ၏။

ထိုသို့ဆိုရာ၌ ဤယောဂီရဟန်းသည် "ဤမည်သော ရဟန်းကိုသော်၄င်း, ဤမည်သော ရဟန်းကို သော်၄င်း ယူကြစေ"ဟု ကြံစည်ငြားအံ့။ သီမာသမ္ဘေဒကို ပြုခြင်းကိစ္စ မပြီးသေးသည်သာတည်း။ "ငါ့ကိုသာ

---

[1] **သီမာသမ္ဘေဒ**=ဟူသည် သီမာ-အပိုင်းအခြား+သမ္ဘေဒ-ပျက်ခြင်း= သီမာသမ္ဘေဒ- မိမိ သူတပါး စသည်ဖြင့် အကန့်အသတ် နယ်ပယ် ပျက်ခြင်း၊ ၄-ဦးသော ပုဂ္ဂိုလ်တို့၌ ချမ်းသာစေလိုသောအားဖြင့် ညီမျှသောစိတ် ရှိခြင်းပင် ဖြစ်သည်။

ယူကြ၊ ဤသုံးပါးတို့ကို မယူကြလင့်"ဟု ဤသို့သော်လည်း အကယ်၍ ကြံစည်ငြားအံ့။ သီမာသမ္ဘေဒကို ပြုခြင်းကိစ္စ မပြီးသေးသည်သာတည်း။ အဘယ်ကြောင့်နည်း ဟူမူ- အကြင် အကြင်ပုဂ္ဂိုလ်ကို ယူစေရန် အလိုရှိ၏။ ထိုထို ပုဂ္ဂိုလ်၏ အကျိုးစီးပွားကို အလိုမရှိမူ၍ အခြားသူတို့၏သာလျှင် အကျိုးစီးပွားကို အလိုရှိရာ ရောက်သောကြောင့် တည်း။

စင်စစ်မှာမူ အကြင်အခါ၌ လေးဦးသော ပုဂ္ဂိုလ်များထဲမှ တစ်ဦးကိုသော်လည်း သူခိုးဒမြတို့အား ပေးသင့် သည်ကို မမြင်။ မိမိ၌ငင်း, ထိုသုံးဦးသော ပုဂ္ဂိုလ်တို့၌ငင်း ချမ်းသာစေလိုသောအားဖြင့် အညီအမျှသာလျှင် ဖြစ်သော စိတ်ကို ဖြစ်စေ၏။ ထိုအခါ၌ သီမာသမ္ဘေဒကို ပြုအပ်ပြီး ဖြစ်တော့သည်။ ထို့ကြောင့် ရှေးဆရာတို့က မိန့်ကြသည်မှာ-

"မိမိ၌ငင်း, ချစ်အပ်သောသူ၌ငင်း, အလယ်အလတ် ပုဂ္ဂိုလ်၌ငင်း, ရန်သူ၌ငင်း လေးပါးအပြားရှိသော ဤပုဂ္ဂိုလ်အပေါင်း၌ (မိမိ သူတပါး, ချစ်သူ မချစ်သူ စသည်ဖြင့်) ထူးခြားခြင်းကို အကြင်အခါ၌ မြင်သေး ၏။ ထိုအခါ၌ ထိုမေတ္တာပွားသူကို "သတ္တဝါတို့၏ အစီးအပွား လိုလားသည့် စိတ်ရှိသူ" ဟူ၍သာလျှင် ဆိုအပ်ပေသည်။ "မေတ္တာ၌ လိုတိုင်းရသူ, ကျွမ်းကျင်သူ"ဟူ၍ကား မဆိုအပ်သေးပေ။

အကြင်အခါ၌မူ မေတ္တာပွားသော ရဟန်းအား မိမိကိုယ်စသော လေးပါးသော နယ်ပယ်တို့သည် အသီးအခြား မကွဲပြား ကြတော့ပဲ ပျက်လေကုန်၏။ နတ်နှင့်တကွသော အလုံးစုံသော လူအပေါင်း ဟူသော လောကကို မေတ္တာဖြင့် အညီအမျှ ဖြန့်နိုင်၏။ ယင်းရဟန်းအား မိမိကိုယ်စသော နယ်ပယ် အပိုင်းအခြားကို မသိရတော့ပေ။ ထိုအခါ၌ ထိုရဟန်းသည် ပထမ,က ပြခဲ့သော ရှေးပုဂ္ဂိုလ်ထက် ဘာဝနာဖြင့် ကြီးမြတ်ထူးကဲ လှပေ၏ (၀၊) အကြီးအကျယ် ထူးခြားခြင်း ရှိပေ၏" ဟူ၍ပင်တည်း။

(၂၅၃) ဤသို့ သီမာသမ္ဘေဒ ပြီးစီးသည်နှင့် တူမျှသော ကာလ၌ပင်လျှင် ဤမေတ္တာပွားသော ရဟန်းသည် (ပဋ္ဌိဘာဂ) နိမိတ်ကိုငင်း၊ ဥပစာရကိုငင်း ရပေ၏။ ဆက်ဦးအံ့- သီမာသမ္ဘေဒကို ပြုပြီးသောအခါ သီမာသမ္ဘေဒ၏ အစွမ်းဖြင့် ဖြစ်သော ထိုသမာဓိ နိမိတ်ကိုပင်လျှင် မှီဝဲ, ပွားများ, အကြိမ်များစွာ ပြုနေလျှင် ပထဝီကသိုဏ်း အရာ၌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင် အပွနာစျာန်သို့ မဆင်းရဲ မပင်ပန်းပဲပင် ရောက်လေတော့၏။

ဤမျှသော ဘာဝနာအစဉ်ဖြင့် ဤယောဂီသည် အင်္ဂါငါးပါးကို ပယ်၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသော, ကောင်းခြင်းသုံးပါး, လက္ခဏာဆယ်ပါးတို့နှင့်လည်း ပြည့်စုံသော မေတ္တာနှင့်တကွဖြစ်သော ပထမစျာန်ကို ရပြီး ဖြစ်တော့၏။ ဆက်ဦးအံ့- ထိုပထမစျာန်ကို ရပြီးလျှင် ထိုသမာဓိနိမိတ်ကိုပင် မှီဝဲ, ပွားများ, အကြိမ်များစွာ ပြုလျက် ဘာဝနာအစဉ်အားဖြင့် စတုက္ကနည်းအရ ဒုတိယ, တတိယစျာန်တို့ကိုငင်း, ပဉ္စကနည်းအရ ဒုတိယ, တတိယ, စတုတ္ထ စျာန်တို့ကိုငင်း ရောက်ပေ၏။

အကျိုးကား သုံးပါး လေးပါးသော မေတ္တာစျာန်တို့ကို ရပြီးသော ထိုယောဂီသည် ပထမစျာန် စသည်တို့ တွင် တပါးပါး၏ အစွမ်းဖြင့်-

"မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတ္တာ ဝိဟရတိ၊ တထာ ဒုတိယံ၊ တထာ တတိယံ၊ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗ္ယာပဇ္ဇေန ဖရိတ္တာ ဝိဟရတိ"(ဝိဘင်း၊၆၄၂။ ဒီ၊၁၊၅၅၈)

မေတ္တာနှင့်တကွ ဖြစ်သောစိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ဖြန့်၍ နေ၏။ ထို့အတူ ဒုတိယ အရပ်မျက်နှာကို ဖြန့်၍နေ၏။ ထို့အတူ တတိယအရပ်မျက်နှာကို ဖြန့်၍နေ၏။ ထို့အတူ စတုတ္ထ အရပ်မျက်နှာကို ဖြန့်၍နေ၏။ ဤသို့သောနည်းဖြင့် အထက်အရပ်မျက်နှာကိုလည်း, အောက်အရပ်မျက်နှာကိုလည်း, ဖီလာ ပတ်ဝန်းကျင် အထောင့်အရပ်မျက်နှာကိုလည်း ဖြန့်၍နေ၏။ အလုံးစုံသော အရပ်ဆယ်မျက်နှာ၌ အလုံးစုံသော သတ္တဝါရှိသော သတ္တလောကကို အလုံးစုံသော သတ္တဝါတို့၌ မိမိကိုယ်၏ အဖြစ်ဖြင့် (၀ါ) မိမိကိုယ်နှင့် အတူပြုသဖြင့် မေတ္တာနှင့်တကွဖြစ်သော, ပြန့်ပြောသော, မဟဂ္ဂတ်ဖြစ်သော, အတိုင်းအရှည် မရှိသည့် သတ္တဝါလျှင် အာရုံရှိသော, ရန်ကင်းသော, ဆင်းရဲကင်းသော စိတ်ဖြင့် ဖြန့်၍နေ၏။ မှန်ပေ၏။ ဈာန်၏ ကွန်မြူးစမ္ပါယ်ခြင်းဟူသော ဤသို့သော အမျိုးမျိုး အထွေထွေပြုခြင်းသည် ပထမ ဈာန် စသည်တို့၏ အစွမ်းအားဖြင့် အပွနာသို့ ရောက်သည့်စိတ်ရှိသော ပုဂ္ဂိုလ်အားသာလျှင် ပြီးစီးပြည့်စုံ နိုင်ပေ၏။

(၂၅၄) ဆက်၍ ဖွင့်ပြဦးအံ့- မေတ္တာသဟဂတေန အစရှိသော ပါဠိ၌ **မေတ္တာသဟဂတေန**-ဟူသည်ကား မေတ္တာနှင့် ပြည့်စုံသော, ယှဉ်သော။ **စေတသာ**-ဟူသည်ကား စိတ်ဖြင့်။ **ဧကံ ဒိသံ**- တစ်ခုသော အရပ်မျက်နှာ ဟူသော ဤစကားသည် တစ်ခုသော အရပ်မျက်နှာ၌ ရှေးဦးစွာ သိမ်းဆည်းအပ်သော သတ္တဝါအပေါင်းကို အစွဲပြု၍ တစ်ခုသော အရပ်မျက်နှာ၌ အကျုံးဝင်သော သတ္တဝါအပေါင်းကို မေတ္တာဖြန့်သည်၏ အစွမ်းအားဖြင့်-ဆိုသော စကားပေတည်း။ **ဖရိတ္တာ**-ဖြန့်၍ ဟူသည်ကား စိတ်ဖြင့် တွေ့ထိ၍, အာရုံပြု၍။ **ဝိဟရတိ**-နေ၏ ဟူသည်ကား မေတ္တာဈာန်ဟူသော ဗြဟ္မဝိဟာရ,က ထောက်ပံ့လျက် ခိုင်ခံ့စွာ တည်စေအပ်သော ဣရိယာပုထ်ဖြင့် နေခြင်းကို မပြတ်ဖြစ်စေ၏။

တထာ ဒုတိယံ-စသည်၌ အရှေ့အရပ် အစရှိသော အရပ်မျက်နှာတို့တွင် အမှတ်မရှိ တစ်ခုသော အရပ်မျက်နှာကို ဖြန့်၍ နေသကဲ့သို့ ထို့အတူပင် ထို၏အခြားမဲ့၌ ဒုတိယအရပ်မျက်နှာကိုလည်း, တတိယ အရပ်မျက်နှာကို လည်း, စတုတ္ထအရပ်မျက်နှာကိုလည်း ဖြန့်၍နေ၏။ ဤကား အနက်။ ဣတိ ဥဒ္ဓံ-ဟူသော ဤစကားဖြင့် ဤဆိုခဲ့သော နည်းဖြင့်ပင်လျှင် အထက်အရပ်မျက်နှာကို ဖြန့်၍ နေ၏-ဟု ဆိုလို၏။ အဓော တိရိယံ-ဟူရာ၌လည်း အောက် အရပ်ကိုလည်း, ဖီလာဝန်းကျင် အရပ်ကိုလည်း ဤအတူပင် ဖြန့်၍နေ၏ ဟုဆိုလိုသည်။ ထိုတွင် အဓော-ဟူသည်ကား အောက်အရပ်၌ သတ္တဝါအပေါင်းကို၊ တိရိယံ-ဟူသည်ကား

အထောင့်အရပ်၌ သတ္တဝါအပေါင်းကို။ ဤဆိုခဲ့သော နည်းဖြင့် အလုံးစုံသော အရပ်ဆယ်မျက်နှာတို့၌ မြင်းဝင်း၌ မြင်းကို စိုင်းနှင်သကဲ့သို့ ပြန်၍လည်း စိုင်းနှင်သကဲ့သို့ မေတ္တာနှင့်တကွဖြစ်သော စိတ်ကို စိုင်းလည်း စိုင်းနှင်၏။ ပြန်၍လည်း စိုင်းနှင်၏။ ဤကား ပုဒ်အဖွင့်တည်း။ တိရိယံ-ဟူသော ဤတိုင်အောင် စကားအစဉ်ဖြင့် တစ်ခုတစ်ခုသော အရပ်မျက်နှာကို သိမ်းဆည်း၍ အပိုင်းအခြား အားဖြင့် (ဩဒိသ)မေတ္တာ ဖြန့်ပုံကို ပြပေ၏။

သဗ္ဗမိ- အစရှိသော စကားကိုမူ အပိုင်းအခြား မရှိသောအားဖြင့် (အနောဓိသ) မေတ္တာဖြန့်ပုံကို ပြခြင်းဌာ မိန့်ဆိုအပ်ပေသည်။ ထိုစကားရပ်၌ သဗ္ဗမိ-ဟူသည်ကား အလုံးစုံသော အရပ်မျက်နှာ၌။ သဗ္ဗတ္ထတာယ-ဟူသည်ကား အယုတ် အလတ် အမြတ် မိတ်ဆွေ ရန်သူ အလယ်အလတ်ပုဂ္ဂိုလ် စသည် အပြားရှိကုန်သော အလုံးစုံသော သတ္တဝါတို့၌ မိမိကိုယ်၏ အဖြစ်ဖြင့်။ "ဤသူသည် တပါးသော သတ္တဝါတည်း"ဟု ခွဲခြားခြင်းကို မပြုမူ၍ မိမိနှင့် တူညီသည်၏ အဖြစ်ဖြင့်-ဟူ၍ ဆိုလို၏။ တနည်းကား- သဗ္ဗတ္ထတာယ-ဟူသောပုဒ်ဖြင့် "အနည်းငယ်မျှသော်လည်း အပြင်ပသို့ မပျံ့လွင့်စေမူ၍ အလုံးစုံသော သတ္တဝါရှိသော, အလုံးစုံသော သတ္တဝါတို့နှင့် ယှဉ်သော။ ဤကား အနက်။ လောကံ-ဟူသည်ကား သတ္တလောကို။

ဆက်၍ ရှင်းပြအံ့။ ဝိပုလေန-ဤသို့ အစရှိသော ပရိယာယ်ပုဒ်တို့ကို ပြုခြင်းကြောင့် အပိုင်းအခြား မရှိသော (အနောဓိသ) မေတ္တာဖြန့်ပုံကိုပြသော ဤစကားရပ်၌ မေတ္တာသဟဂတေန-ဟူသောပုဒ်ကို တဖန်ထပ်၍ မိန့်ဆိုအပ်ပေသည်။ တနည်းအားဖြင့် ရှင်းပြရလျှင် အပိုင်းအခြားအားဖြင့် (ဩဒိသ)မေတ္တာဖြန့်ပုံကို ပြရာ၌ကဲ့သို့ ဤအနောဓိသ မေတ္တာဖြန့်ပုံကို ပြရာ၌ တထာ-သဒ္ဒါကိုင်း, ဣတိ-သဒ္ဒါကိုင်း တဖန်ထပ်၍ မဟောခဲ့ပေ။ ထို့ကြောင့် မေတ္တာသဟဂတေန စေတသာ-ဟု တဖန်ထပ်၍ ဟောအပ်ပေသည်။ တနည်းသော်ကား နိဂုံးချုပ်သည့် အလိုအားဖြင့် ထိုစကားကို မိန့်ဆိုအပ်ပေသည်။ ဝိပုလေန-ဟူသော ဤပုဒ်၌ ဖြန့်ခြင်း၏အစွမ်းအားဖြင့် ပြန့်ပြော ခြင်းကို မှတ်အပ်၏။

ရူပဘုံ၏ အစွမ်းအားဖြင့် ဤမေတ္တာစျာန်သည် **မဟဂ္ဂုတ်**မည်ပေ၏။ လေ့လာကျေပြွန်သည်၏ အစွမ်းအားဖြင့်ဌင်း, အတိုင်းအရှည် အပိုင်းအခြား မရှိသော သတ္တဝါတို့ကို အာရုံပြုသည်၏ အစွမ်းအားဖြင့်ဌင်း **အပ္ပမာဏ** မည်ပေ၏။ ဗျာပါဒ-ဒေါသဟူသော ရန်သူကို ပယ်ခြင်းကြောင့် အဝေရ-မည်ပေ၏။ ဒေါမနဿကို ပယ်ခြင်းကြောင့် အဗျာပဇ္ဇ မည်ပေ၏။ စိတ်ဆင်းရဲ မရှိ-ဟု ဆိုလိုသည်။ ယခုဆိုခဲ့သော စကားသည် မေတ္တာသဟဂတေန စေတသာ အစရှိသော နည်းဖြင့် ဟောထားသော အမျိုးမျိုး အထွေထွေပြုခြင်း မေတ္တာပွားခြင်း၏ အနက်ပေတည်း။

(၂၅၅) ဆက်၍ ရှင်းပြဦးအံ့။ ယခုပြခဲ့သော အမျိုးမျိုး အထွေထွေ မေတ္တာပွားခြင်းသည် အပွနာသို့ ရောက် သည့်စိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြီးစီးပြည့်စုံသကဲ့သို့ ထို့အတူ-

"ငါးပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်သော (အနောဓိသ) မေတ္တာ-စေတောဝိမုတ္တိသည် ဖြစ်၏။ ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားအားဖြင့် ဖြန့်သော (သြဓိသ) မေတ္တာစေတောဝိမုတ္တိသည် ဖြစ်၏။ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အရပ်မျက်နှာကို ဖြန့်သော မေတ္တာစေတောဝိမုတ္တိသည် ဖြစ်၏" ဟူ၍

ပဋ္ဌိသမ္ဘိဒါမဂ်၌ ဟောထားသော အမျိုးမျိုး အထွေထွေ မေတ္တာပွားခြင်းသည်လည်း အပွနာသို့ ရောက်သည့်စိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြီးစီးပြည့်စုံသည်ဟု သိအပ်ပေသည်။ ထိုပဋ္ဌိသမ္ဘိဒါမဂ်၌-

(၁)**သဗ္ဗေ သတ္တာ**- အလုံးစုံသော သတ္တဝါတို့သည်၊

အဝေရာ- ရန်ကင်းကြပါစေ၊

အဗျာပဇ္ဇာ-စိတ်ဆင်းရဲ ကင်းကြပါစေ၊

အနီဃာ-ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

သုခီ အတ္တာနံ ပရိဟရန္တု-ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(၂) **သဗ္ဗေ ပါဏာ**-အလုံးစုံသော အသက်ရှူသူတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၃) **သဗ္ဗေ ဘူတာ**-အလုံးစုံသော ထင်ရှားဖြစ်သူတို့သည်-၊ (၄) **သဗ္ဗေ ပုဂ္ဂလာ**- အလုံးစုံသော ပုဂ္ဂိုလ်တို့သည်-၊ (၅) **သဗ္ဗေ အတ္တ-ဘာဝပရိယာပန္နာ**- အလုံးစုံသော အတ္တဘော၌ အတွင်းဝင်သူတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ- ဟူသော ဤငါးပါးသော အခြင်းအရာတို့ဖြင့် **အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်သော (အနောဓိသ) မေတ္တာစေတောဝိမုတ္တိကို** သိအပ်၏။

(၁)**သဗ္ဗာ ဣတ္ထိယော**-အလုံးစုံသော မိန်းမတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၂) **သဗ္ဗေ ပုရိသာ**- အလုံးစုံသော ယောကျ်ားတို့သည်-၊ (၃) **သဗ္ဗေ အရိယာ**- အလုံးစုံသော အရိယာတို့သည်-၊ (၄) **သဗ္ဗေ အနရိယာ**- အလုံးစုံသော ပုထုဇဉ်တို့သည်-၊ (၅) **သဗ္ဗေ ဒေဝါ**- အလုံးစုံသော နတ်တို့သည်-၊ (၆) **သဗ္ဗေ မနုဿာ**- အလုံးစုံသော လူတို့သည်-၊ (၇) **သဗ္ဗေ ဝိနိပါတိကာ**- အလုံးစုံသော အပါယ်ဘုံသားတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲ ကင်းကြ ပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ဤ ၇-ပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားအားဖြင့် ဖြန့်သော(သြဓိသ) မေတ္တာစေတောဝိမုတ္တိကို သိအပ်၏။

(၁) **ပုရတ္ထိမာယ ဒိသာယ**- အရှေ့အရပ်၌ အလုံးစုံသော **သတ္တဝါတို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲ ကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၂) **ပစ္ဆိမာယ ဒိသာယ**-အနောက်အရပ်၌ -။ (၃) **ဥတ္တရာယ ဒိသာယ**-မြောက်အရပ်၌ -၊ (၄) **ဒက္ခိဏာယ ဒိသာယ**-တောင်အရပ်၌ -၊ (၅) **ပုရတ္ထိမာယ အနုဒိသာယ**- အရှေ့တောင်အရပ်၌-၊ (၆) **ပစ္ဆိမာယ အနုဒိသာယ**- အနောက်မြောက် အရပ်၌-၊ (၇) **ဥတ္တရာယ အနုဒိသာယ**- အရှေ့မြောက်အရပ်၌-၊ (၈)**ဒက္ခိဏာယ အနုဒိသာယ**-အနောက်တောင် အရပ်၌-၊ (၉) **ဟေဋ္ဌိမာယ ဒိသာယ**-အောက်အရပ်၌-၊ (၁၀) **ဥပရိမာယ ဒိသာယ**- အထက်အရပ်၌ အလုံးစုံသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (သတ္တဝါရ-၁)

(၁) အရှေ့အရပ်၌ အလုံးစုံသော **အသက်ရှူသူတို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ် ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၂) အနောက်အရပ်၌-၊ (၃) မြောက်အရပ်၌-၊ (၄)တောင်အရပ်၌-၊ (၅) အရှေ့တောင် အရပ်၌-၊ (၆)အနောက်မြောက် အရပ်၌-၊ (၇) အရှေ့ မြောက်အရပ်၌-၊ (၈) အနောက်တောင် အရပ်၌-၊ (၉) အောက်အရပ်၌-၊ (၁၀) အထက်အရပ်၌ အလုံးစုံသော အသက်ရှူသူတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (ပါဏဝါရ-၂)

(၁) အရှေ့အရပ်၌ အလုံးစုံသော **ထင်ရှားဖြစ်သူတို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၂) အနောက်အရပ်၌-၊ (၃) မြောက်အရပ်၌-၊ (၄)တောင်အရပ်၌-၊ (၅) အရှေ့တောင် အရပ်၌-၊ (၆)အနောက်မြောက် အရပ်၌-၊ (၇) အရှေ့ မြောက်အရပ်၌-၊ (၈) အနောက်တောင် အရပ်၌-၊ (၉) အောက်အရပ်၌-၊ (၁၀) အထက်အရပ်၌ အလုံးစုံသော ထင်ရှားဖြစ်သူတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (ဘူတဝါရ-၃)

(၁) အရှေ့အရပ်၌ အလုံးစုံသော **ပုဂ္ဂိုလ်တို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ် ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ...ပ...။ (၁၀) အထက်အရပ်၌ အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (ပုဂ္ဂလဝါရ-၄)

(၁) အရှေ့အရပ်၌ အလုံးစုံသော **အတ္တဘောဝ် အတွင်းဝင်သူတို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲ ကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ...ပ...။ (၁၀) အထက်အရပ်၌ အလုံးစုံသော အတ္တဘောဝ် အတွင်းဝင်သူတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲ ကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (အတ္တဘာဝ ပရိယာပန္နဝါရ-၅)

(၁) အရှေ့အရပ်၌ အလုံးစုံသော **မိန်းမတို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ...ပ...။ (၁၀) အထက်အရပ်၌ အလုံးစုံ သော မိန်းမတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (ဣတ္ထိဝါရ-၆)

(၁) အရှေ့အရပ်၌ အလုံးစုံသော **ယောကျ်ားတို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ...ပ...။ (၁၀) အထက်အရပ်၌ အလုံးစုံသော ယောကျ်ားတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (ပုရိသဝါရ-၇)

(၁) အရှေ့အရပ်၌ အလုံးစုံသော **အရိယာတို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ...ပ...။ (၁၀) အထက်အရပ်၌ အလုံးစုံသော အရိယာတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (အရိယဝါရ-၈)

(၁) အရှေ့အရပ်၌ အလုံးစုံသော **ပုထုဇဉ်တို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ...ပ...။ (၁၀) အထက်အရပ်၌ အလုံးစုံသော ပုထုဇဉ်တို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (အနရိယဝါရ-၉)

(၁) အရှေ့အရပ်၌ အလုံးစုံသော **နတ်တို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ...ပ...။ (၁၀) အထက်အရပ်၌ အလုံးစုံ သော နတ်တို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (ဒေဝဝါရ-၁၀)

(၁) အရှေ့အရပ်၌ အလုံးစုံသော **လူတို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ...ပ...။ (၁၀) အထက်အရပ်၌ အလုံးစုံ သော လူတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (မနုဿဝါရ-၁၁)

(၁) အရှေ့အရပ်၌ အလုံးစုံသော **အပါယ်ဘုံသားတို့သည်** ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ...ပ...။ (၁၀) အထက်အရပ် ၌ အလုံးစုံသော အပါယ်ဘုံသားတို့သည် ရန်ကင်းကြပါစေ, စိတ်ဆင်းရဲကင်းကြပါစေ, ကိုယ်ဆင်းရဲ ကင်းကြပါစေ, ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (ဝိနိပါတဝါရ-၁၂)

-ဟူသော ဤဆယ်ပါးသော အခြင်းအရာတို့ဖြင့် အရပ်မျက်နှာကို ဖြန့်သော မေတ္တာစေတောဝိမုတ္တိကို သိအပ်၏။

(၂၅၆) မေတ္တာပွားပုံကိုပြသော သဗ္ဗေ သတ္တာ-အစရှိသော ထိုစကားရပ်၌ သဗ္ဗေ-အလုံးစုံကုန်သော ဟူသော ဤစကားသည် အကြွင်းမဲ့သိမ်းယူသော စကားပေတည်း။ သတ္တာ-သတ္တဝါတို့သည် ဟူရာ၌ **ရူပ်,အစရှိ သော ခန္ဓာတို့၌ လိုချင်တပ်မက်သော ဆန္ဒရာဂဖြင့် ကပ်ငြိတွယ်တာကြသောကြောင့် သတ္တာ-သတ္တဝါ မည်ကုန်၏။** မှန်ပေ၏။ မြတ်စွာဘုရားသည် အောက်ပါစကားကို ဟောတော်မူခဲ့ပေသည်-

"ရဟန်းအိုကြီး ရာဓ- ရူပ်၌ အကြင်လိုချင်ခြင်းသည်, အကြင်တပ်မက်ခြင်းသည်, အကြင် ဆာလောင်ခြင်း တဏှာသည် ရှိ၏။ ထိုရူပ်၌ ထိုတဏှာဖြင့် ငြိကပ်တွယ်တာတတ်၏။ ထို့ကြောင့် သတ္တ-သတ္တဝါဟု ခေါ်ဆို အပ်၏။ ဝေဒနာ၌- သညာ၌- သင်္ခါရ၌- ဝိညာဏ်၌ အကြင်လိုချင်ခြင်း, တပ်မက်ခြင်း, နှစ်သက်ခြင်း, ဆာလောင်ခြင်း တဏှာသည် ရှိ၏။ ထိုဝိညာဏ်၌ ထိုတဏှာဖြင့် ငြိကပ်တွယ်တာတတ်၏။ ထို့ကြောင့် သတ္တ-သတ္တဝါဟု ခေါ်ဆို အပ်၏" ဟူ၍ ဟောတော်မူအပ်၏။

ဆက်၍ ရှင်းပြအံ့- ဤသတ္တဝါဟူသော ဝေါဟာရသည် တပ်မက်မှု ရာဂကင်းသော ရဟန္တာတို့၌လည်း အတင်ရုဋ္ဌိ အတွင်ရုဋ္ဌိ သဒ္ဒါအလိုအားဖြင့်[1] ဖြစ်သည်သာလျှင်တည်း။ တာလဝဏ္ဏ-ထန်းရွက်ယပ်ဟူသော

[1] ပုံသဏ္ဌာန်စသည် တူသဖြင့် တင်စား၍ခေါ်သော အမည်သည် **အတင်ရုဋ္ဌိ**မည်၏။ ဥပမာ-ဝါးနီးဖြင့် ပြုလုပ်ထားသော ယပ်ကို တာလ-ဝဏ္ဏ-ထန်းရွက်ယပ်ဟု ခေါ်သကဲ့သို့ပင်။ ရာဂရှိသော ပုဂ္ဂိုလ်တို့၌လည်း ခန္ဓာငါးပါးရှိသည်။ ရာဂကင်းသော ရဟန္တာတို့၌လည်း ခန္ဓာငါးပါး ရှိသည်။ ဤသို့ ခန္ဓာငါးပါးရှိပုံခြင်း တူသောကြောင့် ရဟန္တာတို့ကိုလည်း အတင်ရုဋ္ဌိအားဖြင့် သတ္တ-သတ္တဝါဟု ခေါ်သည်။

ဝေါဟာရ သည် ဝါးနှီးဖြင့် လုပ်ထားသော ယပ်အထူးဌ် ဖြစ်သကဲ့သို့ပင်တည်း။ သဒ္ဒါဆရာတို့သည်ကား အနက်ကို မစိစစ်မူ၍ ဤသတ္တ-သတ္တဝါဟူသော အမည်ကို အမည်မျှသာဟူ၍ အလိုရှိကုန်၏။ အနက်ကို စိစစ်သော ဆရာတို့သည်ကား သတ္တဂုဏ်နှင့် ယှဉ်ခြင်းကြောင့် သတ္တ-သတ္တဝါမည်သည်ဟု[1] အလိုရှိကုန်၏။

အသက်ရှူတတ်သောကြောင့် **ပါဏ** မည်ကုန်၏။ ထွက်သက် ဝင်သက်နှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့် ဟု ဆိုလို၏။ ထင်ရှားဖြစ်ခြင်းကြောင့် **ဘူတ** မည်ကုန်၏။ ကောင်းစွာဖြစ်ခြင်း, အသစ်ထင်ရှား ဖြစ်ခြင်းကြောင့်ဟု ဆိုလို၏။ ငရဲကို 'ပုံ'ဟု ခေါ်သည်။ ထိုငရဲသို့ ရောက်တတ်သောကြောင့် **ပုဂ္ဂလ-ပုဂ္ဂိုလ်**[2] မည်ကုန်၏။ ကိုယ်ကို သို့မဟုတ် ခန္ဓာငါးပါးအပေါင်းကို အတ္တဟု ထင်မှတ်ရခြင်း၏ အကြောင်းဖြစ်သောကြောင့် **အတ္တဘာဝ-အတ္တဘော** ဟု ခေါ်သည်။ အဘယ့်ကြောင့်နည်းဟူမူ- ထိုခန္ဓာငါးပါးအပေါင်းကို စွဲ၍ ပညတ်မျှ ဖြစ်သင့်သောကြောင့် ပေတည်း။ ထိုအတ္တဘာဝ-အတ္တဘောဌ် ပရိယာပန္နဖြစ်သောကြောင့် အတ္တဘာဝ-ပရိယာပန္န မည်ကုန်၏။ ပရိယာပန္န-ဟူသည် ကား ပိုင်းခြားအပ်ကုန်သည်, အတွင်းဝင်အပ်ကုန်သည်-ဟု အနက်ရ၏။

ဆက်၍ ပြဦးအုံ- အတ္တသဒ္ဒါကဲ့သို့ပင် ထို့အတူ ကြွင်းသော ပါဏ-အစရှိသော သဒ္ဒါတို့ကိုလည်း ရှင်ဌေအစွမ်း အားဖြင့် တင်၍ ဤသဒ္ဒါအားလုံးတို့သည် သတ္တဝါအားလုံးကို ဟောသည့် ဝေဝုစ် ပရိယာယ် စကားလှယ်တို့ ဖြစ်ကြ သည်ဟူ၍ သိအပ်ကုန်၏။ သတ္တဝါအားလုံးကို ဟောသည့် ဝေဝုစ် ပရိယာယ် စကားလှယ်ဖြစ်ကြသော ဇန္တု, ဇီဝ အစရှိသော အခြားသဒ္ဒါတို့လည်း ရှိကြသေး၏။ သို့သော်လည်း

ထိုပြင် ခေါ်ဝေါ်နေကျဖြစ်၍ တွင်နေသော အမည်သည် **အတွင်ရှင်ဌေ**မည်၏။ ဥပမာ-သင်ကြားပြသပေးသော သူကို ဆရာဟု ခေါ်ကြ၏။ ထိုသူသည် သင်ကြားပြသမှုမှ ရပ်စဲ၍ နေပြားသော်လည်း ထိုသူကို ဆရာ-ဟု ခေါ်တွင်နေခြင်းမျိုး ပင်တည်း။ သတ္တ-ဟူသော ဤဝေါဟာရသည်လည်း ရာဂရှိစဉ်က ခေါ်တွင်နေသောကြောင့် ရဟန္တာတို့၌လည်း သတ္တ-သတ္တဝါဟူ၍ပင် ခေါ်တွင်မြဲ ခေါ်တွင်နေလေ သည်။

[1] **သတ္တဂုဏ်နှင့် ယှဉ်ခြင်းကြောင့်**-ဟူရာ၌ ဗုဒ္ဓခေါ်အသိဉာဏ်သည်ဌင်း, လုံ့လဝီရိယသည်ဌင်း, ဥသ္မာခေါ်အပူဌေ့ တေဇောသည်ဌင်း, သတ္တဂုဏ်မည်၏။ ထိုသတ္တဂုဏ်နှင့် ယှဉ်ခြင်းကြောင့် သတ္တ-သတ္တဝါမည်ကုန်၏။ ဥပမာ- ညိုသောအဆင်းဂုဏ်နှင့် ယှဉ်ခြင်းကြောင့် ပုဆိုးကို အညိုဟု ခေါ်ဆိုအပ်သကဲ့သို့ပင်တည်း။

[2] **ပုဂ္ဂလ**= ပုံ-ငရဲသို့+ဂလ-ရောက်တတ်သည်= ပုဂ္ဂလ-ငရဲသို့ရောက်တတ်သူ, ငရဲသို့ကျတတ်သူ ဟု တိုက်ရိုက်အားဖြင့် အနက်ရ၏။ သို့သော် လည်း သတ္တဝါဟူသမျှကိုပင် ပုဂ္ဂလ-ပုဂ္ဂိုလ်ဟု ခေါ်ကြသည်။ ဋီကာ၌ကား- "ပူရဏ-ပြည့်စေတတ်သောကြောင့်ဌင်း, ဂလန-လျောကျတတ် သောကြောင့်ဌင်း ပုဂ္ဂလ-မည်ကုန်၏ဟု သဒ္ဒါဆရာတို့က ဆိုကြ၏။ ချဲ့ပြအုံ- သတ္တဝါတို့သည် ဘဝသစ်၌ ဖြစ်ကုန်လတ်သော် ထိုထို သတ္တဝါ အပေါင်းကို ပြည့်စေကုန်သကဲ့သို့ ရှိကြ၏။ ခပ်သိမ်းသော အခိုက်အတန်၌ သေလျက် ကျတတ်သောကြောင့် လျောကျစုတေတတ်ကုန်၏။ ဤကား (ပူရ+ဂလ=ပုဂ္ဂလ)တို့၏ အနက်ပေတည်း"ဟု တနည်း ဖွင့်ပြထား၏။ ထိုအလိုအားဖြင့် ပူရ ပု-ပြည့်စေတတ်သည်+ဂလ-လျောကျ တတ်သည်= ပုဂ္ဂလ-ပြည့်စေတတ် လျောကျတတ်သူဟု ဆိုရာ၏။ ဤအဆိုသည် သတ္တဝါအားလုံးနှင့် သက်ဆိုင်ပေ၏။

ထင်ရှားသည်၏ အစွမ်းအားဖြင့် ဤငါးပုဒ်တို့ကို သာ ယူ၍ "ငါးပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်သော အနောဓိသ မေတ္တာ စေတောဝိမုတ္တိဖြစ်သည်" ဟူ၍ ဟောထားပေသည်။

အကြင်ဆရာတို့သည်ကား သတ္တ, ပါဏ စသော သဒ္ဒါတို့၏ ထူးခြားခြင်းသည် သက်သက် သဒ္ဒါမျှသာ ဟူ၍ မယူလိုကုန်။ စင်စစ်သော်ကား အနက်အရအားဖြင့်လည်း ထူးခြားခြင်းကို ယူလိုကုန်ရာ၏။ ထိုဆရာတို့၏ အလိုအားဖြင့် အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်ခြင်းသည် ဆန့်ကျင်၏။[1] ထို့ကြောင့် ထိုသို့ အနက်အရပါ ကွဲပြားသော အနက်ကို မယူမူ၍ ဤငါးပါးသော အခြင်းအရာတို့တွင် တပါးပါး၏ အစွမ်းအားဖြင့် အပိုင်းအခြား မရှိ သောအားဖြင့် အနောဓိသမေတ္တာကို ဖြန့်အပ်ပေသည်။

၅၈-သွယ် မေတ္တာ ရေတွက်ပုံ

(၂၅၇) ဤသို့ ဖြန့်ရာ၌လည်း အလုံးစုံသော သတ္တဝါတို့သည် (အဝေရာ)ရန်ကင်းကြပါစေ-ဟူသော ဤမေတ္တာဖြန့်ခြင်းသည် တစ်ခုသော အပွနာပေတည်း။ (အဗျာပဇ္ဇာ) စိတ်ဆင်းရဲ ကင်းကြပါစေ-ဟူသော ဤဖြန့်ခြင်းသည် တစ်ခုသော အပွနာပေတည်း။ အဗျာပဇ္ဇာ-ဟူသည်ကား ဗျာဓ-ခေါ်သော နှိပ်စက်တတ်သည့် စိတ်ဆင်းရဲကင်းကုန်သည်-ဟု ဆိုလိုသည်။ (အနီဃာ) ကိုယ်ဆင်းရဲ ကင်းပါစေ-ဟူသော ဤဖြန့်ခြင်းသည် တစ်ခုသော အပွနာပေတည်း။ အနီဃာ-ဟူသည်ကား နိဒ္ဒုက္ခာ-ကိုယ်ဆင်းရဲ ကင်းကုန်သည်ဟု ဆိုလိုသည်။ ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ-ဟူသော ဤဖြန့်ခြင်းသည် တစ်ခုသော အပွနာပေတည်း။ ထို့ကြောင့် ဤလေးပုဒ်တို့တွင်လည်း အကြင် အကြင်ပုဒ်သည် ထင်ရှား၏။ ထိုထို ထင်ရှားသော ပုဒ်၏ အစွမ်း အားဖြင့် မေတ္တာကို ဖြန့်အပ်၏။ ဤဆိုခဲ့သည့်အတိုင်း (အလုံးစုံသော သတ္တဝါတို့သည် အစရှိသော) ငါးပါးသော အခြင်းအရာတို့၌ (ရန်ကင်းကြပါစေ အစရှိသော) လေးပါး လေးပါးသော အပွနာတို့၏ အစွမ်းအားဖြင့် **အနောဓိသ-အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်ရာ၌ အပွနာ ၂၀-** ဖြစ်ကုန်၏။

ဩဓိသ-အပိုင်းအခြားအားဖြင့် ဖြန်ရာ၌ကား (အလုံးစုံသော မိန်းမတို့သည် အစရှိသော) ၇-ပါးသော အခြင်းအရာတို့၌ လေးပါး လေးပါးကုန်သော အပွနာတို့၏ အစွမ်းအားဖြင့် အပွနာ ၂၈-ပါး ဖြစ်ကုန်၏။

---

[1] **သတ္တ**-အရ တပ်မက်မှု-ရာဂရှိသူ တို့ကိုသာ ယူလျှင် ရာဂကင်းသော ရဟန္တာတို့ ကျန်နေသောကြောင့်၄င်း, ပါဏ-အရ အသက်ရှူသူတို့ကို သာ ယူလျှင် အသက်မရှူသော ဗြဟ္မာတို့ ကျန်နေသောကြောင့်၄င်း ဤသို့ စသည်ဖြင့် သတ္တဝါ အားလုံးကို မရောက်သောကြောင့် အပိုင်း အခြား မရှိသောအားဖြင့် သတ္တဝါအားလုံးကို မေတ္တာဖြန့်ခြင်း မဖြစ်ဟု ဆိုလို၏။

ဆက်ဦးအုံ- ဤအပိုင်းအခြားအားဖြင့် ဖြန့်ရာ၌ 'မိန်းမတို့သည်, ယောကျ်ားတို့သည်' ဟူသော ၂-ပုဒ်ကို လိင်၏ အစွမ်းအားဖြင့် ဟောအပ်ပေသည်။ 'အရိယာတို့သည်, အရိယာမဟုတ်သူတို့သည်' ဟူသော ၂-ပုဒ်ကို အရိယာနှင့် ပုထုဇဉ်တို့၏ အစွမ်းအားဖြင့် ဟောအပ်ပေသည်။ 'နတ်တို့သည်, လူတို့သည်, အပါယ်ဘုံသားတို့သည်' ဟူသော ၃-ပုဒ်ကို ကပ်၍ဖြစ်ခြင်း ဟူသော ဥပပါတ် ပဋ္ဌိသန္ဓေ၏ အစွမ်းအားဖြင့် ဟောအပ်ပေသည်။

အရပ်မျက်နှာအားဖြင့် ဖြန့်ရာ၌ကား "အရှေ့အရပ်မျက်နှာ၌ အလုံးစုံသော သတ္တဝါတို့သည်" ဤသို့ အစရှိ သော နည်းဖြင့် တစ်ခု တစ်ခုသော အရပ်မျက်နှာ၌ နှစ်ဆယ် နှစ်ဆယ်ပြု၍ ၂၀၀-ဖြစ်ကုန်၏ (၁၀x၂၀=၂၀၀)။ "အရှေ့အရပ်၌ အလုံးစုံ မိန်းမတို့သည်" ဤသို့ အစရှိသောနည်းဖြင့် တစ်ခုတစ်ခုသော အရပ်မျက်နှာ၌ နှစ်ဆဲ့ရှစ်, နှစ်ဆဲ့ရှစ် တို့ကို ပြု၍ ၂၈၀-ဖြစ်ကုန်၏ (၁၀x၂၈=၂၈၀)။ ဤသို့ အားဖြင့် အပွနာ ၄၈၀-ဖြစ်ကုန်၏။ (အနောဓိသ ၂၀+ သြဓိသ ၂၈+ ဤအရပ်မျက်နှာအားဖြင့် ဖြန့်ရာ၌ ၄၈၀-ဟူသော) ဤအပြားအားဖြင့် ပဋ္ဌိသမ္ဘိဒါမဂ်၌ ဟောထားသော အပွနာအလုံးစုံတို့သည် ၅၂၈-ပါး ဖြစ်ကုန်၏။ ဤတွင် တစ်ရပ်ပြီး၏။

မေတ္တာ၏ အကျိုး ၁၁-ပါး

ယခု ပြဆိုခဲ့သည့်အတိုင်း ၅၂၈-သွယ်သော အပွနာတို့တွင် အမှတ်မရှိ တပါးပါးသော အပွနာ၏ အစွမ်းအားဖြင့် မေတ္တာ-စေတောဝိမုတ္တိကို ပွားစေ၍ ဤယောဂီပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်ရ၏- အစရှိသောနည်းဖြင့် ဟောတော်မူအပ်ကုန်သော ၁၁-ပါးသော အာနိသင်အကျိုးတို့ကို ရပေ၏။

(၂၅) ထိုတွင် **ချမ်းသာစွာ အိပ်ရ၏**-ဟူသည်ကား မေတ္တာ-စေတောဝိမုတ္တိကို ရသူမှ ကြွင်းကုန်သော အခြားပုဂ္ဂိုလ်တို့သည် တပြောင်းပြန်ပြန် လူးလှိမ့်ကုန်လျက် 'ဂရူး, ဂရူး' ဟု ဟောက်ကုန်လျက် ဆင်းရဲစွာ အိပ်ရကုန်သကဲ့သို့ ထို့အတူ ဆင်းရဲစွာ မအိပ်ရမူ၍ ချမ်းသာစွာ အိပ်ရ၏။ အိပ်ပျော်ခြင်းသို့ ရောက်နေသော်လည်း သမာပတ် ဝင်စားနေသကဲ့သို့ ဖြစ်ပေ၏။ (၁)

ချမ်းသာစွာ နိုးရ၏-ဟူသည်ကား အခြားသူတို့သည် ညည်းတွားကုန်လျက်, ကိုယ်လက်တို့ကို ပစ်ခွဲကုန်လျက်, လူးလှိမ့်ကုန်လျက်, ဆင်းရဲစွာ နိုးရသကဲ့သို့ ထို့အတူ ဆင်းရဲစွာ မနိုးမူ၍ ပဒုမ္မာကြာပန်း ပွင့်လာသကဲ့သို့ ကိုယ်၏ ဖေါက်ပြန်ခြင်း မရှိပဲ ချမ်းသာစွာ နိုးရပေ၏။ (၂)

ယုတ်ညံ့သော အိပ်မက်ဆိုးတို့ မမြင်ရ-ဟူသည်ကား အိပ်မက်ကို မြင်သော်လည်း အိပ်မက်ကောင်းကိုသာ မြင်ရ၏။ စေတီတော်ကို ရှိခိုးနေသကဲ့သို့ငင်း, ပူဇော်ခြင်းကို ပြုနေသကဲ့သို့ငင်း, တရားကို နာနေရသကဲ့သို့ငင်း မြင် မက်၏။ အခြားသူတို့သည် မိမိကို ခိုးသူ လူဆိုးတို့က ဝိုင်းရံထားသကဲ့သို့ငင်း, ကျားစသော သားရဲတို့၏ အနှိပ်စက် ခံနေရသကဲ့သို့ငင်း, ကမ်းပါးပြတ်၌ ကျသွားသကဲ့သို့ငင်း မြင်မက်ကုန်သကဲ့သို့ ထို့အတူ ယုတ်ညံ့သော အိပ်မက်ဆိုး တို့ကို မမြင်မက်ရပေ။ (၃)

လူတို့က ချစ်သည်- ဟူသည်ကား လည်၌ စွပ်၍ ရင်၌ တွဲလွဲကျနေသော ပုလဲသွယ်ကဲ့သို့၄င်း, ဦးခေါင်း၌ ပန်ဆင်ထားသော ပန်းကုံးကဲ့သို့၄င်း လူတို့က ချစ်ခင်မြတ်နိုးပေ၏။ (၄)

နတ်တို့က ချစ်သည်- ဟူသည်ကား လူတို့က ချစ်သကဲ့သို့ပင် နတ်တို့ကလည်း ချစ်ပေ၏။ ဝိသာခ-မည်သော မထေရ်ကဲ့သို့ပင်တည်း။

ဝိသာခ မထေရ်အကြောင်း

ထိုဝိသာခ မထေရ်သည် ရဟန်းမပြုမီက ပါဋ္ဌလိပုတ်မြို့၌ သူကြွယ်တစ်ဦး ဖြစ်သတတ်။ ထိုဝိသာခ သူကြွယ်သည် ထိုပါဋ္ဌလိပုတ်မြို့၌ နေစဉ်ပင် "သီဟိုဠ်ကျွန်းသည် စေတီတော်အစဉ်ဖြင့် တန်ဆာဆင်သကဲ့သို့ ရှိသတတ်။ သင်္ကန်းရောင်ဖြင့် တောက်ပလျက် ရှိသတတ်။ ထိုသီဟိုဠ်ကျွန်း၌ အလိုရှိရာရာ အရပ်မှာပင် ထိုင်နေရန် အိပ်နေရန် ဖြစ်နိုင်သတတ်။ လျောက်ပတ်သောဥတု, လျောက်ပတ်သော ကျောင်း, လျောက်ပတ်သော ပုဂ္ဂိုလ်, လျောက်ပတ်သော တရားနာခြင်းဟူသော သပ္ပါယအလုံးစုံကို ထိုသီဟိုဠ်ကျွန်း၌ ရလွယ်သတတ်"ဟူ၍ သတင်း ကြားရလေသည်။

ထိုဝိသာခ သူကြွယ်သည် မိမိ၏ စည်းစိမ်ဥစ္စာကို သားမယားအား အပ်နှင်းခဲ့ပြီးလျှင် ပုဆိုးစွန်း၌ ထုပ်ဖွဲ့ ထားသော အသပြာတစ်ခုသာ ပါသည်ဖြစ်၍ အိမ်မှ ထွက်ခဲ့လေသည်။ ပင်လယ်ကမ်းခြေ သင်္ဘောဆိပ်အရပ်သို့ ရောက်သောအခါ သင်္ဘောကို ငံ့လျက် တစ်လမျှ နေရ၏။ ထိုသို့နေစဉ် ဝိသာခသူကြွယ်သည် ရောင်းဝယ်မှု၌ ကျွမ်း ကျင်သောကြောင့် ဤအရပ်မှ ပစ္စည်းကို ဝယ်ယူပြီးလျှင် ထိုအရပ်၌ ရောင်းလျက် တရားနှင့်ယှဉ်သော ကုန်သွယ် ခြင်းဖြင့် ထိုတစ်လအတွင်း၌ပင် ငွေတစ်ထောင် စုမိလေသည်။ ထို့နောင် အစဉ်အတိုင်း မဟာဝိဟာရကျောင်း တိုက်သို့ ရောက်လာ၍ ရှင်ရဟန်းအဖြစ်ကို တောင်းပန်လေသည်။

ထိုဝိသာခသူကြွယ်ကို ရှင်ရဟန်းပြုပေးရန် သိမ်သို့ ခေါ်သွားသောအခါ သူ၏ ခါးပိုက်ကြားမှ ထိုငွေ တစ်ထောင်အိတ်သည် မြေသို့ ကျသွားလေ၏။ "ဤအရာကား အဘယ်နည်း?"ဟု မေးလတ်သော "အသပြာငွေ တစ်ထောင်ပါဘုရား"ဟု လျှောက်၏။ "ဥပါသကာ- ရှင်ရဟန်းဖြစ်သောကာလမှ စ၍ စီမံရန် မဖြစ်နိုင်ဘူး။ ယခုပင် ဤငွေကို စီမံလော့"ဟု သံဃာက ဆိုသောအခါ "ဝိသာခ၏ ရှင်ရဟန်းပြုရာဌာနသို့ လာကြသော သူတို့သည် အချည်းနှီး လက်ရှိကာ ပြန်မသွားကြရပါစေလင့်"ဟု ဆိုလျက် ငွေထုပ်ကို ဖြေ၍ သိမ်တန်ဆောင်းဝန်း မြေပြင်၌ ဖြန့်ကြဲပြီးလျှင် ရှင်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

ထိုအခါ ဝိသာခရဟန်းသည် ငါးဝါရ၍ ဒွေးမာတိကာကို ကျေပြွန်အောင် လေ့လာပြီးလျှင် ပဝါရဏာ ပြုပြီး၍ မိမိနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကို ယူပြီးလျှင် တစ်ခုတစ်ခုသော ကျောင်း၌ လေးလ,လေးလ ကန့်သတ် ၍ အညီအမျှ နေခြင်းဖြင့် နေလျက် လှည့်လည်နေလေသည်။ ဤသို့ လှည့်လည်နေသော ဝိသာခမထေရ်သည် မိမိ၏ ဂုဏ်ကျေးဇူးကို ရှာမှီးကာ တောအကြား၌ တည်လျက် ခြသေ့်ဟောက်သကဲ့သို့ ကြုံးဝါးကာ ဤအကြောင်း အရာကို မြွက်ဆိုလေသည်-

"အကြင်မျှသော ကာလမှ စ၍ ရဟန်းဖြစ်ခဲ့၏။ အကြင်မျှသော ကာလဖြင့် ဤတောအလယ်သို့ ရောက်လာ၏။ ဤကာလအတွင်း၌ ချွတ်ချော်သော အကျင့်မည်သည် မရှိပေ။ အရှင်ဝိသာခ-
အသင်ရ,ထားသော
ဂုဏ်ကျေးဇူးလာဘ်တို့သည် သြော်... ကြီးကျယ် မြင့်မြတ်ပါပေကုန်စွ တကား" ဟူ၍ ပင်တည်း။

ထိုဝိသာခမထေရ်သည် စိတ္တလတောင် ကျောင်းတိုက်သို့ သွားလတ်သော လမ်းနှစ်ခွသို့ ရောက်လတ်၍ "ဤဘက်လမ်းသည် သွားသင့်သည့် လမ်းလော၊ သို့မဟုတ် ဤဘက်လမ်းလေလော"ဟု စဉ်းစားလျက် ရပ်တန့်နေ၏။ ထိုအခါ တောင်၌ စိုးအုပ်နေသော နတ်သည် လက်ကို ဆန့်တန်း၍ "ဤသည်ကား လမ်းတည်း"ဟု ဆိုကာ ထိုဝိသာခမထေရ်အား ညွှန်ပြလေသည်။ ထိုဝိသာခမထေရ်သည် စိတ္တလတောင် ကျောင်းတိုက်သို့ သွားရောက်၍ ထိုကျောင်းတိုက်၌ လေးလပတ်လုံး နေပြီးလျှင် "မိုးသောက်ထသောအခါ၌ သွားတော့မည်"ဟု ကြံစည်ကာ လျောင်းစက်လေ၏။ စကြ်ီဦး မဏိလခေါ် သပြေပင်၌ စိုးအုပ်နေသော ရုက္ခစိုးနတ်သည် လှေကား ပျဉ်ချပ်၌ ထိုင်လျက် လှိုက်လှိုက်လှဲလှဲ ငိုနေလေသည်။

"အခု ငိုနေတာ ဘယ်သူလဲ"ဟု မထေရ်က မေး၏။ "အကျွန်ုပ်သည် သပြေပင်စောင့်နတ်ပါ အရှင်ဘုရား" ဟု လျှောက်၏။ "အဘယ့်ကြောင့် ငိုသနည်း"ဟု မေး၏။ "အရှင်ဘုရား ပြန်ကြွတော့မည်ဆို၍ ငိုပါသည် အရှင်ဘုရား"ဟု လျှောက်၏။ "ဒီအရပ်မှာ ငါနေခြင်းကြောင့် ဘယ်လို အကျိုးကျေးဇူးတွေ ရှိသလဲ"ဟု မေး၏။ "အရှင်ဘုရားတို့ ဒီအရပ်မှာနေလျှင် နတ်တွေ အချင်းချင်း မေတ္တာကို ရကြပါသည်ဘုရား။ အခု အရှင်ဘုရား ပြန်ကြွသွားရင် အဲဒီနတ်တွေ ခိုက်ရန်တွေ ပြန်ဖြစ်ကြပါလိမ့်မည်။ ရုန့်ရင်းကြမ်းတမ်းသော စကားကိုလည်း ပြောဆိုကြပါလိမ့် မည်"ဟု လျှောက်၏။

ဝိသာခမထေရ်သည် "ဤအရပ်၌ ငါနေလျှင် သင်တို့အား အကယ်၍ ချမ်းသာစွာ နေရခြင်းဖြစ်ပါမူ ကောင်းပါပြီ"ဟု ဆို၍ နောက်ထပ် လေးလပတ်လုံးလည်း ထိုအရပ်၌ နေပြီးလျှင် တဖန် ရှေးနည်းအတူပင် သွားရန် စိတ်ကူးကြံစည်ပြန်၏။ သပြေပင်စောင့်နတ်သည်လည်း တဖန် ရှေးနည်းအတူပင် လှိုက်လှိုက်လှဲလှဲ ငိုနေ ပြန်လေ၏။ ဤနည်းဖြင့်ပင်လျှင် ဝိသာခမထေရ်သည် ထိုအရပ်၌ပင် နေ၍ ထိုအရပ်၌ပင် ပရိနိဗ္ဗာန်စံတော်မူလေ သည်။ ဤဆိုခဲ့သည့်အတိုင်း မေတ္တာဖြင့် နေလေ့ရှိသော ရဟန်းကို နတ်တို့က ချစ်ပေသည်။ (၅)

နတ်တို့က စောင့်ရှောက်ကြသည်-ဟူသည်ကား မိဘတို့သည် သားသမီးကို စောင့်ရှောက်သကဲ့သို့ နတ်တို့က စောင့်ရှောက်ကြသည်။ (၆)

မေတ္တာဟွားသူ၏ ကိုယ်၌ မီး, အဆိပ်, လက်နက်, မကျရောက်နိုင်-ဟူသည်ကား မေတ္တာဖြင့် နေလေ့ရှိသော သူ၏ကိုယ်၌ ဥတ္တရာမည်သော ဥပါသိကာမ၏ ကိုယ်၌ ဆီပူမလောင်သကဲ့သို့ မီးသည်လည်း မကျရောက်မလောင်ပေ။ သံယုတ်နိကာယ်ဆောင် စူဠသိဝမထေရ်မှာကဲ့သို့ အဆိပ်သည်လည်း မကျရောက် မသင့်နိုင်ပေ။ သံကိစ္စသာမဏေ၏ ကိုယ်မှာကဲ့သို့ ဓားလက်နက်သည်လည်း မကျရောက် မလှီးဖြတ်နိုင်။ မဝင်နိုင်-မစူးရှနိုင်ပေ။ မေတ္တာဟွားသူ၏ ကိုယ်ကို မဖျက်ဆီးနိုင်-ဟု ဆိုလို၏။

ဤအရာ၌ သားငယ်ရှိသော မိခင်နွားမ ဝတ္ထုကိုလည်း ပြောဆိုကြ၏။ ပြောဆိုပုံမှာ- တစ်ကောင်သော မိခင်နွားမသည် သားငယ် နွားကလေးအား နို့တိုက်လျက် ရပ်တည်နေ၏။ မုဆိုးတစ်ယောက်သည် ထိုနွားမကို ထိုးအံ့-ဟု လက်ကို နောက်သို့ပစ်ခွဲ၍ အရှိန်ယူကာ လုံ့ရိုးရှည်ကို ပစ်လွှတ်လိုက်၏။ ထိုလုံ့သည် နွားမ၏ ကိုယ်သို့ ထိခိုက်၍ ထန်းရွက်ကဲ့သို့ ခွေလိပ်သွားလေသတတ်။ ထိုသို့ဖြစ်ခြင်းသည် ဥပစာရ၏ အစွမ်းကြောင့်လည်း ဖြစ်သည်မဟုတ်။ အပွနာ၏ အစွမ်းကြောင့်လည်း ဖြစ်သည်မဟုတ်။ သားငယ်ဖြစ်သော နွားကလေး၌ အားကြီးသော ချစ်ခင်စိတ်ရှိခြင်း သက်သက်ကြောင့်သာ ဖြစ်ပေသည်။ မေတ္တာသည် ဤသို့ပင် ကြီးမားသော အာနုဘော်ရှိပေသည်။ (၇)

လျင်စွာ စိတ်တည်ကြည်၏-ဟူသည်ကား မေတ္တာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား စိတ်သည် လျင်စွာပင် တည်ကြည်၏။ ထိုသို့ တည်ကြည်ခြင်း၏ နှောင့်နှေးခြင်းမည်သည် မရှိ။ (၈)

မျက်နှာအဆင်း ကြည်လင်၏-ဟူသည်ကား အညာမှ ကြွေကျသော ထန်းသီးမှည့်ကဲ့သို့ ထိုမေတ္တာဟွားသူ၏ မျက်နှာသည် အထူးသဖြင့် ကြည်လင်သော အဆင်းရှိပေ၏။ (၉)

မတွေ့ဝေပဲ သေရ၏-ဟူသည်ကား မေတ္တာဖြင့် နေလေ့ရှိသောသူမှာ တွေ့ဝေလျက် သေခြင်းမည်သည် မရှိ။ အိပ်ပျော်သွားသကဲ့သို့ပင် တွေ့ဝေခြင်း မရှိပဲသာလျှင် သေရ၏။ (၁၀)

အထက်မဂ်ဖိုလ် တရားကို ထိုးထွင်း၍ မသိလတ် မရလတ်သော်-ဟူသည်ကား မေတ္တာသမာပတ်မှ အထက်ဖြစ်သော အရဟတ္တဖိုလ် ရခြင်းငှာ မစွမ်းနိုင်လတ်သော် ဤလူ့ဘဝမှ စုတေ၍ အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ ဗြဟ္မာ့လောကဌ ဖြစ်ရ၏။ (၁၁) ဤတွင် တစ်ရပ်ပြီး၏။

ဆိုခဲ့ပြီးသော ဤစကားသည် မေတ္တာဘာဝနာ၌ အကျယ်ကို ပြဆိုသော စကားပေတည်း။

❁❁❁❁❁❁❁

ကရုဏာပွားပုံ အဖွင့်

(၂၅၉) ကရုဏာကို ပွားစေလိုသော ပုဂ္ဂိုလ်သည် သနားခြင်းကရုဏာ ကင်းမဲ့ခြင်း၌ အပြစ်ကိုင်း, သနားခြင်း ကရုဏာ၌ အကျိုးအာနိသင်ကိုင်း ဆင်ခြင်ပြီးလျှင် ကရုဏာဘာဝနာကို အားထုတ်အပ်၏။ ထို ကရုဏာ ဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်သည်လည်း ရှေးဦးစွာ ချစ်အပ်သော ပိယပုဂ္ဂိုလ် စသည်တို့၌ အား မထုတ်အပ်သေး။ မှန်ပေ၏။ ချစ်အပ်သောသူသည် ချစ်အပ်သူ အရာ၌သာလျှင် တည်၏။[1] အလွန်ချစ်သော သူငယ် ချင်းသည် အလွန်ချစ်သော သူငယ်ချင်းအရာ၌သာလျှင် တည်၏။ မချစ်အပ်သောသူသည် မချစ်အပ်သော အရာ၌ သာလျှင် တည်၏။ ရန်သူသည် ရန်သူအရာ၌သာလျှင် တည်၏။ လိင်အသွင် ကွဲပြားသောသူ, သေလေသူတို့သည် ကရုဏာ၏ နယ်ပယ်မဟုတ်သည်သာ။ စင်စင်သော်ကား-

> "ရဟန်းသည် အဘယ်သို့လျှင် ကရုဏာနှင့်တကွ ဖြစ်သောစိတ်ဖြင့် တစ်ခုသော အရပ်ကို ဖြန့်၍ နေသနည်း? ဥပမာပြရလျှင်- ဆင်းရဲဒုက္ခရောက်နေသော မကောင်းဆိုးဝါးသည့် အခြေအနေရှိသော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့မြင်ရလျှင် သနားကရုဏာ သက်ရာသကဲ့သို့, ထို့အတူပင် အလုံးစုံသော သတ္တဝါတို့ကို သနားခြင်း ကရုဏာဖြင့် ဖြန့်၏" ဟု

အဘိဓမ္မာ ဝိဘင်းပါဠိတော်၌ ဟောထားသောကြောင့် အလုံးစုံတို့၏ ရှေးဦးစွာ အလွန်ဆင်းရဲခြင်းသို့ ရောက်၍ သနားစရာကောင်းသော, ဆင်းရဲဒုက္ခရောက်နေသော, မကောင်းဆိုးဝါးသည့် အခြေအနေရှိသော, ခိုကိုး ရာမဲ့ အထီးကျန်သော ယောက်ျားသည် အစာအာဟာရပြတ်လျက် တောင်းခံခွက်ကို ရှေ့၌ချထားလျက် ခိုကိုးရာ မဲ့သူတို့၏ ဇရပ်၌ ထိုင်နေသည်ကိုင်း၊ နူနာစွဲကပ်နေသော လက်ခြေတို့မှ ပိုးလောက်များ ထွက်ကျလျက် နာကျင် ကိုက်ခဲသဖြင့် ညည်းတွားမြည်တမ်း နေသည်ကိုင်း ကြည့်ရှုတွေ့မြင်ရပြီးလျှင် "ဤသတ္တဝါသည် ဆင်းရဲခြင်းသို့ ရောက်နေရှာလေစွ။ ဤဆင်းရဲမှ လွတ်ပါမူ ကောင်းလေစွ"ဟု သနားခြင်း ကရုဏာကို ဖြစ်စေအပ်၏။ ထိုသို့သော ပုဂ္ဂိုလ်ကို မမြင်တွေ့ရပါမူ ချမ်းသာနေသူပင် ဖြစ်သော်လည်း မကောင်းမှု ပြုလေ့ရှိသူဖြစ်လျှင် ထိုသို့သော ပုဂ္ဂိုလ် ကို အသတ်ခံရမည့်သူနှင့် ဥပမာပြု၍ သနားခြင်းကရုဏာကို ဖြစ်စေအပ်၏။

သူဌေးကို သူခိုးလို ဥပမာထား

အဘယ်သို့နည်း? ဟူမူ- ခိုးထုပ်ခိုးထယ်နှင့် ဖမ်းမိလာသော ခိုးသူကို သတ်ကြလေ-ဟု ချမှတ်လိုက်သော မင်း၏ အမိန့်ဖြင့် မင်းချင်းယောက်ျားတို့သည် လက်ပြန်ကြိုး စသည်ဖြင့် ချည်နှောင်ကုန်၍ လမ်းဆုံလမ်းခွ

---

[1] ချစ်အပ်သောသူကို ကရုဏာပွားရန်, သနားရန် အားထုတ်သောသူအား ချစ်အပ်သူ၏ အဖြစ်သည် ရှေးဦးအစ၌ မကင်းနိုင်။ ချစ်အပ်သူ၏ အဖြစ် မကင်းလျှင် ကရုဏာကို ပွားစေခြင်းသည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။ ထို့ကြောင့် "ချစ်အပ်သူ၏ အရာ၌သာလျှင် တည်၏-ဟု အဋ္ဌကထာဆရာ မိန့်ဆိုပေသည်။ (ဋီကာ)

အရပ်၌ အချက်ပေါင်း တရာမက ရိုက်နှက်ကုန်လျက် သူသတ်ကုန်းသို့ ဆောင်ကုန်၏။ ထိုခိုးသူအား လူအများတို့က ခဲဘွယ်ဘောဇဉ်တို့ကိုင်း, ပန်းနံ့သာ နံသာပျောင်း ကွမ်းတို့ကိုင်း ပေးကုန်၏။ ထိုခိုးသူသည် ထိုခဲဘွယ်ဘောဇဉ် တို့ကို စားသောက်လျက် သုံးဆောင်ဖွယ် စည်းစိမ်နှင့် ပြည့်စုံသကဲ့သို့ သွားနေသော်လည်း ထိုခိုးသူကို "ဤသူသည် ချမ်းသာပေစ၊ များစွာသော သုံးဆောင်ဖွယ် စည်းစိမ်နှင့် ပြည့်စုံပေစ"ဟူ၍ မည်သူကမျှ မထင်မှတ်ပေ။ စင်စစ်အား ဖြင့်မူ "ဤအကောင်သည် ယခုပင် သေရကျာတော့မည်။ သူသည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သေခြင်းနှင့် နီးကပ် နီးကပ် သွားလေတော့သည်" ဟူ၍သာ ဆင်ခြင်လျက် လူအပေါင်းက ထိုသူခိုးကို သနားကရုဏာ သက်သကဲ့သို့-

ထို့အတူပင် ကရုဏာကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည် ချမ်းသာနေသူပင် ဖြစ်သော်လည်း မကောင်းမှုပြုလေ့ရှိသော ပုဂ္ဂိုလ်ကို "ဤအကောင်သည် ယခုအခါ ချမ်းသာလျက်, ကောင်းစွာ ဝတ်ဆင်လျက်, သုံးဆောင်ဖွယ် စည်းစိမ်ကို သုံးဆောင်နေသော်ငြားလည်း ဒွါရသုံးပါးတို့တွင် တစ်ခုမျှဖြင့်ပင် ပြုထားသော ကောင်းမှုကံ မရှိခြင်းကြောင့် ယခုအခါ မကြာမီပင် အပါယ်ဘုံတို့၌ များစွာသော ဆင်းရဲခြင်း, နှလုံးမသာယာ ခြင်းကို ခံစားရရှာလိမ့်မည်"ဟု ဤသို့ ဆင်ခြင်၍ သနားခြင်း ကရုဏာကို ဖြစ်စေအပ်ပေသည်။

ဤသို့ ထိုသနားထိုက်သော ပုဂ္ဂိုလ်ကို ကရုဏာ ပွားစေပြီး၍ ထို့နောင် ဤနည်းဖြင့်ပင်လျှင် ချစ်အပ်သော ပုဂ္ဂိုလ်၌ ပွားစေအပ်၏။ ထို့နောင် အလယ်အလတ် ပုဂ္ဂိုလ်၌၊ ထို့နောင် ရန်သူ၌ ပွားစေအပ်၏။ ထိုသို့ အစဉ်အတိုင်း ကရုဏာကို ဖြစ်စေအပ်၏။ ဤယောဂီအား ရှေး၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင် ရန်သူ၌ အကယ်၍ အမျက်ဒေါသ ဖြစ်ငြားအုံ့။ ထိုအမျက်ဒေါသကို မေတ္တာအရာ၌ဆိုခဲ့သော နည်းဖြင့်ပင် ငြိမ်းစေအပ်၏။

ကောင်းမှုရှိသူလဲ ဗျသနငါးပါးက မလွတ်

ဆက်ဦးအုံ့- ကရုဏာပွားစေအပ်သော ဤပုဂ္ဂိုလ်တို့တွင် ပြုထားသော ကောင်းမှုများစွာ ရှိနေသောသူပင် ဖြစ်သော်ငြားလည်း ဉာတိဗျသန, ဘောဂဗျသန, ရောဂဗျသန စသည်တို့တွင် တပါးပါးသော ပျက်စီးခြင်းဗျသနနှင့် တွေ့ကြုံနေသည်ကို တွေ့မြင်ရ၍သော်ငြင်း, ကြားရ၍သော်ငြင်း ထိုဗျသနတို့နှင့် တွေ့ကြုံခြင်း မရှိသော်ငြားလည်း ဝဋ်ဆင်းရဲကို မကျော်လွန်နိုင်သေးသောကြောင့် "ဤသူမှာ ဆင်းရဲ ရောက်နေစွတကား"ဟု ဤသို့ ဆင်ခြင်လျက် ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း သနားခြင်းကရုဏာကို ပွားစေပြီးလျှင် ဆိုခဲ့ပြီးသော နည်းဖြင့်ပင် မိမိ, ချစ်အပ်သောပုဂ္ဂိုလ်, အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူ-ဟူသော လေးဦးသော ပုဂ္ဂိုလ်တို့၌ သီမာသမ္ဘေဒကို ပြုပြီး လျှင် ထိုသီမာသမ္ဘေဒ၏ အစွမ်းဖြင့်ဖြစ်သော သမထနိမိတ်ကို မှီဝဲပွားများ အကြိမ်များစွာ ပြုလျက် မေတ္တာအရာ၌ ဆိုခဲ့သောနည်းဖြင့်ပင် စျာန်သုံးပါး, လေးပါးအပေါင်း၏ အစွမ်းအားဖြင့် အပွနာကို ပွားစေအပ်၏။

ဝါဒကွဲကို ရှင်းပြဦးအံ့- အင်္ဂုတ္တရ အဋ္ဌကထာ၌ "ရှေးဦးစွာ ရန်သူပုဂ္ဂိုလ်ကို ကရုဏာပွားအပ်၏။ ထိုရန်သူ၌ စိတ်ကို နူးညံ့အောင်ပြုပြီးလျှင် ဆင်းရဲဒုက္ခရောက်နေသူကို ပွားအပ်၏။ ထို့နောင် ချစ်အပ်သူပုဂ္ဂိုလ်ကို ပွားအပ်၏" ဟူ၍ ဤအစဉ်ကို ပြဆိုထား၏။ ထိုပြဆိုချက်သည် "ဒုဂ္ဂတံ-ဆင်းရဲဒုက္ခ ရောက်နေသော၊ ဒုရူပေတံ-မကောင်း ဆိုးဝါးသည့် အခြေအနေရှိနေသောသူကို တွေ့မြင်ရလျှင် သနားကရုဏာ သက်ရာသကဲ့သို့"ဟု ဟောထားသော ဝိဘင်းပါဋိနှင့် မညီ၊ ထို့ကြောင့် ဤ၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် ဘာဝနာကို အားထုတ်၍ သီမာသမ္ဘေဒကို ပြုပြီးလျှင် အပွနာကို ပွားစေအပ်ပေသည်။

ထိုမှနောက်၌ "ငါးပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်ခြင်း, ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားအားဖြင့် ဖြန့်ခြင်း, ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အရပ်မျက်နှာတို့ကို ဖြန့်ခြင်း ဟူသော ဤအမျိုးမျိုး အထွေထွေ ကရုဏာပွားခြင်းကို၄င်း "ချမ်းသာစွာ အိပ်ရ၏" ဤသို့ အစရှိသော အာနိသင်အကျိုးကို၄င်း မေတ္တာအရာ၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် သိအပ်ကုန်၏။ ဤတွင် တစ်ရပ်ပြီး၏။

ကရုဏာ ၁၃၂-ရေတွက်ပုံ

အနောဓိသ ကရုဏာ ၅-ပါး

၁။ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
၂။ သဗ္ဗေ ပါဏာ ။
၃။ သဗ္ဗေ ဘူတာ ။
၄။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ ။

ဩဓိသ ကရုဏာ ၇-ပါး

၁။ သဗ္ဗာ ဣတ္ထိယော ဒုက္ခာ မုစ္စန္တု၊
၂။ သဗ္ဗေ ပုရိသ ။
၃။ သဗ္ဗေ အရိယာ ။
၄။ သဗ္ဗေ အနရိယာ ။
၅။ သဗ္ဗေ ဒေဝါ ။
၆။ သဗ္ဗေ မနုဿာ ။
၇။ သဗ္ဗေ ဝိနိပါတိကာ ဒုက္ခာ မုစ္စန္တု။

၄င်း ၁၂-ပါးကို အရပ် ၁၀-မျက်နှာနှင့်မြှောက် (၁၂x၁၀)= ကရုဏာပေါင်း ၁၂၀- ရ၏။
ဎင်း ၁၂၀-ကို ပုဂ္ဂိုလ် ၁၂-ယောက်ဖြင့် ထပ်ပေါင်းလျှင်= ကရုဏာပေါင်း ၁၃၂-ပါး ရ၏။

မုဒိတာ ပွားပုံ

(၂၆၀) မုဒိတာဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်သည်လည်း ရှေးဦးစွာ ချစ်အပ်သောပုဂ္ဂိုလ် စသည်တို့၌ အားမထုတ်အပ်သေး။ မှန်ပေ၏။ ချစ်အပ်သောသူသည် ချစ်အပ်သည်၏ အဖြစ်မျှဖြင့်သာလျှင် မုဒိတာ၏ နီးသော အကြောင်း မဖြစ်ပေ။[1] အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်တို့သည်ကား အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း။ လိင်ကွဲပြားသော သူ, သေလေသောသူတို့သည်ကား မုဒိတာ၏ နယ်ပယ်မဟုတ်သည်သာတည်း။

အလွန်ချစ်အပ်သော သူငယ်ချင်းသည်ကား မုဒိတာ၏ နီးသောအကြောင်း ဖြစ်နိုင်ပေ၏။ ယင်းသူငယ်ချင်း ကို အဌကထာ၌ (သောဏ္ဍသဟာယ) သွမ်းဖျင်းဖက်, ပြောင်လှောင်ဖက်နှင့်တူသော သူငယ်ချင်းဟူ၍ ဆိုထားပေ သည်။ ထိုအလွန် ချစ်အပ်သော သူငယ်ချင်းသည် အလွန် ဝမ်းမြောက်တတ်သည်သာလျှင် (ဝါ) ဝမ်းမြောက်အပ်-ဝမ်းမြောက်ထိုက် သည်သာလျှင် ဖြစ်ပေ၏။ ထိုသူသည် ရှေးဦးစွာ ရယ်ပြီးလျှင် နောက်မှ စကား ပြောတတ်၏။ ထို့ကြောင့် ထိုအလွန် ချစ်အပ်သော သူငယ်ချင်းကိုမူလည်း ရှေးဦးစွာ မုဒိတာဖြင့် ဖြန့်အပ်၏။ သို့မဟုတ် ချစ်အပ် သော ပုဂ္ဂိုလ်သည် ချမ်းသာနှင့်ပြည့်စုံလျက်, ကောင်းစွာဝတ်စား ပြုပြင်ဆင်ယင်လျက် ဝမ်းမြောက်နေသည်ကို တွေ့မြင်ရ၍သော်၄င်း, ကြားရ၍သော်၄င်း "ဤပုဂ္ဂိုလ်သည် ဝမ်းမြောက်စွတကား၊ သြော်... ကောင်းပေစွ, ကောင်းပေစွ"ဟု ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေအပ်၏။ မှန်ပေ၏။ ဤအကြောင်းအရာ အထူးကိုပင် စွဲမှီ၍ အဘိဓမ္မာဝိဘင်း ပါဠိ၌-

"ရဟန်းသည် အဘယ်သို့လျှင် မုဒိတာနှင့် တကွဖြစ်သောစိတ်ဖြင့် တစ်ခုသော အရပ်ကို ဖြန့်၍

[1] ချစ်အပ်သူပင် ဖြစ်ပြားသော်လည်း ရွှင်ပျသော မျက်နှာရှိခြင်း, ရှေးဦးစွာ နှုတ်ဆက် ပြောဆိုတတ်ခြင်း, နားဝင်ချိုအောင် ပြောတတ်ခြင်း, ဝမ်းမြောက်ညီညွတ်အောင် ပြောတတ်ခြင်း, အစရှိသော ဂုဏ်ထူးများနှင့် မပြည့်စုံလျှင်သော်၄င်း, ချမ်းသာနှင့် ပြည့်စုံခြင်း အစရှိသော ဝမ်းမြောက်ဖွယ် မပြည့်စုံသော်၄င်း ချစ်အပ်သောသူပင် ဖြစ်သော်လည်း မုဒိတာ၏ နီးသောအကြောင်း မဖြစ်။ အဆိုပါ ဂုဏ်ထူးများနှင့် ပြည့်စုံ၍ ရွှင်လန်းဝမ်းမြောက်နေသူ ဖြစ်ပါမူ ချစ်အပ်သော သူ၌လည်း မုဒိတာပွားနိုင်ခွင့် ရှိသေး၏။

နေသနည်း? ဥပမာပြရလျှင်- ချစ်အပ် မြတ်နိုးအပ်သော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့မြင်ရလျှင် ဝမ်းမြောက်ရာသက့ဲသို့ ထို့အတူပင် အလုံးစုံသော သတ္တဝါတို့ကို ဝမ်းမြောက်ခြင်း မုဒိတာဖြင့် ဖြန့်၏"ဟု ဟောထားပေသည်။

ဤယောဂီ၏ ထိုသွမ်းဖျင်းဖက်နှင့်တူသော သူငယ်ချင်းသည်သော်၄င်း, ချစ်အပ်သော ပုဂ္ဂိုလ်သည်သော်၄င်း လွန်ခဲ့ပြီးသော ရှေးကာလ၌ ချမ်းသာနှင့် ပြည့်စုံခဲ့၍ ယခုမူကား ဆင်းရဲဒုက္ခရောက်နေသည်, မကောင်းဆိုးဝါးသည့် အခြေအနေရှိနေသည် အကယ်၍ ဖြစ်စေကာမူ လွန်ခဲ့ပြီးသော ရှေးကာလ၌ ထိုသူ၏ ချမ်းသာဖူးသည့် အဖြစ်ကိုသာလျှင် ပြန်လည် အောက်မေ့ဆင်ခြင်၍ "ဤသူသည် လွန်ခဲ့ပြီးသော ရှေးကာလ၌ ဤသို့ များသော စည်းစိမ်ရှိခဲ့သည်, များသော အခြွေအရံ ရှိခဲ့သည်ဖြစ်၍ အမြဲပင် ဝမ်းမြောက်လျက် ရှိခဲ့လေပြီ"ဟု ထိုသူ၏ ဝမ်းမြောက်ခဲ့ပုံ အခြင်းအရာကိုသာ ယူ၍ ဝမ်းမြောက်ခြင်း မုဒိတာကိုသာ ဖြစ်စေအပ်၏။ ထို့ပြင် နောင်အနာဂတ်ကာလ၌ တဖန် ထိုစည်းစိမ်မျိုးကို ရ၍ ဆင်ကျောက်ကုန်း, မြင်းကျောက်ကုန်း, ရွှေထမ်းစင်တို့ဖြင့် လှည့်လည်ရပေ လိမ့်မည်"ဟု နောင်အခါ၌ ဖြစ်မည့် ထိုသူ၏ ဝမ်းမြောက်ဖွယ် အခြင်းအရာကို ယူ၍မူလည်း ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေအပ်၏။

ဤသို့ ချစ်အပ်သော ပုဂ္ဂိုလ်၌ မုဒိတာကို ဖြစ်စေပြီးလျှင် ထို့နောင် အလယ်အလတ်ပုဂ္ဂိုလ်၌, ထို့နောင် ရန်သူ၌ ဤအစဉ်ဖြင့် မုဒိတာကို ဖြစ်စေအပ်၏။ အပွနာကို ပွားစေအပ်၏။ ဤယောဂီအား ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ရန်သူ၌ အကယ်၍ အမျက်ဒေါသ ဖြစ်ငြားအုံ့။ ၄င်းကို မေတ္တာအရာ၌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင် ညီမျှသော စိတ်ရှိသည်၏ အဖြစ်ဖြင့် သီမာသမ္ဘေဒကို ပြုပြီးလျှင် ထိုသီမာသမ္ဘေဒ၏ အစွမ်းဖြင့်ဖြစ်သော သမထ နိမိတ်ကို မှီဝဲပွားများ အကြိမ်များစွာ ပြုလျက် မေတ္တာအရာ၌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင် စျာန်သုံးပါး, လေးပါး အပေါင်း၏ အစွမ်းအားဖြင့် အပွနာကို ပွားစေအပ်၏။

ထိုမှနောက်၌ "ငါးပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်ခြင်း, ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားအားဖြင့် ဖြန့်ခြင်း, ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အရပ်မျက်နှာကို ဖြန့်ခြင်း" ဟူသော ဤအမျိုးမျိုး အထွေထွေ မုဒိတာ ပွားခြင်းကို၄င်း, "ချမ်းသာစွာ အိပ်ရ၏" ဤသို့ အစရှိသော အာနိသင် အကျိုးတို့ကို၄င်း မေတ္တာအရာ၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် သိအပ်ကုန်၏။ ဤတွင် တစ်ရပ်ပြီး၏။

ဆိုခဲ့ပြီးသော ဤစကားသည် မုဒိတာဘာဝနာ၌ အကျယ်ပြဆိုသော စကားပေတည်း။

မုဒိတာ ၁၂၂-ပါး ရေတွက်ပုံ

အနောဓိသ မုဒိတာ ၅-ပါး

၁။ သဗ္ဗေ သတ္တာ ယထာ လဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု၊
၂။ သဗ္ဗေ ပါဏာ ။
၃။ သဗ္ဗေ ဘူတာ ။
၄။ သဗ္ဗေ ပုဂ္ဂလ ။
၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ ။

ဩဒိသ မုဒိတာ ၇-ပါး

၁။ သဗ္ဗာ ဣတ္ထိယော ယထာ လဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု၊
၂။ သဗ္ဗေ ပုရိသ ။
၃။ သဗ္ဗေ အရိယာ ။
၄။ သဗ္ဗေ အနရိယာ ။
၅။ သဗ္ဗေ ဒေဝါ ။
၆။ သဗ္ဗေ မနုဿာ ။
၇။ သဗ္ဗေ ဝိနိပါတိကာ ။

၄င်း ၁၂-ပါးကို အရပ် ၁၀-မျက်နှာနှင့်မြှောက် (၁၂x၁၀)= မုဒိတာ ၁၂၀- ရ၏။
၎င်း ၁၂၀-ကို ပုဂ္ဂိုလ် ၁၂-ယောက်ဖြင့် ထပ်ပေါင်းလျှင်= မုဒိတာပေါင်း ၁၃၂-ပါး ရ၏။

ꕥ✱ꕥ ꕥ✱ꕥ ꕥ✱ꕥ ꕥ✱ꕥ

ဥပေက္ခာပွားပုံ

(၂၆၁) ဥပေက္ခာဘာဝနာကို ပွားစေလိုသော ပုဂ္ဂိုလ်သည် မေတ္တာစသည်တို့၌ ဈာန်သုံးပါး, လေးပါး အပေါင်းကို ရပြီးနောက် ကျေပြွန်သော တတိယဈာန်မှ ထ၍ "ချမ်းသာကြပါစေ" ဤသို့ စသည်၏ အစွမ်းဖြင့် သတ္တဝါတို့၌ ယုယမြတ်နိုးသော နှလုံးသွင်းမှုနှင့် ယှဉ်ခြင်းကြောင့်၄င်း, မုန်းခြင်း ချစ်ခြင်းတို့၏ အနီးဌ် ကျက်စားခြင်းကြောင့်၄င်း,[1] သောမနာသ-စိတ်ရွှင်လန်း ချမ်းသာမှုနှင့် ယှဉ်သဖြင့် ရှုန့်ရင်းခြင်းကြောင့်၄င်း ရှေးဘာဝနာ

[1] မေတ္တာသည် ရာဂ၏ အနီးဌ်ဖြစ်၏။ ကရုဏာသည် ကာမဂုဏ်ကို မှီသော နှလုံးမသာမှု၏ အနီးဌ် ဖြစ်၏။ မုဒိတာသည် ကာမဂုဏ်ကို မှီသော ဝမ်းသာမှု၏ အနီးဌ် ဖြစ်၏။ ထို့ကြောင့် မေတ္တာ စသည်တို့၏ ထိုက်သည့်အားလျော်စွာ မုန်းခြင်း ချစ်ခြင်းတို့၏ အနီးဌ် ဖြစ်ပုံကို သိအပ်၏။ တနည်းကား- ထိုသုံးပါးလုံးပင် "ချမ်းသာကြပါစေ၊ ဆင်းရဲမှ လွတ်ကြပါစေ၊ ဝမ်းမြောက်ကြပါစေ"ဟု နှလုံးသွင်းလျက် အစီး

သုံးပါးတို့၌ အပြစ်ကို ရှုမြင်ပြီးလျှင် ငြိမ်သက်သော သဘောရှိသောကြောင့် ဥပေက္ခာ၌ အာနိသင်ကိုလည်း ရှုမြင်ပြီးလျှင် အကြင်ပုဂ္ဂိုလ်သည် ဤယောဂီအား ပကတိ ပင်ကိုအားဖြင့် မချစ်မမုန်း အလယ်အလတ် ပုဂ္ဂိုလ်ကို လျစ် လျူရှု၍ ဥပေက္ခာကို ဖြစ်စေအပ်၏။ ထို့နောင် ချစ်အပ်သော ပုဂ္ဂိုလ်စသည်တို့၌ ဖြစ်စေအပ်၏။ မှန်ပေ၏-

"ရဟန်းသည် အဘယ်သို့လျှင် ဥပေက္ခာနှင့်တကွ ဖြစ်သောစိတ်ဖြင့် တစ်ခုသော အရပ်ကို ဖြန့်၍ နေသနည်း? ဥပမာပြရလျှင်- မချစ်မမုန်းသော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့မြင်ရလျှင် လျစ်လျူရှုသည် ဖြစ်ရာဘိသကဲ့သို့ ထို့အတူပင် အလုံးစုံသော သတ္တဝါတို့ကို လျစ်လျူရှုခြင်း-ဥပေက္ခာဖြင့် ဖြန့်၏"ဟု ဤစကားကို ဟောတော်မူပေသည်။

ထို့ကြောင့် ဆိုခဲ့ပြီးသောနည်းဖြင့် အလယ်အလတ် ပုဂ္ဂိုလ်၌ ဥပေက္ခာကို ဖြစ်စေပြီးလျှင် ထို့နောင် ချစ်အပ်သော ပုဂ္ဂိုလ်၌, ထို့နောင် သွမ်းဖျင်းဖက်နှင့်တူသော သူငယ်ချင်း၌, ထို့နောင် ရန်သူ၌ ဖြစ်စေအပ်၏။ ဤသို့ အားဖြင့် ဤပုဂ္ဂိုလ်သုံးဦးနှင့် မိမိဟူသော ဤအလုံးစုံတို့၌ အလယ်အလတ် လျစ်လျူရှုခြင်းသဘော၏ အစွမ်းအား ဖြင့် သီမာသမ္ဘေဒကို ပြုပြီးလျှင် ထိုသီမာသမ္ဘေဒ၏ အစွမ်းဖြင့်ဖြစ်သော သမထနိမိတ်ကို မှီဝဲအပ်ပွားစေအပ် အကြိမ်များစွာ ပြုအပ်၏။ ဤသို့ ပြုနေသော ထိုယောဂီအား ပထဝီကသိုဏ်းအရာ၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင် လျှင် စတုတ္ထစျာန်သည် ဖြစ်ပေါ်လာ၏။

မေးခွန်းသွင်း၍ ရှင်းပြဦးအံ့- ဤဥပေက္ခာ စတုတ္ထစျာန်သည် ပထဝီကသိုဏ်း စသည်တို့၌ တတိယစျာန်ကို ရသောသူအားလည်း ဖြစ်ပါသလော?ဟူမူ- မဖြစ်ပေ။ အဘယ့်ကြောင့်နည်း? အာရုံ၏ သဘောမတူခြင်းကြောင့် ပေတည်း။ စင်စစ်သော်ကား အာရုံ၏ သဘောမတူခြင်းကြောင့် မေတ္တာစသည်တို့၌ တတိယစျာန်ကိုရသော သူအားသာလျှင် ဖြစ်ပေါ်ပေသည်။ ထိုမှ နောက်၌ အမျိုးမျိုး အထွေထွေ ဥပေက္ခာပွားခြင်းကိုလင်း, အာနိသင်အကျိုး တို့ကို ရခြင်းကိုလင်း, မေတ္တာအရာ၌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင် သိအပ်ပေသည်။ ဤတွင် တစ်ရပ်ပြီး၏။

ဆိုခဲ့သော ဤစကားသည် ဥပေက္ခာဘာဝနာအရာ၌ အကျယ်ပြဆိုသော စကားပေတည်း။

ဥပေက္ခာ ၁၂-ပါး ရေတွက်ပုံ

အနောဓိသ ဥပေက္ခာ ၅-ပါး

အပ္ပါးကို လိုလားခြင်းသဘော ရှိသောကြောင့် ချစ်ခြင်းနှင့် နီး၏။ မိမိ အလိုအတိုင်း မဖြစ်သည်ကို အကြောင်းပြု၍ ဒေါမနဿ ဒေါသတို့လည်း ဖြစ်နိုင်ကုန်၏။ ထို့ကြောင့် မေတ္တာ ကရုဏာ မုဒိတာ သုံးပါးလုံးပင် မုန်းခြင်း ချစ်ခြင်း နှစ်ပါးလုံး၏ အနီး၌ ဖြစ်ကြသည်ဟု သိအပ်ပေ၏။ (ဋီကာ)

၁။ သဗ္ဗေ သတ္တာ ကမ္မဿကာ၊
၂။ သဗ္ဗေ ပါဏာ ။
၃။ သဗ္ဗေ ဘူတာ ။
၄။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ ။

ဩဒိသ ဥပေက္ခာ ၇-ပါး

၁။ သဗ္ဗာ ဣတ္ထိယော ကမ္မဿကာ၊
၂။ သဗ္ဗေ ပုရိသ ။
၃။ သဗ္ဗေ အရိယာ ။
၄။ သဗ္ဗေ အနရိယာ ။
၅။ သဗ္ဗေ ဒေဝါ ။
၆။ သဗ္ဗေ မနုဿာ ။
၇။ သဗ္ဗေ ဝိနိပါတိကာ ။

၄င်း ၁၂-ပါးကို အရပ် ၁၀-မျက်နှာနှင့်မြှောက် (၁၂x၁၀)= ဥပေက္ခာ ၁၂၀- ရ၏။
၎င်း ၁၂၀-ကို ပုဂ္ဂိုလ် ၁၂-ယောက်ဖြင့် ထပ်ပေါင်းလျှင်= ဥပေက္ခာပေါင်း ၁၃၂-ပါး ရ၏။

ရောနှော ပြဆိုချက်

(၂၆၂) မြတ်သော ဗြဟ္မာမင်း ဖြစ်တော်မူသော မြတ်စွာဘုရား ဟောထားအပ်ကုန်သော ဤဗြဟ္မဝိဟာရတို့ကို ဤဆိုခဲ့သည့်အတိုင်း သိပြီးလျှင် ယင်းဗြဟ္မဝိဟာရတို့၌ ယခုဆိုမည့် ရောနှောပြဆိုချက်ကိုလည်း နောက်ထပ် သိအပ်သေး၏။

စကားလုံးများ၏ အနက်အဓိပ္ပါယ် (၀စနတ္ထ)

ဆိုခဲ့ပြီးသော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့၌ ရှေးဦးစွာ သဒ္ဒါအနက်အားဖြင့် ပြအံ့။ အစီးအပွားကို ပြုလိုသောအားဖြင့် (၀ါ) ချမ်းသာစေလိုသောအားဖြင့် ချစ်တတ်သောကြောင့် **မေတ္တာ** မည်၏။ တနည်းကား- မိတ္တ ခေါ်မိတ်ဆွေ၌ ဖြစ်သောကြောင့် **မေတ္တာ** မည်၏။ တနည်းကား- ဤချမ်းသာစေလိုခြင်း သဘောသည် မိတ္တခေါ်မိတ်ဆွေ၏ သန္တာန်၌ ဖြစ်ခြင်းသဘောပေတည်း။ ထို့ကြောင့် **မေတ္တာ**မည်၏။

သူတပါး၏ ဆင်းရဲကို မြင်ရ,ကြားရသည် ရှိလတ်သော် သူတော်ကောင်းတို့၏ နှလုံးတုန်လှုပ်ခြင်းကို ပြုတတ်သောကြောင့် **ကရုဏာ** မည်၏။ တနည်းကား- သူတပါးတို့၏ ဆင်းရဲကို ညှဉ်းဆဲတတ်, ပယ်ဖျောက်တတ်သောကြောင့် **ကရုဏာ** မည်၏။ တနည်းကား- ဆင်းရဲဒုက္ခရောက်နေသော သူတို့၌ ဖြန့်သည်၏ အစွမ်းအားဖြင့် ပြန့်စေအပ်သောကြောင့် **ကရုဏာ** မည်၏။

မုဒိတာနှင့် ပြည့်စုံသောသူတို့သည် ထိုမုဒိတာဖြင့် ထိုမုဒိတာ၏ အကူအညီဖြင့် ဝမ်းမြောက်ကုန်၏။ ဤသို့ ဝမ်းမြောက်ကြောင်း အကူအညီ ဖြစ်သောကြောင့် **မုဒိတာ** မည်၏။[1] တနည်းကား- ဝမ်းမြောက်တတ်သောကြောင့် **မုဒိတာ** မည်၏။ တနည်းကား- မုဒိတာဟူသည်မှာ ဝမ်းမြောက်ခြင်း သဘောမျှသာ ဖြစ်သည်။

ရန်ကင်းကြပါစေ- ဤသို့ အစရှိသော ကြောင့်ကြဗျာပါရကို ပယ်သောအားဖြင့်၄င်း, အလယ်အလတ် သဘောရှိခြင်းသို့ ရောက်သောအားဖြင့်၄င်း ဘက်မလိုက်ပဲ အညီအမျှ အသင့်အားဖြင့် ရှုတတ်၏။ လျစ်လျူရှုတတ်၏။ ထို့ကြောင့် **ဥပေက္ခာ** မည်၏။

လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် တို့၏ အဓိပ္ပါယ်

ပရမတ္ထ သဘာဝဖြစ်သော ရုပ်နာမ်တရားနှစ်ပါးတို့၌ တရား တစ်မျိုး တစ်မျိုးအတွက် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်-ဟူသော ဤလေးချက်တို့ဖြင့် သိမ်းဆည်း ဆင်ခြင် သိမြင်နိုင်မှ ဒိဋ္ဌိဝိသုဒ္ဓိခေါ်သည့် အတ္တဒိဋ္ဌိမှ စင်ကြယ်သော အသိဉာဏ် ဖြစ်နိုင်သည်။ ထိုသို့ သိမြင်နိုင်မှ အသိဉာဏ်စင်ကြယ်မည် ဖြစ်သောကြောင့် ထိုလေးချက်ကို ကျမ်းဂန်တို့၌ ပြဆိုခြင်းဖြစ်သည်။

ထိုတွင် **လက္ခဏာဟူသည်ကား**- တရားအများနှင့် ဆက်ဆံနိုင်သည် သာမညအမှတ်အသားကိုင်း, အများနှင့် မဆက်ဆံပဲ မိမိဟူသော တရားတစ်ပါးတည်း၏သာ ဥစ္စာဖြစ်သည့် ဝိသေသအမှတ်အသားကိုင်း လက္ခဏာ-ဟု ခေါ်သည်။ ဥပမာ- ပထဝီဓာတ်တည်းဟူသော ရုပ်တရား၌ ဖေါက်ပြန်ခြင်း, မမြဲခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်းတည်းဟူသော အမှတ်အသားများသည် အများနှင့် သက်ဆိုင်သည် အမှတ်အသား (သာမည-လက္ခဏာ)ဖြစ်သည်။ ခက်မာမှု သဘောကား အများနှင့် မသက်ဆိုင်, မိမိတည်းဟူသော ပထဝီဓာတ်တစ်ပါး၏သာ ကိုယ်ပိုင်ဥစ္စာဖြစ်သော ထူးခြားသည် အမှတ်အသား(သဘာဝ လက္ခဏာ) ဖြစ်သည်။

---

[1] မုဒိတာနှင့် ပြည့်စုံသော သူတော်ကောင်းတို့သည်သာလျှင် သူတပါးတို့၏ ချမ်းသာနှင့် ပြည့်စုံသည်ကို ဝမ်းမြောက်နိုင်ကုန်၏။ ထို့ကြောင့် မုဒိတာသည် ထိုသို့ ဝမ်းမြောက်ရာ၌ အကူအညီဖြစ်၍ ယင်းကို ဝမ်းမြောက်ကြောင်းဟု ဆိုသည်။

ရသ ဟူသည်ကား- ထိုထို ပရမတ္ထ တရားတို့၏ ထင်ရှားသော အလုပ်ကိစ္စ(ကိစ္စရသ), အကြောင်းကုံလုံ ပြည့်စုံစွာဖြစ်ခြင်းဟူသော သမ္ပတ္တိရသ, ဤနှစ်ပါးကို ရသ-ဟုခေါ်သည်။

ပစ္စုပဋ္ဌာန် ဟူသည်ကား- ပရမတ္ထတရားတို့ကို ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဖြင့် နက်နက်နဲနဲ သက်ဝင် ဆင်ခြင် ကြည့်သောအခါ ထိုထို ပရမတ္ထတရားတို့၏ သဘောလက္ခဏာဖြစ်စေ, လုပ်ဆောင်မှု ကိစ္စဖြစ်စေ, အကြောင်း ဖြစ်စေ, အကျိုးဖြစ်စေ ထင်လာတတ်၏။ ထိုသို့ ယောဂီ၏ဉာဏ်၌ ထင်မြင်လာသော ဤလေးမျိုးတို့တွင် တစ်မျိုးမျိုးကို ပစ္စုပဋ္ဌာန်ဟု ခေါ်သည်။

ပဒဋ္ဌာန် ဟူသည်ကား- ထိုထိုပရမတ္ထ တရားတို့၏ နီးသောအကြောင်း, ဝေးသောအကြောင်း ဟူ၍ နှစ်မျိုး ရှိရာဝယ် နီးသောအကြောင်းကို ပဒဋ္ဌာန်ဟု ခေါ်သည်။]

(မဟာဗုဒ္ဓဝင်၊ ဒု-တွဲ၊ နှာ ၁၂၀-၁ မှ အကျဉ်းချုပ် ယူပြသည်။)

မေတ္တာ၏ လက္ခဏာ စသည်-

(၂၆၃) လက္ခဏာ စသည်အားဖြင့်မူကား ဤမေတ္တာစသည်တို့တွင် **မေတ္တာသည်** သတ္တဝါတို့၏ အကျိုး စီးပွားကို ပြုကျင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း**လက္ခဏာ** ရှိ၏။ သတ္တဝါတို့အား အကျိုးစီးပွားကို ဆောင် ပေးခြင်း **ကိစ္စ(ရသ)** ရှိ၏။ ရန်ငြိုး အမျက်ဒေါသကို ပယ်ဖျောက်သည့် အနေအားဖြင့် ရှုဆင်ခြင်သူ၏ ဉာဏ်အား ရှေးရှု ထင်သော **ပစ္စုပဋ္ဌာန်** ရှိ၏။ သတ္တဝါတို့၏ နှစ်သက်မြတ်နိုးဖွယ် အဖြစ်ကို ရှုခြင်းဟူသော ယောနိသော မနသိကာရလျှင် နီးသောအကြောင်း **ပဒဋ္ဌာန်** ရှိ၏။ ဗျာပါဒ ဒေါသ၏ ဝေးကွာသောအားဖြင့် ငြိမ်းခြင်းသည် ဤမေတ္တာ၏ **ပြည့်စုံပြီးစီးခြင်း**ပေတည်း။ ခင်မင်တွယ်တာလျက် ချစ်ခြင်းသည် **ပျက်စီးခြင်း**ပေတည်း။

ကရုဏာ

ကရုဏာသည် သူတပါးတို့၏ ဆင်းရဲကို ပယ်လိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း **လက္ခဏာ**ရှိ၏။ သူတပါးတို့၏ ဆင်းရဲကို ပယ်လိုသဖြင့် သည်းမခံနိုင်ခြင်း **ကိစ္စ(ရသ)** ရှိ၏။ သတ္တဝါတို့ကို မညှင်းဆဲလိုသော အားဖြင့် (၀ါ) ညှင်းဆဲခြင်း၏ ဆန့်ကျင်ဘက်အားဖြင့် ဉာဏ်အား ရှေးရှုထင်သော **ပစ္စုပဋ္ဌာန်** ရှိ၏။ ဆင်းရဲ၏ အနှိပ်စက်ခံရသော သူတို့၏ အားကိုးရာ မရှိခြင်းကို ရှုမြင်ခြင်းဟူသော ယောနိသော မနသိကာရလျှင် နီးသော အကြောင်း **ပဒဋ္ဌာန်** ရှိ၏။

မုဒိတာ

မုဒိတာသည် သူတပါးမှာ စည်းစိမ်ပြည့်စုံ ကုံလုံသည်ကို ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။ ငြူစူမှု မနာလိုမှု ကင်းခြင်း ကိစ္စ(ရသ) ရှိ၏။ သူတပါး စည်းစိမ်၌ မမွေ့လျော်ခြင်းကို ပယ်ဖျောက်သောအားဖြင့် ဉာဏ်အား ရှေးရှု ထင်သော ပစ္စုပဋ္ဌာန် ရှိ၏။ သတ္တဝါတို့၏ စည်းစိမ်ကို ရှုမြင်လိုခြင်းဟူသော ယောနိသော မနသိကာရလျှင် နီးသော အကြောင်း ပဒဋ္ဌာန် ရှိ၏။ သူတပါးစည်းစိမ်၌ မပျော်မွေ့မှုငြိမ်းခြင်းသည် ထိုမုဒိတာ၏ ပြည့်စုံပြီးစီးခြင်းပေတည်း။ ခင်မင်ရင်းနှီးသည့် အနေအားဖြင့် ဝမ်းသာရွင်ပျမှု၏ ဖြစ်ခြင်းသည် ပျက်စီးခြင်းပေတည်း။

ဥပေက္ခာ

ဥပေက္ခာသည် ဘက်မလိုက်ပဲ အလယ်၌တည်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ သတ္တဝါတို့၌ ညီမျှသည်၏ အဖြစ်ကို ရှုခြင်း ကိစ္စ(ရသ) ရှိ၏။ သတ္တဝါတို့၌ မုန်းခြင်း ချစ်ခြင်းတို့၏ ငြိမ်းခြင်းအနေ အားဖြင့် ဉာဏ်အား ရှေးရှုထင်သော ပစ္စုပဋ္ဌာန် ရှိ၏။ "သတ္တဝါတို့သည် ကံသာလျှင် ဥစ္စာရှိကုန်၏။ ထိုသတ္တဝါ တို့သည် အဘယ်သူ၏ အလိုအားဖြင့် ချမ်းသာကုန်သည်မူလည်း ဖြစ်ကုန်အံ့နည်း။ ဆင်းရဲမှုမူလည်း လွတ်ကုန် အံ့နည်း။ ရောက်အပ် ရအပ်ပြီးသော စည်းစိမ်တို့မှမူလည်း မဆုတ်ယုတ် မဆုံးရှုံးပဲ ရှိကုန်အံ့နည်း"ဟု ဤသို့ ဆင်ခြင်လျက်ဖြစ်သော ကံသာလျှင် ဥစ္စာရှိခြင်းကို ရှုမြင်ခြင်းဟူသော ယောနိသော မနသိကာရလျှင် နီးသော အကြောင်း ပဒဋ္ဌာန် ရှိ၏။ သတ္တဝါတို့၌ မုန်းခြင်း ချစ်ခြင်းတို့၏ ငြိမ်းခြင်းသည် ထိုဥပေက္ခာ၏ ပြည့်စုံပြီးစီးခြင်း ပေတည်း။ ဂေဟသိတခေါ်ကာမဂုဏ်ကို မှီသော အညာဏုပေက္ခာ(ဉာဏ်ကင်းသော (ဝါ) မောဟနှင့်ယှဉ်သော ဥပေက္ခာ၏ ဖြစ်ခြင်းသည် ပျက်စီးခြင်းပေတည်း။

ပယောဇဉ် အကျိုး

(၂၆၄) ထိုမှတပါး ဝိပဿနာချမ်းသာသည်၄င်း, ပြည့်စုံကောင်းမြတ်သော သုဂတိဘဝကို ရခြင်းသည်၄င်း, လေးပါးလုံးသော ဗြဟ္မဝိဟာရတို့၏ ဆက်ဆံသော ပယောဇဉ် အကျိုးပေတည်း။ ဗျာပါဒ စသည်တို့ကို ပယ်ခြင်း, ဗျာပါဒ စသည်တို့၏ ကင်းကွာခြင်းသည် ၄င်းတို့၏ မဆက်ဆံသော သီးသန့်အကျိုးပေတည်း။ ချဲ့ပြအံ့- ဤလေး ပါးတို့တွင် မေတ္တာသည် ဗျာပါဒ, ဒေါသ ကင်းကွားခြင်း အကျိုးရှိ၏။ ကျန်သုံးပါးတို့သည် အစဉ်အတိုင်း ညှင်းဆဲ လိုခြင်း, သူတပါး ချမ်းသာ၌ မမွေ့လျော်ခြင်း, တပ်မက်ခြင်းတို့၏ ကင်းကွားခြင်း အကျိုးရှိ၏။ မှန်ပေ၏။ ဟောထားသော အောက်ပါ သာဓက စကားလည်း ရှိပေ၏။

"ငါ့ရှင်... အကြင် မေတ္တာ-စေတောဝိမုတ္တိသည် ရှိ၏။ ဤမေတ္တာ-စေတောဝိမုတ္တိသည် ဗျာပါဒ၏ ထွက် သွားကြောင်း, ကင်းကြောင်း နိဿရဏ ပေတည်း။ ငါ့ရှင်... အကြင် ကရုဏာ-စေတောဝိမုတ္တိသည် ရှိ၏။

ဤကရုဏာ-စေတောဝိမုတ္တိသည် ညှင်းဆဲလိုခြင်း-ဝိဟိંသာ၏ ထွက်သွားကြောင်း-ကင်းကြောင်းပေတည်း။ ငါ့ရှင်... မုဒိတာ-စေတောဝိမုတ္တိသည် ရှိ၏။ ဤမုဒိတာ-စေတောဝိမုတ္တိသည် သူ့စည်းစိမ်ချမ်းသာ ၌ မမြေ့လျော်ခြင်း-အရတိ၏ ထွက်သွားကြောင်း, ကင်းကြောင်းပေတည်း။ ငါ့ရှင်... အကြင် ဥပေက္ခာ-စေတောဝိမုတ္တိသည် ရှိ၏။ ဤဥပေက္ခာ-စေတောဝိမုတ္တိသည် တပ်မက်ခြင်းရာဂ၏ ထွက်သွားကြောင်း-ကင်းကြောင်းပေတည်း။" ဟူ၍ပင်တည်း။

ရန်သူများ

မေတ္တာ၏ အနီး-အဝေး ရန်သူများ

(၂၆၅) ဤဗြဟ္မဝိဟာရ လေးပါးတို့တွင် တပါးတပါးမှာ အနီးရန်သူ, အဝေးရန်သူတို့၏ အလိုအားဖြင့် ၂-ပါးစီ ၂-ပါးစီသော ရန်သူတို့ ရှိကုန်၏။ ချဲ့၍ ပြပါအံ့- လူတစ်ယောက်၏ အနီး၌ ကျက်စားသော ရန်သူကဲ့သို့ ရာဂသည် ဂုဏ်ကိုရှုခြင်းအားဖြင့် တူသောအဖို့ရှိခြင်း(သဘောတူခြင်း)ကြောင့် မေတ္တာဗြဟ္မဝိဟာရ၏ အနီးကပ် ရန်သူ ပေတည်း။ ထိုရာဂသည် လျင်စွာ ဝင်ရောက်ခွင့်ကို ရတတ်၏။ ထို့ကြောင့် ထိုအနီးကပ် ရန်သူဖြစ်သော ရာဂမှ မေတ္တာကို ကောင်းစွာ စောင့်ရှောက်အပ်၏။ လူတစ်ယောက်၏ တောင်အစရှိသော ရှုပ်ရာအရပ်ကို မှီသော ရန်သူ ကဲ့သို့ ဗျာပါဒ ဒေါသသည် သဘောတူသော ရာဂနှင့် သဘောမတူခြင်းကြောင့် (၀၊) မေတ္တာ၏ သဘောနှင့် မတူသော အဖို့ရှိခြင်း သဘောမတူခြင်းကြောင့် ဝေးသောရန်သူ ပေတည်း။ ထို့ကြောင့် ထိုဝေးသော ရန်သူဖြစ် သော ဗျာပါဒမှ စိုးရိမ်ကြောက်ရွံ့ခြင်း ကင်းလျက်[1] မေတ္တာကို ပွားစေအပ်၏။ မစိုးရိမ်ရခြင်း၏ အကြောင်းမှာ - မေတ္တာကိုလည်း ပွားစေလတံ့, အမျက်ထွက်ခြင်းကိုလည်း ပြုလတံ့-ဟူသော ဤသို့ဖြစ်ရန် အကြောင်းမရှိသည် သာတည်း။

ကရုဏာ၏ အနီး-အဝေး ရန်သူများ

"အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်သော နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန်သော လောကာမိသခေါ် လူတို့၏ ကာမဂုဏ်အစာနှင့် စပ်ဆိုင်ကုန်သော မျက်စိဖြင့် မြင်အပ်ကုန်, မြင်နိုင်ကုန်သော အဆင်းအာရုံတို့ကို မရခြင်းကို အစွဲပြု၍ 'မရလေခြင်း'ဟု အဖန်ဖန် ရှုဆင်ခြင်သော သူအားဌင်း, ရှေးအခါက ရခဲ့ဖူး၍ ယခုအခါ လွန်လေပြီး ချုပ်လေပြီး ပျက်စီးဆုံးရှုံးလေပြီးသော အဆင်းရှုပါရုံကို အဖန်ဖန် ရှုဆင်ခြင်မိသော သူအားဌင်း, နှလုံးမသာခြင်း ဝမ်းနည်းခြင်းသည် ဖြစ်ပေါ်လာ၏။ ဤသို့သော နှလုံးမသာခြင်း, ဝမ်းနည်းခြင်းကို ဂေဟသိတ-ဒေါမနဿ (ကာမဂုဏ်ကို မှီသော နှလုံးမသာခြင်း)ဟူ၍ ဆိုအပ်၏"။ ဤသို့ အစရှိသော နည်းဖြင့်လာသော

---

[1] **စိုးရိမ်ကြောက်ရွံ့ခြင်း ကင်းလျက်**-ဟူသည်ကား မေတ္တာသည် ရင့်ကျက်သဖြင့် ထောက်တည်ရာ ရလတ်သော ဌင်းကို မဖျက်ဆီးနိုင်ကောင်းသောကြောင့်-ဟု ဆိုလို၏။(ဋီကာ) မေတ္တာအားကောင်း၍ ထောက်တည်ရာ ရသောအခါ ဗျာပါဒဖြစ်မည်ကို မစိုးရိမ်ရတော့ပြီ-ဟု ဆိုလို၏။ ထို့ကြောင့်ပင် မေတ္တာကိုလည်း ပွားစေလတံ့-စသည်ဖြင့် မစိုးရိမ်ရခြင်း၏ အကြောင်းကို ပြထားပေသည်။

ကာမ-ဂုဏ်ကိုမှီသော နှလုံးမသာခြင်း ဒေါမနဿသည် ပျက်စီးခြင်းကို ရှုသောအားဖြင့် သဘောတူခြင်းကြောင့် ကရုဏာ ဗြဟ္မဝိဟာရ၏ နီးသော ရန်သူပေတည်း။

ကရုဏာ၏ သဘာဝဖြစ်သော ဒေါမနဿနှင့် သဘောမတူခြင်းကြောင့် (၀၊) ကရုဏာ၏ သဘောနှင့် သဘောမတူခြင်းကြောင့် ညှင်းဆဲလိုခြင်း ဝိဟိံသာသည် ဝေးသော ရန်သူပေတည်း။ ထို့ကြောင့် ထိုဝေးသော ရန်သူဖြစ်သော ဝိဟိံသာမှ စိုးရိမ်ကြောက်ရွံ့ခြင်း ကင်းလျက် ကရုဏာကို ပွားစေအပ်၏။ မစိုးရိမ်ရခြင်း အကြောင်း မှာ- သနားခြင်း ကရုဏာကိုလည်း ဖြစ်စေအံ့, လက်စသည်တို့ဖြင့်လည်း ညှင်းဆဲအံ့-ဟူသော ဤသို့ဖြစ်ရန် အကြောင်းမရှိသည်သာတည်း။

မုဒိတာ၏ အနီး-အဝေး ရန်သူ

"အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်သော နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန်သော လောကာမိသခေါ် လူတို့၏ ကာမဂုဏ်အစာနှင့် စပ်ဆိုင်ကုန်သော မျက်စိဖြင့် မြင်အပ်ကုန်, မြင်နိုင်ကုန်သော အဆင်းအာရုံတို့ကို အကြောင်းပြု၍ 'ရပေစ္ဆ'ဟု အဖန်ဖန် ရှုဆင်ခြင်သော သူအားဌင်း, ရှေးအခါက ရခဲ့ဖူး၍ ယခုအခါ လွန်လေပြီး ချုပ် လေပြီး ပျက်စီးလေပြီးသော အဆင်းရှုပါရုံကို ခံစားခဲ့ရသည့်အနေအားဖြင့် ပြန်လည်၍ အဖန်ဖန် ရှုဆင်ခြင်မိသော သူအားဌင်း, စိတ်ရှင်လန်း ဝမ်းသာခြင်းသည် ဖြစ်ပေါ်လာ၏။ ဤသို့ သဘောရှိသော စိတ်ရှင်လန်းဝမ်းသာခြင်းကို (ဂေဟသိတ သောမနဿ) ကာမဂုဏ်ကို မှီသော ဝမ်းသာခြင်းဟူ၍ ဆိုအပ်၏"။ ဤသို့ အစရှိသော နည်းဖြင့် လာသော ကာမဂုဏ်ကို မှီသော ဝမ်းသာခြင်း သောမနဿသည် ပြည့်စုံခြင်းကို ရှုခြင်းအားဖြင့် သဘောတူခြင်း ကြောင့် မုဒိတာဗြဟ္မဝိဟာရ၏ နီးသော ရန်သူပေတည်း။

မုဒိတာ၏ သဘာဝဖြစ်သော မုဒိတာ၏ သဘောနှင့် သဘောမတူခြင်းကြောင့် သူ့စည်းစိမ်၌ မမွေ့လျော်ခြင်း-မနာလိုခြင်း (အရတိ)သည် ဝေးသော ရန်သူပေတည်း။ ထို့ကြောင့် ထိုဝေးသောရန်သူဖြစ်သော အရတိမှ စိုးရိမ်ကြောက်ရွံ့ခြင်း ကင်းလျက် မုဒိတာကို ပွားစေအပ်၏။ မစိုးရိမ်ရခြင်း အကြောင်းမှာ- သူ့စည်းစိမ်၌ ဝမ်းမြောက်သည်လည်း ဖြစ်စေအံ့၊ တောကျောင်းတို့၌ဌင်း, သမထ ဝိပဿနာဟူသော အလွန်အမြတ် ကုသိုလ် တရားတို့၌ဌင်း, မပျော်မမွေ့ငြီးငွေ့သည်လည်း ဖြစ်စေအံ့-ဟူသော ဤသို့ဖြစ်ရန် အကြောင်းမရှိသည် သာတည်း။[1]

---

[1] **အရတိ**-မမွေ့လျော်ခြင်းသည် သူတပါး၏ စည်းစိမ်ချမ်းသာကိုသာ မမြင်လိုခြင်း, မမွေ့လျော်ခြင်းက တစ်မျိုး၊ တောကျောင်း စသည်တို့၌ မမွေ့လျော်ခြင်းက တစ်မျိုး, ဤသို့အားဖြင့် ၂-မျိုးရှိ၏။ ထိုတွင် ဤအရာ၌ မုဒိတာဖြစ်လျှင် သူ့စည်းစိမ်၌ မမွေ့လျော်ခြင်း(မနာလိုခြင်း) အရတိ မဖြစ်နိုင်ဟူသော အနက်သာ လိုရင်းဖြစ်သည်။ တောကျောင်း စသည်၌ မမွေ့လျော်ခြင်း-အရတိ မဖြစ်နိုင်သည်မှာကား လိုရင်း-မဟုတ်။ သို့သော် ထိုအရတိ ကင်းခြင်းကိုလည်း ရနိုင်သည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤသို့ ပြဆိုထားသည်။ တနည်းကား-ကာယဝိဝေက စိတ္တဝိဝေကတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အရတိ ကင်းကွာလျှင် မုဒိတာ၏ ဆန့်ကျင်ဘက် (သူ့စည်းစိမ်၌ မမွေ့လျော်ခြင်း) အရတိကို လည်း လွယ်ကူစွာ ကင်းစေနိုင်သည်ဟု ပြခြင်းငှာ တစ်စိတ် တစ်ဒေသအားဖြင့် အရတိကို ပြသည်။ (ဋီကာ)

ဥပေက္ခာ၏ အနီး-အဝေး ရန်သူ

"ကိလေသာတို့ကို တစ်စိတ်တစ်ပိုင်းမျှ မအောင်နိုင်သေးသောသူ,[1] နောင်ဖြစ်မည့် ပဋ္ဌိသန္ဓေဝိပါက်ကို မအောင်နိုင်သေးသောသူ,[2] တွေဝေမှုမောဟ၌ အပြစ်တို့ကို မမြင်နိုင်သေးသောသူ,[3] ဟုဆိုအပ်သော မိုက်မဲ-တွေဝေသော ပုထုဇဉ်ပုဂ္ဂိုလ်အား အကြားအမြင် မရှိသော[4] ပုထုဇဉ်ပုဂ္ဂိုလ်အား မျက်စိဖြင့် အဆင်းကို မြင်ပြီးလျှင် ထိုအဆင်း၌ လျစ်လျူရှုခြင်း ဥပေက္ခာသည် ဖြစ်ပေါ်လာ၏။ ဤသို့သော လျစ်လျူရှုမှု ဥပေက္ခာသည် မြင်ရသော အဆင်းရှုပါရုံကို မလွန်မြောက်နိုင်၊ ထို့ကြောင့် ထိုဥပေက္ခာကို (ဂေပသိတ) ကာမဂုဏ်ကိုမှီသော ဥပေက္ခာဟု ဆိုအပ်၏" ဤသို့ အစရှိသောနည်းဖြင့် လာသော ဂေဟသိတ အညာဏုပေက္ခာ (ကာမဂုဏ်ကိုမှီသော မောဟ နှင့် ယှဉ်သော ဥပေက္ခာ) သည် အပြစ်နှင့် ဂုဏ်ကို မဆင်ခြင်မစဉ်းစားသည့် အလိုအားဖြင့် သဘောတူခြင်းကြောင့် ဥပေက္ခာ ဗြဟ္မဝိဟာရ၏ နီးသော ရန်သူပေတည်း။

ဌင်း၏ သဘာဝဖြစ်သော အညာဏုပေက္ခာနှင့် သဘောမတူခြင်းကြောင့် (၀၊) ဗြဟ္မဝိဟာရ ဥပေက္ခာ၏ သဘောနှင့် မတူခြင်းကြောင့် ရာဂနှင့် ဒေါသတို့သည် ဝေးသော ရန်သူတို့ပေတည်း။ ထို့ကြောင့် ထိုဝေးသော ရန်သူများ ဖြစ်ကြသော ရာဂနှင့်ဒေါသတို့မှ စိုးရိမ်ကြောက်ရွံ့ခြင်း ကင်းလျက် လျစ်လျူရှုကာ ဥပေက္ခာကို ပွားစေ အပ်၏။ မစိုးရိမ်ရခြင်း အကြောင်းမှာ- လျစ်လျူရှုသည်လည်း ဖြစ်စေလတ့ံ၊ တပ်မက်မှုရာဂကို, သို့မဟုတ် ထိပါး တိုက်ခိုက်မှု ပဋ္ဌိယ-ဒေါသကိုလည်း ဖြစ်စေလတ့ံ-ဟူသော ဤသို့ ဖြစ်လာရန် အကြောင်း မရှိသည်သာတည်း။

စ,လယ်,အဆုံးနှင့် အာရုံကို ပွားစေခြင်း

(၂၆၆) ဤအလုံးစုံသော ဗြဟ္မဝိဟာရတို့၏ အစ,အရင်းခံကား ယင်းတို့ကို ဖြစ်ပွားစေရန် အလိုရှိခြင်းဟူသော ကုသိုလ်ဆန္ဒပေတည်း။ အလယ်ကား- နီဝရဏစသည်တို့ကို ခွါခြင်းပေတည်း။ အဆုံးကား- အပွနာစျာန်ပေတည်း။ **ပညတ်တရားအလိုအားဖြင့်** တစ်ဦးသော သတ္တဝါသည်ဌင်း, များစွာကုန်သော သတ္တဝါတို့သည် သော်ဌင်း, ယင်းတို့၏ အာရုံပေတည်း။ ဥပစာရသို့ ရောက်သောအခါ၌သော်ဌင်း, အပွနာသို့ ရောက်သောအခါ၌ သော်ဌင်း အာရုံကို ပွားစေခြင်းသည် ဖြစ်နိုင်၏။

---

[1] သောတာပန်, သကဒါဂါမ်, အနာဂါမ် သေက္ခပုဂ္ဂိုလ်များသည် ကိလေသာတို့ကို တစ်စိတ်တစ်ပိုင်းအားဖြင့် အောင်နိုင်ပြီး ဖြစ်၏။ ထိုသို့သော သေက္ခပုဂ္ဂိုလ်မျိုး မဟုတ်ဟု ဆိုလို၏။

[2] ရဟန္တာသည် ပဋ္ဌိသန္ဓေဝိပါက်ကို အောင်နိုင်ပြီးသူ ဖြစ်၏။ ထို့ကြောင့် ဤစကားဖြင့် ရဟန္တာမဟုတ်ဟု သိစေ၏။

[3] ဝိပဿနာယောဂီသည် အာရုံတို့၏ အပြစ်, အာရုံကို မရှုမသိမှု မောဟ၏ အပြစ်တို့ကို မြင်သူမည်၏။ ထို့ကြောင့် ဤစကားဖြင့် ဝိပဿနာ ယောဂီလည်း မဟုတ်ဟု သိစေ၏။

[4] **ကြားနာမှတ်သားဖူးသော တရားစာပေသည် အာဂမသုတ-အကြား** မည်၏။ **အားထုတ်၍ ကိုယ်တိုင်တွေ့-သိမြင်မှုသည် အဓိဂမသုတ** မည်၏။ အထူးအားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို သိမှုပေတည်း။ ဌင်းကို အမြင်-ဟု ခေါ်သည်။ ထိုသို့သော **အကြားနှင့်အမြင်** မရှိသူဟု ဆိုလို၏။

ထိုသို့ ပွားစေရာ၌ ဤသည်ကား ပွားစေပုံ အစဉ်ပေတည်း။ ကျွမ်းကျင်သော လယ်သမားသည် ထွန်သင့်သော အရပ်ကို ပိုင်းခြားပြီး ထွန်သကဲ့သို့, ထို့အတူ လက်ဦးအစ၌ပင်လျှင် တစ်ခုသော ကျောင်း,အိမ် အဆောက်အဦကို ပိုင်းခြား၍ "ဤကျောင်း, ဤအိမ်၌ သတ္တဝါတို့သည် ရန်ကင်းကြပါစေ" ဤသို့ အစရှိသောနည်းဖြင့် ထိုကျောင်း-ထိုအိမ်ရှိ သတ္တဝါတို့၌ မေတ္တာကို ပွားစေအပ်၏။ ထိုကျောင်း,ထိုအိမ်ရှိ သတ္တဝါတို့၌ စိတ်ကို နူးညံ့-အောင် ခန့်ကျန်းသန်စွမ်းအောင် ပြုပြီးလျှင် ၂-ခုသော ကျောင်း-အိမ်တို့ကို ပိုင်းခြားအပ်ကုန်၏။ ထို့နောင် အစဉ်အတိုင်း ၃-ခုကုန်သော ကျောင်း-အိမ်တို့ကို၊ ၄-ခု, ၅-ခု, ၆-ခု, ၇-ခု, ၈-ခု, ၉-ခု, ၁၀-ခု ကုန်သော ကျောင်း-အိမ်တို့ကို, ၁-ခုသော လမ်းကို၊ ရွာထက်ဝက်ကို၊ ရွာ တစ်ရွာလုံးကို၊ ဧနပုဒ်-တိုင်း-နယ်ကို၊ တစ်ပြည်လုံးကို၊ တစ်ခု-သောအရပ် မျက်နှာကို ပိုင်းခြားအပ်၏။ ဤပုံ ဤနည်းဖြင့် စကြဝဠာ တစ်ခုလုံးတိုင်အောင်သော်၄င်း၊ ထိုထက်အလွန်သော်၄င်း ပိုင်းခြား၍ ထိုထိုအရပ်တို့၌ ရှိကြသော သတ္တဝါတို့၌ မေတ္တာကို ပွားစေအပ်၏။ ကရုဏာ စသည်တို့ကိုလည်း ထို့အတူပင်။ ဤသည်ကား ဤဗြဟ္မဝိဟာရတို့၌ အာရုံကို ပွားစေပုံ အစဉ်ပေတည်း။

နိဿန္ဒ အကျိုး

(၂၆၇) ထိုမှတပါး အရူပစျာန်တို့သည် ကသိုဏ်းစျာန်တို့၏ (ဝါ) ကသိုဏ်းစျာန်တို့မှ ထွက်ပေါ်လာသော အကျိုးသဖွယ် ဖြစ်သကဲ့သို့၄င်း၊ နေဝသညာနာသညာယတနစျာန်သည် ရူပစျာန်သမာဓိ, အောက်အရူပစျာန်သမာဓိတို့မှ ထွက်ပေါ်လာသော အကျိုးသဖွယ် ဖြစ်သကဲ့သို့၄င်း၊ ဖလသမာပတ်သည် ဝိပဿနာမှ ထွက်ပေါ်လာသော အကျိုးသဖွယ် ဖြစ်သကဲ့သို့၄င်း၊ နိရောဓသမာပတ်သည် သမထ ဝိပဿနာတို့မှ ထွက်ပေါ်လာသော အကျိုး သဖွယ် ဖြစ်သကဲ့သို့၄င်း, ထို့အတူ ဤလေးပါးသော ဗြဟ္မဝိဟာရတို့တွင် ဥပေက္ခာ ဗြဟ္မဝိဟာရသည် ရှေးဗြဟ္မဝိဟာရ သုံးပါးအပေါင်းမှ ထွက်ပေါ်လာသော အကျိုးသဖွယ် ဖြစ်ပေသည်။

ဥပမာ ပြရသော်- တိုင်တို့ကို မစိုက်ထူပဲ, ထုပ်လျောက်ကိုလည်း မတင်ပဲ ကောင်းကင်၌ အထွတ်အခြင်တို့ကို တင်ထားရန် မဖြစ်နိုင်သကဲ့သို့ ထို့အတူပင် ရှေးသုံးပါးသော ဗြဟ္မဝိဟာရတို့၌ ရသော တတိယစျာန်နှင့် ကင်း၍ စတုတ္ထ ဗြဟ္မဝိဟာရကို ပွားရန် မဖြစ်နိုင်ပေ။ ဤတွင် တစ်ရပ်ပြီး၏။

ဗြဟ္မဝိဟာရ မည်ကြောင်း စသည်

(၂၆၈) ဤအရာ၌ ဆိုလတံ့သော မေးခွန်း ဖြစ်နိုင်ပေ၏။ ဤ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့ကို အဘယ့်ကြောင့် ဗြဟ္မဝိဟာရဟု ခေါ်ဆိုအပ်ပါကုန်သနည်း? အဘယ့်ကြောင့် လေးပါးတို့သာလျှင် ဖြစ်ပါကုန်သနည်း? ဤမေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့၏ အစဉ်ကား အဘယ်ပါနည်း? အဘိဓမ္မာ၌ အဘယ့်ကြောင့် အပ္ပမညာဟု ဟောထားပါသနည်း?ဟူ၍ မေးခွန်း ဖြစ်နိုင်ပေသည်။

ဘာကြောင့် ဗြဟ္မဝိဟာရဟု ခေါ်

အဖြေကား- မြတ်သော အနက်သဘောကြောင့်၄င်း, အပြစ်ကင်းခြင်းကြောင့်၄င်း မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့ ဗြဟ္မဝိဟာရ မည်သည်၏ အဖြစ်ကို ရှေးဦးစွာ သိအပ်၏။ ချ၍ ပြရလျှင်- ဤမေတ္တာ စသည် ဖြင့် နေခြင်း(ဝိဟာရ)တို့သည် သတ္တဝါတို့၌ မှန်ကန်ကောင်းမွန်သော အကျင့်ဖြစ်သောကြောင့် အထူးသဖြင့် ချီးမွမ်းအပ- မြင့်မြတ်ကြပေသည်။ ထိုပြင် ဗြဟ္မာတို့သည် နီဝရဏစသော အပြစ်ကင်းသောစိတ်ရှိလျက် နေကုန် သကဲ့သို့ ထို့အတူ ဤမေတ္တာ စသည်တို့နှင့် ယှဉ်ကုန်သော ယောဂီတို့သည် ဗြဟ္မာတို့နှင့် တူကုန်လျက် နေကုန်၏။ ဤသို့ မြတ်သော အနက်သဘောကြောင့်၄င်း, အပြစ်ကင်းသည်၏ အဖြစ်ကြောင့်၄င်း ဗြဟ္မဝိဟာရဟူ၍ ခေါ်ဆို အပ်၏။

အဘယ့်ကြောင့် လေးပါးသာ ရှိ

(၂၆၉) အဘယ်ကြောင့် လေးပါးတို့သာလျှင် ဖြစ်ပါကုန်သနည်း? ဤသို့ အစရှိသော အမေး၏ အဖြေတို့ကား ဤဆိုလတံ့သော စကားပေတည်း-

"စင်ကြယ်ကြောင်း စသည်တို့၏ အစွမ်းအားဖြင့် ၄-ပါးတို့သာ ဖြစ်ကုန်၏။ ထိုမေတ္တာစသည်တို့၏ အစဉ် သည် အစီးအပွါးကို ပြုကျင့်ခြင်း စသော အခြင်းအရာတို့၏ အစွမ်းအားဖြင့် ဖြစ်၏။ ထိုမေတ္တာစသည် တို့သည် အတိုင်းအရှည် ပမာဏ ကင်းသောအာရုံ၌ ဖြစ်ကြသောကြောင့် အပွမည်သာ မည်ကုန်၏။"

ချ၍ပြအံ့- ဤမေတ္တာစသည်တို့တွင် မေတ္တာသည် ဗျာပါဒ,ဒေါသ အဖြစ်များသောသူ၏ စင်ကြယ်ကြောင်း ပေတည်း။ ကရုဏာသည် ညှင်းဆဲလိုမှု-ဝိဟေသာ အဖြစ်များသောသူ၏ စင်ကြယ်ကြောင်းပေတည်း။ မုဒိတာသည် သူ့စည်းစိမ်၌ မမွေ့လျော်မှု မနာလိုမှု အဖြစ်များသောသူ၏ စင်ကြယ်ကြောင်းပေတည်း။ ဥပေက္ခာသည် တပ်မက်မှု -ရာဂ အဖြစ်များသောသူ၏ စင်ကြယ်ကြောင်းပေတည်း။ ဤသို့ လေးဦးသောသူတို့၏ စင်ကြယ်ကြောင်း လေးပါး ဖြစ်သောကြောင့်လည်း ၄-ပါးတို့သာ ဖြစ်ကြသည်။)

ထိုပြင် အစီးအပွားကို ဆောင်ပေးခြင်း, အစီးအပွားမဲ့ အကျိုးမဲ့ကို ပယ်ခြင်း, ပြည့်စုံသော စည်းစိမ်တို့ကို ဝမ်းမြောက်ခြင်း, တဖက်သတ်ကျစေရန် နှလုံးမသွင်းခြင်းတို့၏ အစွမ်းအားဖြင့် သတ္တဝါတို့၌ နှလုံးသွင်းခြင်းသည် လေးပါးသာလျှင် ရှိ၏။ ထို့ကြောင့်လည်း ၄-ပါးတို့သာ ဖြစ်ကုန်၏။

ထိုပြင် မိခင်သည် သူငယ်, သူနာ, အရွယ်ရောက်သူ, သူ့ကိစ္စ-သူ ဆောင်ရွက်နေသူ ဟူသော သားလေးယောက်တို့တွင် သူငယ်သား၏ ကြီးထွားခြင်းကို အလိုရှိ၏။ သူနာသား၏ အနာရောဂါကို ပယ်ဖျောက်ခြင်းကို အလိုရှိ၏။ အရွယ်ရောက်သောသား၏ အရွယ်ကောင်းခြင်း, ပြည့်စုံခြင်း၌ ရှည်မြင့်စွာ တည်ခြင်းကို အလိုရှိ၏။

သူ့ကိစ္စသူ ဆောင်ရွက်နေသော သား၏ တစ်စုံတစ်ခုသော ကိစ္စ အလှည့်၌မျှ ကြောင့်ကြမစိုက်တော့သကဲ့သို့ ထို့အတူ အပွမညာခေါ် ဗြဟ္မစိုရ်တရားဖြင့် နေလေ့ရှိသော ရဟန်းသည်လည်း အလုံးစုံသော သတ္တဝါတို့၌ မေတ္တာ ပွားခြင်း စသည်တို့၏ အစွမ်းအားဖြင့် အပွမညာခေါ် ဗြဟ္မဝိဟာရတို့သည် ၄-ပါးတို့သာ ဖြစ်ကြပေသည်။

ဘာကြောင့် ဤသို့ စဉ်သနည်း?

ယင်းလေးပါးတို့၏ အစဉ်ကား လေးပါးသော ဤအပွမညာတို့ကို ပွားစေခြင်းငှာ အလိုရှိသော ပုဂ္ဂိုလ်သည် သတ္တဝါတို့၌ ရှေးဦးစွာ အစီးအပွားကို ပြုကျင့်သော အခြင်းအရာဖြင့် ဖြစ်ခြင်း အလိုအားဖြင့် ကျင့်အပ်၏။ မေတ္တာသည်လည်း အကျိုးစီးပွားကို ပြုကျင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိပေ၏။

ထို့နောင် ဤသို့ တောင့်တအပ်သော အစီးအပွားနှင့် ပြည့်စုံသော သတ္တဝါတို့အား ဆင်းရဲဒုက္ခ နှိပ်စက်ခြင်း ကို တွေ့မြင်ရသော်၄င်း, ကြားရ၍သော်၄င်း, ဝေဒနာသည်တို့၌ ဖြစ်နိုင်သည်ကို မြော်တွေးကြံဆ၍သော်၄င်း, ဆင်းရဲ ကို ပယ်ဖျောက်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း အလိုအားဖြင့် ကျင့်အပ်၏။ ကရုဏာသည်လည်း ဆင်းရဲကို ပယ်ဖျောက်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိပေ၏။

ထိုမှနောက်၌ ဤသို့တောင့်တသည့်အတိုင်း အစီးအပွားနှင့် ပြည့်စုံကြသည့်ပြင် တောင့်တသည့်အတိုင်း ဆင်းရဲလည်း ကင်းကုန်သော ထိုသတ္တဝါတို့၏ ပြည့်စုံသော စည်းစိမ်ကို တွေ့မြင်ရ၍ ပြည့်စုံသော စည်းစိမ်ကို ဝမ်းမြောက်သည့် အလိုအားဖြင့် ကျင့်အပ်၏။ မုဒိတာသည်လည်း ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။

ထိုမှနောက်၌မူ ပြုဖွယ်ကိစ္စ မရှိသောကြောင့် လျစ်လျူရှုခြင်းဟု ဆိုအပ်သော အလယ်အလတ်သဘော အခြင်းအရာအားဖြင့် (၀ါ) ဘက်မလိုက်ပဲ အလယ်၌တည်သော အခြင်းအရာအားဖြင့် ကျင့်အပ်၏။ ဥပေက္ခာသည် လည်း အလယ်၌တည်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိပေသည်။ ထို့ကြောင့် အစီးအပွားကို ပြုကျင့်ခြင်း အစရှိသော ဤအခြင်းအရာတို့၏ အစွမ်းအားဖြင့် ထိုမေတ္တာ စသည်တို့တွင် မေတ္တာကို ရှေးဦးစွာ ဟောတော်မူပေသည်။ ထို့နောင် ကရုဏာကို, ထို့နောင် မုဒိတာကို, ထို့နောင် ဥပေက္ခာကို ဟောတော်မူပေသည်-ဟူ၍ ဤအစဉ်ကို သိအပ်ပေသည်။

အဘယ့်ကြောင့် အပွမညာ ခေါ်သနည်း?

အပွမညာ ခေါ် ခြင်း၏ အကြောင်းကား အလုံးစုံသော ဤမေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့သည် အတိုင်းအရှည် ပမာဏကင်းသော အာရုံ၌ ဖြစ်ကုန်၏။ မှန်ပေ၏။ အတိုင်းအရှည် ပမာဏကင်းကုန်သော သတ္တဝါတို့သည် ဤမေတ္တာစသည်တို့၏ အာရုံဖြစ်ကြပေသည်။ သတ္တဝါတစ်ယောက်တည်း၏ သော်လည်း ဤမျှသော အစိတ်အပိုင်း၌သာလျှင် မေတ္တာစသည်တို့ကို ပွားစေအပ်သည်ဟု ဤသို့ အတိုင်းအရှည် ပမာဏကို မယူမူ၍ တစ်ယောက်လုံးကို ဖြန့်သည်၏ အစွမ်းအားဖြင့်သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် အပွမညာ မည်ကြပေသည်။

ထို့ကြောင့်-

"စင်ကြယ်ကြောင်း စသည်တို့၏ အစွမ်းအားဖြင့် ၄-ပါးတို့သာ ဖြစ်ကုန်၏။ ထိုမေတ္တာ စသည်တို့၏ အစဉ်သည် အစီးအပွားကို ပြုကျင့်ခြင်း စသော အခြင်းအရာတို့၏ အစွမ်းအားဖြင့် ဖြစ်၏။ ထိုမေတ္တာ စသည်တို့သည် အတိုင်းအရှည် ပမာဏကင်းသော အာရုံ၌ ဖြစ်ကြသောကြောင့် အပွမညာ မည်ကုန်၏" ဟု ဆိုခဲ့ပေသည်။

ရနိုင်သော စျာန်များ

(၂၇၀) ဤဆိုခဲ့သည့်အတိုင်း အတိုင်းအရှည် ပမာဏကင်းသော အာရုံရှိခြင်းဖြင့်-ဟူသော လက္ခဏာ ရှိကုန်သော်လည်း ဤအပွမညာ လေးပါးတို့တွင် ရှေ့သုံးပါးသည် စျာန် ၃-ပါး, ၄-ပါး အပေါင်းကိုသာ ရစေနိုင်ကုန်၏။ အဘယ်ကြောင့်နည်း?- သောမနဿနှင့် အမြဲ ယှဉ်သောကြောင့်ပေတည်း။ ဤသုံးပါးတို့၏ သောမနဿနှင့် ယှဉ်ခြင်းသည် အဘယ့်ကြောင့်ပါနည်း?ဟူမူ- ဒေါမနဿကြောင့် ဖြစ်ကုန်သော ဗျာပါဒ, ဝိဟိံသ, အရတိတို့၏ ထွက်သွားကြောင်း, ကင်းကြောင်း ဖြစ်သောကြောင့်ပေတည်း။ နောက်ဆုံးဖြစ်သော ဥပေက္ခာသည်ကား ကြွင်းကျန်သော စျာန်တစ်ပါးကိုသာ ဖြစ်စေနိုင်၏။ အဘယ့်ကြောင့်နည်း?- ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းကြောင့် တည်း။ မှန်ပေ၏။ သတ္တဝါတို့၌ အလယ်အလတ်သဘော အခြင်းအရာအားဖြင့် ဖြစ်သော ဗြဟ္မဝိဟာရပေက္ခာသည် ဥပေက္ခာဝေဒနာနှင့် ကင်း၍ မဖြစ်နိုင်ပေ။ ဤတွင် တစ်ရပ်ပြီး၏။

အယူအဆ မမှားရန် ရှင်းပြချက်

(၂၇၁) "မြတ်စွာဘုရားသည် အဂ်ုတ္တရ အဋ္ဌကနိပါတ်၌-

'ရဟန်း- သင်သည် ထိုအခါ၌ ဤသမာဓိကို ဝိတက်လည်းရှိ, ဝိစာရလည်းရှိအောင် ပွားလေလော့။ ဝိတက်လည်းမရှိ, ဝိစာရလည်း မရှိအောင် ပွားလေလော့။ ပီတိရှိအောင်လည်း ပွားလေလော့။ ပီတိ ကင်းအောင်လည်း ပွားလေလော့။ သာယာဖွယ်သုခနှင့်တကွ ဖြစ်အောင်လည်း ပွားလေလော။ ဥပေက္ခာနှင့်တကွ ဖြစ်အောင်လည်း ပွားလေလော့'ဟု-

အပွမညာ လေးပါးတို့၌လည်း အထူးမပြုပဲ သာမညအားဖြင့် ဟောတော်မူအပ်ပေသည်။ ထို့ကြောင့် အပွမညာ လေးပါးတို့သည် စျာန်လေးပါး, ငါးပါးအပေါင်းကို ဖြစ်စေနိုင်ကြသည်" ဟူ၍ အကြင်တစုံတယောက်က ဆိုငြားအုံ့။ ထိုသူကို ဤသို့ မဆိုပါလင့်-ဟု ပြောဆိုရာ၏။ မှန်ပေ၏။ ဤသို့ သာမညအားဖြင့်ဟောတိုင်း အတူပြု၍ ယူလျှင် ကာယာနုပဿနာ စသော သတိပဋ္ဌာန်တရား လေးပါးတို့သည်လည်း စျာန်လေးပါး, ငါးပါးအပေါင်းကို ဖြစ်စေနိုင်ကုန်ရာ၏။ သို့သော်လည်း ဝေဒနာနုပဿနာ

စသည်တို့၌ ပထမစျာန်သည်သော်လည်း မရှိပေ။ ဒုတိယစျာန် စသည်တို့ မရှိကြသည်မှာ ဆိုဖွယ်ရာ မရှိတော့ပြီ။ ထို့ကြောင့် သဒ္ဒါရိပ်မျှကို ယူ၍ မြတ်စွာဘုရားကို မစွပ်စွဲပါ လင့်။ မြတ်စွာဘုရား၏ စကားတော်သည် နက်နဲလှပါသည်၊ ထိုနက်နဲသော ဘုရားစကားတော်ကို ဆရာများထံ ချည်းကပ်မှီဝဲ၍ ဆိုလိုသော အဓိပ္ပါယ်အားဖြင့် ယူအပ် ယူသင့်ပေသည်။

(၂၇၂) ဆို၍ ပြဦးအံ့- ယခုပြဆိုမည့်စကားသည် ထိုဘုရားစကားတော်၌ ဆိုလိုသော အဓိပ္ပါယ်ပေတည်း-

"မြတ်စွာဘုရား- မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားကို ဟောစေချင်ပါသည်။

ထိုသို့ဟောလျှင် ကောင်းပါလိမ့်မည်။ မြတ်စွာဘုရား၏ ယင်းအကျဉ်းတရားကို ကြားနာပြီးလျှင် တပည့်တော်သည် တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် စိတ်ကို စေလွှတ်ကာ မမေ့မလျော့ အပြင်းအထန် အားထုတ်လျက် နေလိုပါသည်"ဟု...

ရဟန်းတစ်ပါးက တရားဟောရန် မြတ်စွာဘုရားကို လျှောက်ထား တောင်းပန်လေသည်။ ထိုရဟန်းသည် ရှေးက လည်း ဤကဲ့သို့ပင် တောင်းပန်၍ တရားနာပြီးလျှင် ရဟန်းတရားကိုကျင့်ရန် တခြားသို့မသွားပဲ ထိုအရပ်၌ သာလျှင် နေခဲ့ဖူးလေပြီ။ ထို့ကြောင့် ထိုရဟန်းကို မြတ်စွာဘုရားက- "ဤသာသနာတော်၌ အချို့သော အချည်းနှီး သော ယောက်ျားတို့သည် ဤသို့ပင်လျှင် ငါဘုရားကိုသာ တရားဟောဖို့ တောင်းပန်ကြသည်။ တရားကို ဟောပြီး-နာပြီးသော အခါ၌လည်း ငါဘုရားနောက်သို့သာ လိုက်နေသင့်သည်ဟု ထင်မှတ်နေကြသည်"ဟု ကြိမ်းမောင်း တော်မူပြီးလျှင် တဖန် ထိုရဟန်းမှာ အရဟတ္တဖိုလ်ရောက်ရန် ဥပနိဿယ အကြောင်းနှင့် ပြည့်စုံသည်ကို မြင်တော် မူသဖြင့် ထိုရဟန်းကို ဆုံးမတော်မူလျက်-

ရဟန်းတို့- ထိုသို့ သင်က လျှောက်ထားတောင်းပန်ခြင်းကြောင့် ဤ၌ သင်သည် ယခုညွှန်ပြမည့်အတိုင်း ကျင့်ရမည် - "ငါ၏စိတ်သည် ကမ္မဋ္ဌာန်းအာရုံဟူသော ဂေါစရအဇ္ဈတ္တ၌ တည်လတံ့, ကောင်းစွာ တည်လတံ့ (ဝါ) တည်ရမည်, ကောင်းစွာ တည်ရမည်။ ယုတ်မာသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်လာကုန်လျက် ငါ၏ စိတ်ကို အကုန်ဆောင်ယူ၍ မတည်ကုန်လတံ့ (ဝါ) ယူဆောင်သွားလျက် မတည်စေရဘူး[1]"ဟု ဤသိုပင် သင်သည် ကျင့်ရမည်"ဟု ဆုံးမ ဟောကြားတော်မူလေသည်။

---

[1] အကုသိုလ်တရားတို့က စိတ်ကို ဆောင်ယူသွားသည်-ဟူသည်မှာ ကုသိုလ်စိတ်ဖြစ်ခွင့်မရပဲ အကုသိုလ်နှင့် တပေါင်းတည်း, အကုသိုလ် စိတ်ချည်း ဖြစ်သွားသည်ကို ဆိုသည်။ ထို့ကြောင့် (စိတ္တံ ပရိယာဒါယ= စိတ်ကို အကုန်ဆောင်ယူ၍)ဟူရာ၌ ကုသိုလ်စိတ်ကို ကုန်စေ၍-ဟု အဌကထာတို့၌ ဖွင့်ပြပေသည်။

ဤသြဝါဒဖြင့် ပုဂ္ဂိုလ် အသီးအသီး၏ သန္တာန်၌ အတွင်းဝင်သော တရားဟူသော နိယကဇ္ဈတ္တ အလိုအား ဖြင့် ထိုရဟန်း၏ **စိတ်၏ တစ်ခုတည်းသော အာရုံရှိခြင်း(စိတ္တေကဂ္ဂတာ)**မျှ ဖြစ်သော မူလသမာဓိကို[1] ဟောပြ တော် မူပေသည်။ ထို့နောင် ဤမျှဖြင့်ပင် အားရ ကျေနပ်ခြင်းသို့ မရောက်သေးပဲ ထိုမူလ သမာဓိကိုပင် ယခု ပြဆို မည့်အတိုင်း ပွားစေရမည်"ဟု ပြဆိုတော်မူခြင်းငှာ-

"ရဟန်း- အကြင်အခါ၌ သင်၏စိတ်သည် ကမ္မဋ္ဌာန်းအာရုံဟူသော ဂေါစရအဇ္ဈတ္တ၌ တည်၏။ ကောင်းစွာ
တည်၏။ ယုတ်မာသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်လျက် သင်၏စိတ်ကို အကုန် ဆောင်ယူ၍ မတည်ကုန်။ ရဟန်း- ထိုအခါ၌ သင်သည် ဤသို့ ကျင့်ရမည်- ငါသည် မေတ္တာစေတောဝိမုတ္တိ (စိတ်၏ လွတ်-ကြောင်းဖြစ်သော မေတ္တာ)ကို ပွားစေအပ်ပြီးသည်, အကြိမ်များစွာ ပြုအပ်ပြီးသည်, မြဲမြံစွာ တည်စေအပ်ပြီးသည်, နိုင်နင်းအောင် လေ့ကျင့်အပ်ပြီးသည်, ကောင်းစွာ အားထုတ်အပ်ပြီးသည် ဖြစ်ပေလတံ့(ဝါ) ဖြစ်စေရမည်ဟု ဤသိုပင် သင်သည် ကျင့်ရမည်"ဟု ထိုရဟန်းအား မေတ္တာ၏ အစွမ်းအားဖြင့် ဘာဝနာကို (ဝါ) မေတ္တာပွားပုံကို ဤသို့ ဟောကြားတော်မူလေသည်။ ထိုသို့ ဟောကြားပြီး လျှင်-

"ရဟန်း- အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤဆိုခဲ့သည့်အတိုင်း ပွားစေအပ်ပြီး, အကြိမ်များစွာ ပြုအပ်ပြီး ဖြစ်၏။ ထိုအခါ၌ သင်သည် ပွားစေအပ်ပြီးသော ဤမူလသမာဓိကို ဝိတက်လည်းရှိ, ဝိစာရ-လည်းရှိအောင် ပွားလေလော့ ...ပ... ဥပေက္ခာနှင့်တကွ ဖြစ်အောင်လည်း ပွားလေလော့"ဟု ဟောတော် မူလေသည်။

ထိုဟောတော်မူသော ဒေသနာတော်၏ ဆိုလိုသော အနက်ကား- "ရဟန်း- အကြင်အခါ၌ သင်သည် ဤမူလသမာဓိကို ယခုပြဆိုခဲ့သည့်အတိုင်း မေတ္တာ၏ အစွမ်းအားဖြင့် ပွားစေအပ်ပြီး ဖြစ်၏။ ထိုအခါ၌

---

[1] **စိတ္တေကဂ္ဂတာမတ္တော-စိတ်၏ တစ်ခုတည်းသော အာရုံရှိခြင်းမျှဖြစ်သော သမာဓိဟူသည်ကား** = ဘာဝနာကို အားထုတ် သောသူသည် ရပြီးကာမျှဖြစ်၍ အလွန်ကောင်းစွာ မပွားရသေးသော သမာဓိပေတည်း။ ၎င်းကို နောက်၌ ပြဆိုမည့် သမာဓိ အထူးတို့၏ မူလအကြောင်း ဖြစ်သောကြောင့် မူလသမာဓိဟု ဆိုပေသည်။ **စိတ္တေကဂ္ဂတာမျှဖြစ်သော ဤသမာဓိကို ခဏိက သမာဓိဟု အလိုရှိအပ်၏။** အဘယ်ကဲ့သို့နည်း? ဟူမူ- ကမ္မဋ္ဌာန်းအာရုံဟူသော အဇ္ဈတ္တ၌သာလျှင် ငါသည် စိတ်ကို ကောင်းစွာ တည်စေ၏။ တမျိုးတည်းသော တည်ကြည်ပုံ အပိုင်းအခြားရှိအောင် ပြု၏။ ကောင်းစွာ ထား၏" ဤသို့ အစရှိသော ဒေသနာ တို့၌ ကဲ့သို့ပေတည်း။

ဥပမာဖြင့် ထင်စွာပြအံ့- "ရဟန်းတို့-ငါ၏ ဝီရိယသည် အားထုတ်ပြီး ဖြစ်ခဲ့ပြီ၊ မတွန့်ဆုတ်ခဲ့ပြီ၊ ...ပ... ၊ စိတ်ကို ကောင်းစွာ ထားအပ်ခဲ့ပြီ၊ တခုတည်းသော အာရုံရှိခဲ့ပြီ"ဟု မိန့်ဆိုတော်မူပြီးနောက် "ကာမတို့မှ ကင်းဆိတ်၍သာလျှင် ...ပ... ပထမစျာန်သို့ ရောက်၍ နေခဲ့ပြီ" ဤသို့ အစရှိသော စကားကို ဟောတော်မူသောကြောင့် တပါးသော ဒေသနာတို့၌လည်း ရှေးဦးစွာ ဟောထားသော စိတ္တေကဂ္ဂတာကို ခဏိက သမာဓိဟု သိအပ်သကဲ့သို့ ထို့အတူပင် ဤသြဝါဒဒေသနာ၌လည်း စိတ္တေကဂ္ဂတာမျှ သမာဓိကို **ခဏိကသမာဓိ**ဟု သိအပ်ပေသည်။ (ဋီကာ)

သင်သည် ထိုမျှလောက်ဖြင့်လည်း အားရကျေနပ်ခြင်းသို့ မရောက်သေးပဲသာလျှင် ဤမူလသမာဓိကို ပထဝီကသိုဏ်းစသော တပါးသော အာရုံတို၌လည်း စျာန်လေးပါး စျာန်ငါးပါးအပေါင်းကို ရောက်စေလျက် ဝိတက်လည်းရှိ, ဝိစာရလည်း ရှိသော စျာန်ဖြစ်အောင် ဤသို့ အစရှိသောနည်းဖြင့် ပွားလေလော့-ဟု ဆိုလိုပေသည်။

ဆက်၍ ဆိုဦးအံ့- ဤသို့ဟောတော်မူပြီးလျှင် တဖန် "ကရုဏာ အစရှိသော ကြွင်းသော ဗြဟ္မဝိဟာရ သုံးပါးကို ရှေ့သွားပြု၍လည်း ပထဝီကသိုဏ်း အစရှိသော တပါးသော အာရုံတို၌ စျာန်လေးပါး စျာန်ငါးပါး အပေါင်း၏ အစွမ်းအားဖြင့် ဘာဝနာကို ပြုလေလော့"ဟု ထိုရဟန်းအား ပြတော်မူလို၍-

"ရဟန်း- အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤဆိုခဲ့သည့်အတိုင်း ပွားစေအပ်ပြီး, အကြိမ်များစွာ ပြုအပ်ပြီး ဖြစ်၏။ ထိုအခါ၌ သင်သည် ဤသို့ ကျင့်ရမည်- ငါသည် ကရုဏာ စေတောဝိမုတ္တိကို ပွားစေ အပ်ပြီးသည် ဖြစ်ပေလတံ့" ဤသို့ အစရှိသည်ကို ဟောကြားတော် မူလေသည်။

ဤသို့ မေတ္တာစသည် ရှေ့သွားရှိသော စျာန်လေးပါး, စျာန်ငါးပါးအပေါင်း၏ အစွမ်းအားဖြင့် ဘာဝနာကို ပြတော်မူပြီးလျှင် တဖန် ကာယာနုပဿနာ စသည် ရှေ့သွားရှိသော ဘာဝနာကို ပြတော်မူခြင်းငှာ-

"ရဟန်း- အကြင်အခါ၌ သင့်မှာ ဤသမာဓိကို ဆိုခဲ့ပြီးသည့်အတိုင်း ပွားစေအပ်ပြီး, အကြိမ်များစွာ ပြုအပ်ပြီး ဖြစ်၏။ ထိုအခါ သင်သည် ဤသို့ ကျင့်ရမည်၊ ကာယ၌ ကာယကို ရှုသည်ဖြစ်၍ နေအံ့"

ဤသို့ အစရှိသည်ကို ဟောတော်မူပြီးလျှင်-

"ရဟန်း- အကြင်အခါ၌ သင့်မှာ ဤသမာဓိကို ဤသို့ ပွားစေအပ်ပြီး, ကောင်းစွာ ပွားစေအပ်ပြီး ဖြစ်လတံ့၊ ထိုအခါ၌ သင်သည် သွားရာ သွားရာ အရပ်တိုင်း၌ပင် ချမ်းသာစွာသာလျှင် သွားရပေလတံ့။ ရပ်ရာ ရပ်ရာ အရပ်တိုင်း၌ပင် ချမ်းသာစွာသာလျှင် ရပ်ရလတံ့။ ထိုင်ရာ ထိုင်ရာ အရပ်တိုင်း၌ပင် ချမ်းသာ
စွာသာလျှင် ထိုနေရပေလတံ့။ လျောင်းရာ လျောင်းရာ အရပ်တိုင်း၌ပင် ချမ်းသာစွာသာလျှင် လျောင်းနေ ရပေလတံ့"ဟု -

အရဟတ္တဖိုလ်ကို အထွတ်တပ်သဖြင့် ဒေသနာတော်ကို ပြီးဆုံးစေတော်မူ၏။ ထို့ကြောင့် မေတ္တာ အစရှိ သော ရှေးဗြဟ္မဝိဟာရ သုံးပါးတို့သည် စျာန်သုံးပါး, စျာန်လေးပါး အပေါင်းကိုသာ ဖြစ်စေနိုင်ကုန်၏။ ဥပေက္ခာ သည်ကား ကြွင်းသော စျာန်တပါးကိုသာ ဖြစ်စေနိုင်၏-ဟု သိအပ်ပေသည်။ မှန်ပေ၏။ အဘိဓမ္မာပိဋကတ်၌ ထိုအတိုင်းပင် ဝေဘန်ထားပေသည်။

သုဘပရမ စသည်-

(၂၇၃) ဤဆိုခဲ့သည့်အတိုင်း ဈာန်သုံးပါး, လေးပါးကို ဖြစ်စေနိုင်သည်၏ အစွမ်းအားဖြင့်၄င်း, ကြွင်းသော ဈာန်တပါးကို ဖြစ်စေနိုင်သည်၏ အစွမ်းအားဖြင့်၄င်း နှစ်ပါးအပြားအားဖြင့် တည်ကုန်သော ဤဗြဟ္မဝိဟာရ လေးပါးတို့၏ (သုဘပရမ) သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသော မေတ္တာစေတောဝိမုတ္တိ စသည်တို့၏ အစွမ်း အားဖြင့် အချင်းချင်း မတူပဲ ကွဲပြားသော အာနုဘော် အထူးကို သိအပ်၏။ မှန်ပေ၏။ **ဟလိဒ္ဒဝသနသုတ်**၌ ဤ မေတ္တာစေတောဝိမုတ္တိ စသည်တို့ကို သုဘပရမ စသည်၏ အဖြစ်ဖြင့် အထူးပြု၍ ဟောတော်မူပေသည်။ ဟောတော်မူပုံမှာ-

"ရဟန်းတို့- မေတ္တာစေတောဝိမုတ္တိကို (သုဘပရမ) သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသည်ဟု ငါဟောပေ၏။ ရဟန်းတို့- ကရုဏာစေတောဝိမုတ္တိကို အာကာသာနဉ္စာယတန သမာပတ်လျှင် အလွန်အမြတ် ရှိသည်ဟု ငါဟောပေ၏။ ရဟန်းတို့- မုဒိတာ စေတောဝိမုတ္တိကို ဝိညာဏဉ္စာယတန သမာပတ်လျှင် အလွန်အမြတ် ရှိသည်ဟု ငါဟောပေ၏။ ရဟန်းတို့- ဥပေက္ခာစေတောဝိမုတ္တိကို အာကိဉ္စညာယတန သမာပတ်လျှင် အလွန် အမြတ်ရှိသည်ဟု ငါဟောပေ၏" ဟူ၍ပင်တည်း။

အမေးနှင့် အဖြေ-

မေးခွန်းသွင်း၍ ရှင်းပြပါအုံ့။ ဤစေတောဝိမုတ္တိတို့ကို အဘယ့်ကြောင့် ဤသို့ ဟောအပ်ကုန်သနည်းဟူမူ-

သုဘဝိမောက္ခ စသော ထိုထိုဝိမောက္ခ၏ မှီရာအကြောင်း ဥပနိဿယ ဖြစ်ခြင်းကြောင့်ပေတည်း။ ချဲ့၍ပြအုံ့- မေတ္တာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား သတ္တဝါတို့သည် စက်ဆုပ်ဖွယ်မဟုတ်မူ၍ ချစ်ဖွယ်တို့ ဖြစ်ကြ၏။ ထိုသို့ ထင်သောအခါ စက်ဆုပ်ဖွယ်မဟုတ်သော အခြင်းအရာဖြင့် အလေ့အကျင့်ရခြင်းကြောင့် စက်ဆုပ်ဖွယ်မဟုတ်ကုန် သော အညိ, အရွှေ, အနီ, အဖြူ ဟူသော စင်ကြယ်သောအဆင်းတို့၌ စိတ်ကို ဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏ စိတ်သည် ယင်းစင်ကြယ်သော အဆင်းကသိုဏ်းတို့၌ မဆင်းရဲ မခက်ခဲပဲ ချမ်းသာလွယ်ကူစွာသာလျှင် ပြေးဝင်၏။ ဤသို့ ဖြစ်သောကြောင့် မေတ္တာသည် စင်ကြယ်သော အဆင်းကသိုဏ်းဈာန်ဟူသော သုဘဝိမောက္ခ၏ မှီရာ အကြောင်း ဥပနိဿယ ဖြစ်ပေ၏။ ထို့ထက်အလွန် အခြားဝိမောက္ခအကြောင်း ဥပနိဿယကား မဖြစ်ပေ။ ထို့ကြောင့် သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူပေသည်။

ထိုမှတပါး ကရုဏာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား ဒုတ်ဖြင့်ရိုက်နှက်ခံရသော ရုပ်အစရှိသော ရုပ်လျှင် အကြောင်းရှိသော သတ္တဝါတို့မှာ ဖြစ်နိုင်သော ဆင်းရဲကို ရှုဆင်ခြင်လျှက် သနားခြင်းကရုဏာ ဖြစ်သင့်ခြင်းကြောင့် ရုပ်၌ အပြစ်သည် အလွန်ထင်ရှားပေ၏။ ထိုသို့ အလွန်ထင်ရှားသောအခါ ရုပ်၌ အပြစ်ကို ထင်ရှားသိပြီး

ဖြစ်သောကြောင့် ပထဝီကသိုဏ်း အစရှိသော ရူပ်ကသိုဏ်းတို့တွင် တပါးပါးကို ခွါ၍ ရူပ်၏ ထွက်ပြေး ကင်းကွာ ကြောင်းဖြစ်သော ကောင်းကင်ပညတ်၌ စိတ်ကို ဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏ စိတ်သည် ယင်းကောင်းကင်ပညတ်၌ စိတ်ကို ဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏ စိတ်သည် ယင်းကောင်းကင်ပညတ်၌ မဆင်းရဲ မခက်ခဲပဲ ချမ်းသာလွယ်ကူစွာ
သာလျှင် ပြေးဝင်၏။ ဤသို့ ဖြစ်သောကြောင့် ကရုဏာသည် အာကာသာနဉ္စာယတန သမာပတ်၏ မှီရာ အကြောင်း ဥပနိဿယ ဖြစ်ပေ၏။ ထို့ထက်အလွန် အခြားဝိမောက္ခ အကြောင်း ဥပနိဿယကား မဖြစ်ပေ။ ထို့ကြောင့် အာကာသာနဉ္စာယတန သမာပတ်လျှင် အလွန်အမြတ် ရှိသည်ဟု ဟောတော်မူပေသည်။

ထိုမှတပါး မုဒိတာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား ထိုထိုဝမ်းမြောက်ခြင်း၏ အကြောင်းကြောင့်ဖြစ်သော ဝမ်းမြောက်မှု ရှိကြသော သတ္တဝါတို့၏ စိတ်ဝိညာဏ်ကို ရှုဆင်ခြင်လျက် ဝမ်းမြောက်မှု မုဒိတာဖြစ်သင့်ခြင်း ကြောင့် ဝိညာဏ်ကို ယူခြင်း၌ အလေ့အကျင့်ရသော စိတ်သည် ဖြစ်၏။ ထိုသို့ဖြစ်သောအခါ ဘာဝနာအစဉ်ဖြင့် ရပြီးသော အာကာသာနဉ္စာယတနစျာန်ကို ကျော်လွန်၍ ကောင်းကင်ပညတ်၌ အာရုံရှိသော အာကာသာနဉ္စာ-ယတနဝိညာဏ်၌ စိတ်ကို ဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏စိတ်သည် ယင်းဝိညာဏ်၌ မဆင်းရဲ မခက်ခဲပဲ ချမ်းသာ လွယ်ကူစွာ ပြေးဝင်၏။ ဤသို့ ဖြစ်သောကြောင့် မုဒိတာသည် ဝိညာဏဉ္စာယတန သမာပတ်၏ မှီရာအကြောင်း ဥပနိဿယ ဖြစ်ပေသည်။ ထို့ထက်အလွန် အခြားဝိမောက္ခ အကြောင်း ဥပနိဿယကား မဖြစ်ပေ။ ထို့ကြောင့် ဝိညာဏဉ္စာယတန သမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူပေသည်။

ထိုမှတပါး ဥပေက္ခာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား သတ္တဝါတို့သည် 'ချမ်းသာကြပါစေ'ဟူ၍သော်ငြား၊ 'ဆင်းရဲမှ လွတ်ကြပါစေ'ဟူ၍ သော်ငြား၊ 'ရပြီးသော ချမ်းသာမှ မကင်းကွာကြပါစေလင့်' ဟူ၍သော်ငြား နှလုံးသွင်း ဆင်ခြင်မှု၏ မရှိခြင်းကြောင့် သုခ,ဒုက္ခ စသော ပရမတ်သဘောကို ယူခြင်းမှ မျက်နှာလွှဲသောအားဖြင့် ထင်ရှားမရှိသော ပညတ်ကို ယူခြင်း၌ ကျွမ်းကျင်သောစိတ်သည် ဖြစ်၏။ ထိုသို့ဖြစ်သောအခါ၌ ပရမတ်သဘောကို ယူခြင်းမှ မျက်နှာလွှဲသောအားဖြင့် အလေ့အကျင့်ရသည့် စိတ်ရှိသော ပရမတ်အားဖြင့် ထင်ရှားမရှိသော ပညတ်ကို ယူခြင်း၌ ကျွမ်းကျင်သည့် စိတ်လည်းရှိသော ထိုပုဂ္ဂိုလ်မှာ ဘာဝနာအစဉ်ဖြင့် ရပြီးသော ဝိညာဏဉ္စာယတနစျာန် ကို ကျော်လွန်၍ ပရမတ်သဘောဖြစ်သော အာကာသာနဉ္စာယတန ဝိညာဏ်၏ မရှိခြင်းဟူသော သဘောအားဖြင့် ထင်ရှားမရှိသော အဘာဝပညတ်၌ စိတ်ကို ဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏ စိတ်သည် ယင်းအဘာဝပညတ်၌ မဆင်းရဲ မခက်ခဲပဲ ချမ်းသာလွယ်ကူစွာ ပြေးဝင်၏။ ဤသို့ ဖြစ်သောကြောင့် ဥပေက္ခာသည် အာကိဉ္စညာယတန သမာပတ် ၏ မှီရာအကြောင်း ဥပနိဿယ ဖြစ်ပေ၏။

ထို့ထက်အလွန် အခြားဝိမောက္ခ အကြောင်း ဥပနိဿယကား မဖြစ်ပေ။ ထို့ကြောင့် အာကိဉ္စညာယတန သမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူပေသည်။

ပါရမီစသည် ပြည့်ကြောင်းလည်း ဖြစ်၏-

(၂၇၄) ဤဆိုခဲ့သည့်အတိုင်း သုဘပရမ စသည်တို့၏ အစွမ်းအားဖြင့် ဤအပွမညာတို့၏ အာနုဘော်ကို သိပြီးလျှင် ဤအပွမညာ အားလုံးတို့ပင် ဒါနအစရှိသော အလုံးစုံသော တရားကောင်း တရားမြတ်တို့ကို ပြည့်စေတတ်ကြသည်ဟူ၍လည်း တဖန် သိအပ်၏။

ချ၍ ပြဦးအုံ- သတ္တဝါတို့၌ အစီးအပွားကို လိုလားခြင်းဖြင့်၄င်း, သတ္တဝါတို့၏ ဆင်းရဲကို သည်းမခံနိုင်ခြင်း ဖြင့်၄င်း, ရပြီးသော စည်းစိမ်အထူးတို့ကို ရှည်စွာ တည်စေလိုခြင်းဖြင့်၄င်း, သတ္တဝါအားလုံးတို့၌ တဖက်သတ် မကျ ခြင်း, ဘက်မလိုက်ခြင်းဖြင့်၄င်း အညီအမျှဖြစ်သည့် စိတ်ရှိကုန်သော ဘုရားအလောင်းတော်တို့သည် "ဤသူအား ပေးကမ်းသင့်၏။ ဤသူအား မပေးကမ်းသင့်"ဟု ခွဲခြားခြင်းကို မပြုမူ၍ ချမ်းသာ၏ အကြောင်းရင်းဖြစ်သော အလှူဝတ္ထုဒါနကို ရောက်လာသော အလှူခံသတ္တဝါတို့အား ပေးလှူကုန်၏။ မခွဲခြားပဲ ထိုသတ္တဝါတို့အား ညှဉ်းဆဲနှိပ် စက်ခြင်းကို ကြဉ်ရှောင်ကုန်လျက် ချမ်းသာခြင်း၏ အကြောင်းဖြစ်သော သီလကို ခံယူဆောက်တည်ကုန်၏။ သီလ ပါရမီကို ဖြည့်ကျင့်ခြင်းငှာ တောထွက်ခြင်း, ရှင်ရဟန်းပြုခြင်းသို့ ချဉ်းကပ်ကုန်၏။ သတ္တဝါတို့၏ အစီးအပွားနှင့် စီးပွားမဲ့ အမှုတို့၌ မတွေဝေခြင်း အကျိုးငှာ ပညာကို ဖြူစင်စေကုန်၏။ သတ္တဝါတို့၏ စီးပွားချမ်းသာအကျိုးငှာ လုံ့လဝီရိယကို အမြဲမပြတ် အားထုတ်ကုန်၏။ မြတ်သော ဝီရိယ၏အစွမ်းဖြင့် အားထုတ်ပြုလုပ်ရန် ရဲရင့်ခြင်းသို့ ရောက်ကုန်သော်လည်း သတ္တဝါတို့၏ အမျိုးမျိုးသော ကျုံးလွန်ပြစ်မှားသည့် အပြစ်ကို မတုံ့ပြန်ပဲ သည်းခံကုန်၏။

"ဤအရာကို သင်တို့အားပေးမည်, ပြုလုပ်ဆောင်ရွက်မည်"ဟု ပြုပြီးသော ဝန်ခံချက်ကို မချုတ်ယွင်းစေကုန်။ ထိုသတ္တဝါအားလုံးတို့၏ စီးပွားချမ်းသာအလို့ငှာ မတုန်မလှုပ် ခိုင်မြဲသော ဆောင်တည်မှု(အဓိဋ္ဌာန်) ရှိကုန်၏။ ထိုသတ္တဝါတို့၌ ဆန့်ကျင်ဘက်ကြောင့် တုန်လှုပ်ခြင်းမရှိသော မေတ္တာဖြင့် လက်ဦးစ,ကာ ကျေးဇူးပြုလေ့ရှိကုန်၏။ ဥပေက္ခာဖြင့် ကျေးဇူးတုံ့ကို မတောင့်တ မမြော်လင့်ကုန်။ သတ္တဝါတို့၏ အစီးအပွားကို အလိုရှိခြင်း အစ ရှိသော ဤပုံ ဤနည်းဖြင့် ပါရမီတော်တို့ကို ပြည့်စေပြီး၍ ဒသဗလဉာဏ်တော် ၁၀-ပါး, စတုဝေသာရဇ္ဇဉာဏ်တော် ၄-ပါး, အသာဓာရဏဉာဏ်တော် ၆-ပါး, ဗုဒ္ဓမမ္မခေါ်ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတရား ၁၈-ပါးတိုင်အောင် အပြားရှိကုန်သော အလုံးစုံသော တရားကောင်း တရားမြတ်တို့ကို လုံးဝဥဿုံ ပြည့်စုံစေတတ်ကုန်၏။ ထို့ကြောင့် ဤအပွမညာတို့သည် ဤဆိုခဲ့သည့်အတိုင်း ဒါနပါရမီ အစရှိသော အလုံးစုံသော တရားကောင်း တရား မြတ်ကို လုံးဝ ပြည့်စေတတ်ကုန်သည်သာလျှင်တည်း။ ဤတွင် စကားတစ်ရပ် ပြီး၏။

(၉)ဗြဟ္မဝိဟာရ နိဒ္ဒေသ 58

ဤကား သမာဓိဘာဝနာအရာ၌ ဗြဟ္မဝိဟာရကို အကျယ်ပြချက်(ဗြဟ္မဝိဟာရ နိဒ္ဒေသ) မည်သော ၉-ခုမြောက်ဖြစ်သော အပိုင်းအခန်း ပေတည်း။

ဗြဟ္မဝိဟာရ အကျယ်ပြချက် ပြီး၏။